လယ်ယာ စီးပွား သတင်း
The Agri-Business News


**မျှော်မှန်းချက် (Vision)**

အားလုံးပါဝင်ပြီး နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် ရေရှည်တည်တံ့သော လယ်ယာကုန်ထုတ်လုပ်မှုစနစ် ထွန်းကားစေခြင်းဖြင့် စားနပ်ရိက္ခာဖူလုံ၍ အာဟာရပြည့်ဝစေပြီး ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားလာစေရန်နှင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန်။


နှစ်ပတ်တစ်ကြိမ် ဗုဒ္ဓဟူးနေ့တိုင်း ထုတ်ဝေသည် ၁၃၈၀ ခုနှစ်၊ တန်ခူးလဆန်းကျော် ၅ ရက်၊ ဗုဒ္ဓဟူးနေ့ (24-4-2019) အမှတ် (၇၅၃)
www.moai.gov.mm


# စစ်မှန်ပြီး အရည်အချင်းပြည့်ဝသည့် ခေါင်းဆောင်၏ဦးဆောင်မှုနှင့် ပြည်သူ့အင်အားသည် အလွန်အရေးကြီး မြန်မာ့ကျေးရွာသစ်ခေါင်းဆောင်များညီလာခံ (Myanmar Saemaul Leadership Forum) ကျင်းပ

**နေပြည်တော် ဧပြီ ၉**

**အောင်မြင်သောကျေးရွာတိုင်းတွင် ထူးချွန်ထက်မြက်သောခေါင်းဆောင်ကောင်းများရှိကြသည်ဆိုသည့် အတိုင်း မိမိကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အတွက် အနစ်နာခံ အပင်ပန်းခံပြီး ရှေ့ဆောင်လမ်းပြ ဆောင်ရွက်ပေး ရမည့် ခေါင်းဆောင်ကောင်းများဖြစ် အောင် ကြိုးစားအားထုတ်ခြင်းဖြင့် စံနမူနာကောင်းများပြကာ ကျေးရွာသူ၊ ကျေးရွာသားများနှင့် အတူတကွ ပူးပေါင်းဆောင်ရွက်မှသာလျှင် ဖွံ့ဖြိုး ရေးလုပ်ငန်းများ အောင်မြင်မှုရရှိလာမှာ ဖြစ်ကြောင်း။ စစ်မှန်ပြီး အရည်အချင်း ပြည့်ဝသည့်ခေါင်းဆောင်၏ ဦးဆောင် မှုနှင့်နောက်ကနေ အတူတကွပူးပေါင်း ဆောင်ရွက်မည့် ပြည်သူ့အင်အားသည် အလွန်အရေးကြီးကြောင်း ယနေ့နံနက် ၈ နာရီခွဲက နေပြည်တော် ပြည်ထောင်စု နယ်မြေ၊ ဇေယျာသီရိမြို့နယ်၊ ရေဆင်း ရှိ စိုက်ပျိုးပညာပေးရေးနှင့် ကျေးလက် ဒေသဖွံ့ဖြိုးရေး သင်တန်းကျောင်း၌ ကျင်းပသည့်ကျေးရွာသစ်ခေါင်းဆောင် များ ညီလာခံ (Myanmar Saemaul Leadership Forum)တွင် ပြည်ထောင်စု ဝန်ကြီး ဒေါက်တာအောင်သူက ပြော ကြားသည်။ (ပုံ)**



အမျိုးသားလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌ ဦးအောင်ကြည်ညွှန့်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ တာဝန် ရှိသူများ၊ စီမံကိန်းကျေးရွာများမှ ကျေးရွာ ခေါင်းဆောင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စု ဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာ၌ မြန်မာ့ကျေးလက်ဒေသများ ဖွံ့ဖြိုးရေး အတွက် ကိုယ့်အားကိုယ်ကိုးခြင်း၊ လုံ့လ ဝီရိယရှိခြင်းနှင့်ပူးပေါင်းဆောင်ရွက်ခြင်း စသည့် ဆယ်မာအူးလ်အွန်ဒုန်စိတ်ဓာတ် များကို အခြေခံပြီး ဆောင်ရွက်ကြရာတွင် ကျေးရွာခေါင်းဆောင်များ၊ ကျေးရွာသူ ကျေးရွာသားများ၏ တက်ကြွစွာ ပူးပေါင်း ပါဝင်ကြိုးပမ်းခဲ့ကြမှုကြောင့် စီမံကိန်းဝင် ကျေးရွာများအားလုံး သိသာသော တိုးတက်အောင်မြင်မှုများ ရရှိနေမှုအပေါ် မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် ဆယ်မာအူးလ်အွန်ဒုန် စီမံကိန်းကို တိုင်းဒေသကြီး/ပြည်နယ် ၁၀ ခု၊ မြို့နယ် ၂၇ မြို့နယ်ရှိ ရွေးချယ်စံပြ ကျေးရွာ ၁၁၀ တွင် အကောင်အထည် ဖော် ဆောင်ရွက်လျက်ရှိရာ ရပ်ပိုင်း စိတ်ပိုင်းဖွံ့ဖြိုးမှုရလဒ်ကောင်းများ ရရှိနေ သကဲ့သို့ ဖွံ့ဖြိုးတိုးတက်လာမှုအောင်မြင် မှုများကို ရေရှည်တည်တံ့စေရေးနှင့် အခြား ကျန်ရှိနေသေးသည့်ကျေးရွာများပါ ဖွံ့ဖြိုး တိုးတက်လာစေရေးအတွက် ရှေ့ဆောင် လမ်းပြဖြစ်လာအောင် ဆက်လက် ကြိုးပမ်းဆောင်ရွက်သွားကြရမှာ ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသံအမတ်ကြီး H.E Mr.Lee Sang - hwa က မြန်မာနိုင်ငံတွင် ဆယ်မာအူးလ်အွန်ဒုန်စီမံကိန်း အကောင် အထည်ဖော် ဆောင်ရွက်ခဲ့မှုနှင့် စီမံကိန်းဝင် ကျေးရွာများ၏ အောင်မြင်မှုများအတွက် ဂုဏ်ပြုစကားပြောကြားသည်။

ထို့နောက် ရှမ်းပြည်နယ်၊ တောင်ကြီး မြို့နယ် ညောင်စဉ်စံပြကျေးရွာခေါင်းဆောင် ဦးခွန်ချမ်းသာက ဆယ်မာအူးလ်အွန်ဒုန် စီမံကိန်း အတွေ့အကြုံ ရလဒ်များကို ရှင်းလင်းတင်ပြသည်။

အခမ်းအနားတွင် ပြည်ထောင်စု ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများ က ထူးချွန်စံပြကျေးရွာဆုများ၊ ထူးချွန် ဝန်ထမ်းဆုရရှိသူများကို ထူးချွန်ဆုနှင့်


စာ - ၂ သို့





**ပြည်ထောင်စုဝန်ကြီးဒေါက်တာအောင်သူ ကိုရီးယားသံအမတ်ကြီးအား ဂုဏ်ပြု အမှတ်တရလက်ဆောင် ပေးအပ်စဉ်။**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံနှစ်နိုင်ငံတို့၏ ချစ်ကြည်ရင်းနှီးမှုကို အရင်းခံပြီး ကျင်းပ သော ကျေးရွာသစ်ခေါင်းဆောင်များ ညီလာခံ (Myanmar Saemaul Leadership Forum) သို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ ဒေါက်တာရဲမြင့်ဆွေ၊ နေပြည်တော် ကောင်စီဝင် ဦးအေးမောင်စိန်၊ တိုင်းဒေသကြီး/ပြည်နယ်များမှ လယ်ယာ ကဏ္ဍဆိုင်ရာဝန်ကြီးများ၊ မြန်မာနိုင်ငံ ဆိုင်ရာကိုရီးယားသံအမတ်ကြီးနှင့် ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ရေးအေဂျင်စီ (KOICA) မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်တွင်းပြည်ပ

# ဒုတိယဝန်ကြီး ဦးလှကျော် နယ်သာလန်နိုင်ငံ ကိုယ်စားလှယ်များနှင့် တွေ့ဆုံ စိုက်ပျိုးရေးသိပ္ပံများ ဖွံ့ဖြိုးရေးနှင့် စိုက်ပျိုးရေးကောလိပ် ဖွင့်လှစ်သင်ကြားရေး ဆွေးနွေး



**နေပြည်တော် ဧပြီ ၃**

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်သည် အမြဲတမ်းအတွင်းဝန် ဦးကျော်ငွေနှင့် ညွှန်ကြားရေး မှူးချုပ်များ၊ စိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခချုပ်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူ များနှင့်အတူ ယနေ့နံနက်ပိုင်းက နယ်သာလန်နိုင်ငံ AERES Group မှ Mr.Ariede.Jong ဦးဆောင်သော ကိုယ်စားလှယ် အဖွဲ့အား နေပြည်တော် ရုံးအမှတ် ၁၅ အစည်းအဝေးခန်းမ၌ တွေ့ဆုံ၍ စိုက်ပျိုးရေးသိပ္ပံများ ဖွံ့ဖြိုးရေးနှင့် စိုက်ပျိုးရေး ကောလိပ်ဖွင့်လှစ်သင်ကြားရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးကြသည်။**


စာ - ၂ သို့













## ရှေ့ဖုံး – စစ်မှန်ပြီး မှ

ဂုဏ်ပြုမှတ်တမ်းများပေးအပ်ချီးမြှင့်ကြပြီး ကိုရီးယားသံအမတ်ကြီးနှင့်ပညာရှင်များအား ဂုဏ်ပြုအမှတ်တရလက်ဆောင်များ ပေးအပ်သည်။ **(ပုံများ)**

"ပထမဆုံးအနေနှင့် ကျေးရွာခေါင်းဆောင်များရွေးချယ်ပြီး ကိုယ့်အားကိုယ်ကိုးခြင်း၊ လုံ့လဝီရိယရှိခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းစတဲ့ စိတ်ဓာတ်တွေရရှိလာအောင် မိမိရွာအတွက် အမှန်တကယ်လိုအပ်နေတဲ့ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကိုယ်တိုင်စီမံချက်များ ရေးဆွဲပြီး အများရဲ့သဘောတူညီချက်နဲ့အညီ ဦးဆောင်ဆောင်ရွက်နိုင်တဲ့ ခေါင်းဆောင်ကောင်းတွေဖြစ်လာအောင် စိုက်ပျိုးပညာပေးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး သင်တန်းကျောင်းမှာ လေ့ကျင့်သင်ကြား ပေးခဲ့ပါတယ်။ သင်တန်းပြီးဆုံးတဲ့အခါမှာတော့ မိမိရွာရဲ့ စွမ်းဆောင်ရည် မြင့်မားရေး၊ လူနေမှုပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဝင်ငွေတိုးပွားရေးတို့ကို ကဏ္ဍအလိုက်ဘက်စုံထောင့်စုံ ဖွံ့ဖြိုးတိုးတက်လာအောင် ကျေးရွာသူ၊ ကျေးရွာသားအားလုံးရဲ့ ပူးပေါင်းပါဝင်မှုနဲ့ ဆောင်ရွက်ခဲ့ကြတဲ့အခါ သိသာမြင်သာတဲ့ရလဒ်တွေဖြစ်တဲ့ လူနေမှုပတ်ဝန်းကျင် များဖွံ့ဖြိုးတိုးတက်ခြင်းများ၊ ကျေးရွာ ကိုယ်ပိုင်ရန်ပုံငွေများရရှိလာသကဲ့သို့ မမြင်ရသောရလဒ်များဖြစ်သော လူမှုရေးစိတ်ဓာတ်များ၊ ပူးပေါင်း ဆောင်ရွက်လိုသောစိတ်ဓာတ်များ၊ ကိုယ့်အားကိုယ်ကိုးသော စိတ်ဓာတ်များ၊ မိမိကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ကိုယ်တိုင်ကြိုးစားရမည်ဆိုသော စိတ်ဓာတ်များလည်း ရရှိလာခြင်းစသော စွမ်းဆောင်ရည်များ ဖွံ့ဖြိုးတိုးတက်လာတာကို တွေ့ရပါတယ်"ဟု စီမံကိန်းဒါရိုက်တာ ဦးအေးကိုကို က ပြောသည်။




မြန်မာနိုင်ငံနှင့်ကိုရီးယားသမ္မတနိုင်ငံ နှစ်နိုင်ငံအကြား ၂၀၁၄ ခုနှစ်မှစ၍ မြန်မာဆယ်မာအူးလ်အွန်ဒုန်ကျေးရွာသစ်လှုပ်ရှားမှုစီမံကိန်းကို ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ စီမံကိန်းအရ အတွေ့အကြုံများမျှဝေပေးခြင်း၊ ငွေကြေးနှင့်နည်းပညာဆိုင်ရာကူညီထောက်ပံ့ပေးခြင်းတို့ကြောင့် တိုင်းဒေသကြီး၊ ပြည်နယ် ၁၀ ခု၏ မြို့နယ် ၂၇ မြို့နယ်ရှိ ရှေ့ပြေးစံပြကျေးရွာ ၁၁၀ တွင် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ဝင်ငွေတိုးလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ပြီး ယခုအခါ ကျေးရွာများတွင် ကိုယ်ပိုင်အရင်းအနှီးမတည်ငွေများဖြင့် လည်ပတ်ဆောင်ရွက်လျက်ရှိနေကြောင်း သတင်းရရှိသည်။

**MOALI ပြန်ကြားရေး**

## ရှေ့ဖုံး – ဒုတိယဝန်ကြီး မှ

ထိုသို့ဆွေးနွေးရာတွင် စိုက်ပျိုးရေးတက္ကသိုလ်နှင့် စိုက်ပျိုးရေးသိပ္ပံများမှ သင်ကြားမှုတိုးတက်မြင့်မားစေရေးအတွက် သင်ကြားနည်းစနစ် လေ့ကျင့်ပညာပေးရေးသင်တန်းဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း၊ ဆရာ၊ ဆရာမများအတွက် ဆရာဖြစ်သင်တန်းတစ်နှစ်တာကာလပို့ချပေးရန်နှင့် သင်တန်းအတွက် သင်ခန်းစာများရေးဆွဲရာတွင် ပြည်တွင်းပြည်ပ ပညာရှင်များနှင့် ညှိနှိုင်းရေးဆွဲကာ ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ သင်တန်းဆင်းလက်မှတ်ပေးအပ်နိုင်ရေးဆိုင်ရာကိစ္စရပ်များကိုလည်းကောင်း ဆွေးနွေးကြသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဌာနသည် နယ်သာလန်နိုင်ငံ၏ အထောက်အပံ့ဖြင့် စိုက်ပျိုးရေးသိပ္ပံများဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို ၂၀၁၆ ခုနှစ် အောက်တိုဘာမှစတင်ပြီး ရှေ့ပြေးစမ်းသပ်မှုအဖြစ် ပျဉ်းမနား၊ ရွှေဘို၊ သာယာဝတီ၊ ဟဲဟိုး၊ ဖွဲကပင်စိုက်ပျိုးရေးသိပ္ပံငါးကျောင်းတွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး စိုက်ပျိုးရေးကောလိပ်တစ်ခု ထူထောင်ဖွင့်လှစ်နိုင်ရေးကြိုးပမ်းလျက်ရှိသည်။

စိုက်ပျိုးရေးကောလိပ်တည်ထောင်ဖွင့်လှစ်ပြီးပါက စိုက်ပျိုးရေးသိပ္ပံ ထူးချွန်ကျောင်းသား၊ ကျောင်းသူများအတွက် အဆင့်မြင့်စိုက်ပျိုးရေးပညာရပ်ကို ဆက်လက်သင်ယူနိုင်မည့် အခွင့်အလမ်းများ ပိုမိုရရှိလာမည်ဖြစ်ကြောင်း သိရသည်။

**MOALI ပြန်ကြားရေး**

The Agri-Business News

**အယ်ဒီတာချုပ်**
မြတ်စိုး(လှိုင်)

**အမှုဆောင်အယ်ဒီတာ**
တင်ကြည်လှိုင်

**သတင်းအင်အားစု**
ဆန်းညွန့် (ရေနံချောင်း)၊
သိန်းဖေ၊ အင်ပင်သန်းဌေးအောင်၊
မော်ကျွန်းမြင့်အောင်
မာမာတင့်(မြင်းခြံ)၊
ရွှေ (လှိုင်သာယာ)၊
ခင်မေကြည် (မန္တလေး)၊
ဇော်နိုင်ဝင်း (မုံရွာ)၊
တင်မလတ် (မော်လမြိုင်)၊
ညောင်ဦးဖိုး၊ အောင်နိုင် (ပခုက္ကူ)၊
ကြေးမုံငယ်၊ ဖြူမာချို (ရန်ကုန်)၊
မြတ်သဥ္စာလှိုင် (ဘားအံ)၊

**ထုတ်ဝေသူ**
ဦးမျိုးတင့်ထွန်း
မြဲ - ၀၀၄၁၀

**ပုံနှိပ်သူ**
ဦးမောင်နီ
မြဲ - ၀၀၂၆၉
ကမ္ဘာအေးဘုရားလမ်း၊
စိမ်းလဲ့မေလမ်းသွယ်
ရန်ကင်းစာတိုက် ရန်ကုန်မြို့

**ဒေါ်င်းစီးစာလုံး**
သက်မော်

**ဒီဇိုင်း**
စိုးဟန်၊ နွယ်နီ

**ဗလင်၊ ကာလာခွဲ**
မြကျွန်းသာ

**ကြော်ငြာ**
လယ်ယာစီးပွားသတင်းအဖွဲ့

**ဖြန့်ချိရေး**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်
ဆည်မြောင်းဝန်ကြီးဌာန
ပြည်နယ်နှင့်တိုင်းဒေသကြီးရုံးများ
ရန်ကုန် – စာပေဗိမာန်အရောင်းဆိုင်
– ဝါမိုးအောင်စာပေ၊
စာပေဗိမာန်အနီး
မန္တလေး – မန္တလေးရုံးခွဲ
စီမံကိန်းဦးစီးဌာန

**ဆက်သွယ်ရန်**
လယ်ယာစီးပွားသတင်း
ကမ္ဘာအေးဘုရားလမ်း၊
စိမ်းလဲ့မေလမ်းသွယ်
ရန်ကင်းစာတိုက် ရန်ကုန်မြို့
ဖုန်း–၆၆၃၅၀၅
Email:agribusinessnews2000@gmail.com

အယ်ဒီတာ့အာဘော်

# မြန်မာ့ကော်ဖီ ကမ္ဘာ့အဆင့်မီ ဈေးကွက်တိုးချဲ့ရေး

ရှမ်းပြည်နယ်တောင်ပိုင်း ရွာငံဒေသသည် ကမ္ဘာ့အဆင့်မီအရည်အသွေးကောင်းကော်ဖီမျိုးများကို စိုက်ပျိုးထုတ်လုပ်နိုင်သည့် ရေခံမြေခံကောင်းတစ်ခု ဖြစ်သည်ဟု သိရှိရသည်။

ထို့ကြောင့် ရွာငံဒေသထွက်ကော်ဖီများထဲမှ အရည်အသွေးကောင်းကော်ဖီမျိုးစိတ်ငါးမျိုးကိုလည်း တိုးချဲ့စိုက်ပျိုးရန် စီစဉ်နေသည်ဟု သိရသည်။

ထိုသို့အရည်အသွေးသတ်မှတ်နိုင်ရေးအတွက် ပြည်သူများပါဝင်သည့် ကော်ဖီအရည်အသွေးအကဲဖြတ်ပွဲကို ပြီးခဲ့သည့် ၂၀၁၉ ခုနှစ် မတ် ၁၄ ရက်က ရန်ကုန်မြို့တွင် ကျင်းပကာ ရွေးချယ်ထားသော ကော်ဖီမျိုးစိတ်ငါးမျိုး၏ အရသာကို အကဲဖြတ်သောက်သုံးကြပြီး အမှတ်ပေးစနစ်ဖြင့် စံသတ်မှတ်ရွေးချယ်ခဲ့ကြသည်။

ရှေးနှစ်ပေါင်းများစွာကတည်းက မြန်မာ့ကော်ဖီကို ကမ္ဘာသိလက်ခံခဲ့ပြီးဖြစ်ရာ အထူးသဖြင့် ပြင်ဦးလွင်မြို့တွင် စီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်ခဲ့သော ဘီတီဘရားသားကော်ဖီသည် ကမ္ဘာသိတန်းဝင်ကော်ဖီဖြစ်ခဲ့သည်။

ထိုအချိန်ကတည်းက မြန်မာနိုင်ငံမှ ထွက်ရှိသည့်ကော်ဖီမျိုးများမှာ နိုင်ငံတကာဈေးကွက်က လက်ခံကာ တန်းဝင်နေရာရခဲ့ပြီးဖြစ်သည်။ ထို့ကြောင့်လည်း ပြင်သစ်နိုင်ငံမှ နာမည်ရကုမ္ပဏီကြီးအချို့က နှစ်စဉ်မြန်မာ့ကော်ဖီကို ကျွမ်းကျင်ပညာရှင်များနှင့် လာရောက်စမ်းသပ်၍ အရည်အသွေးစံမီသည့်ကော်ဖီများကို နိုင်ငံတကာဈေးကွက်သို့ ဝယ်ယူဖြန့်ဖြူးလျက်ရှိသည်။

ယခုတစ်ဖန် သတင်းကောင်းတစ်ခုအဖြစ် ရှမ်းပြည်နယ်တောင်ပိုင်း ရွာငံမြို့နယ်မှထွက်ရှိသည့် ကော်ဖီစေ့နမူနာငါးမျိုးဖြစ်သည့် Geisha, Pinkbourborn, Yellow Calture, Red Cataui နှင့် Saramon ဟူသည့် မျိုးစိတ်ငါးမျိုးကို စင်ကာပူနှင့်ဟောင်ကောင်တို့မှ အကဲဖြတ်မည့် ပညာရှင်များအပါအဝင် မြန်မာနိုင်ငံမှ ကော်ဖီကျွမ်းကျင်သူများက လက်တွေ့သောက်သုံးအကဲဖြတ်ကြပြီး ကော်ဖီနမူနာအလိုက် အမှတ်ပေးသတ်မှတ်ပေးခဲ့ကြရာ ပနားမားမှတင်သွင်းပြီး ရွာငံမြို့နယ်တွင် စိုက်ပျိုးရရှိသော Geisha ကော်ဖီမျိုးသည် အကောင်းဆုံးကော်ဖီအဖြစ် သတ်မှတ်ခံရသည်ဟု သိရသည်။

ကော်ဖီကိုစမ်းသပ်အကဲဖြတ်ရာတွင် အထူးတန်းဝင်ဖြစ်ဖို့ဆိုလျှင် အနံ့၊ အရသာအပါအဝင် ထူးခြားကောင်းမွန်သည့် အရည်အသွေးစံသတ်မှတ်ချက်များ၊ ပိုးမွှားကင်းစင်မှု၊ သန့်ရှင်းမှုအပါအဝင် စိုက်ပျိုးထုတ်လုပ်မှု သတ်မှတ်စံများနှင့်ကိုက်ညီမှသာ တန်းဝင်ကော်ဖီအဖြစ် သတ်မှတ်ခံရမည်ဖြစ်သည်။

ထို့ကြောင့် မြန်မာ့နှစ်ရှည်ပင် ကော်ဖီစိုက်တောင်သူများသည် ထိုစံများကို ကြိုတင်သိရှိထားကာ စံနှင့်အညီ စိုက်ပျိုးထုတ်လုပ်နိုင်သည်နှင့်အမျှ ဝင်ငွေတိုးကာ အကျိုးရှိမည်ဖြစ်သည်။

ယခုအထူးတန်းဝင်သတ်မှတ်ခံရသည့် ရွာငံနယ်ထွက် ဂေးရှား (Geisha) ကော်ဖီမျိုးစိတ်သည် ပြည်တွင်းပြည်ပဈေးကွက်အကြိုက် တန်းဝင်ကော်ဖီဖြစ်ကာ အကျိုးအမြတ်ကောင်းစွာရရှိနိုင်သည့်ကော်ဖီမျိုးဖြစ်သည် ဆို၏။

အထူးတန်းဝင်ကော်ဖီမျိုးတစ်မျိုးမှာ နိုင်ငံတကာစံသတ်မှတ်ချက်အရ ရမှတ် ၈၀ ကျော်ရရန် လိုအပ်ရာ မြန်မာနိုင်ငံထွက် ကော်ဖီများသည် အဆိုပါ ၈၀ မှတ်အထက်မှာသာ ရှိကြသည်ဆို၏။ ယခုသတ်မှတ်ခံရသည့်ရွာငံနယ်ထွက် ဂေးရှားကော်ဖီမျိုးစိတ်သစ်သည် ၉၁ မှတ်ကျော်အထိ ရရှိခဲ့သဖြင့် မြန်မာနိုင်ငံ၏ အကောင်းဆုံးကော်ဖီအဖြစ် သတ်မှတ်ခံရခြင်းဖြစ်ရာ ယခုအခါ နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်နိုင်ရေးကို ကြိုးပမ်းနေပြီဟု သိရသည်။

မြန်မာနိုင်ငံတွင် ယခင်ကတည်းက ကော်ဖီစိုက်ပျိုးမှုနှင့်ပတ်သက်၍ နာမည်ကျော်ပြီးဖြစ်သည့် ပြင်ဦးလွင်အပါအဝင် ကရင်ပြည်နယ် ဘားအံနှင့်သံတောင်ဒေသများသည်လည်း ကော်ဖီစီးပွားဖြစ်စိုက်ပျိုးရန် သင့်တော်သောနယ်မြေဒေသများဖြစ်၍ ယခုကဲ့သို့ အာမခံရရှိထားပြီးသော ဂေးရှားကော်ဖီကဲ့သို့ အထူးတန်းဝင်ကော်ဖီမျိုးကောင်းမျိုးသန့်များ စိုက်ပျိုးထုတ်လုပ်ကာ နိုင်ငံတကာဈေးကွက်ကို တိုးချဲ့ရရှိရေးဆောင်ရွက်သင့်ကြောင်း တိုက်တွန်းလိုက်ရပေသည်။ ။



## မော်လမြိုင်ကျွန်းနှင့်ဘိုကလေးမြို့နယ်တို့တွင် အိန္ဒိယ ဒန့်သလွန်မျိုး စမ်းသပ် အောင်မြင်

မော်လမြိုင်ကျွန်း မတ် ၂၆

**ဒန့်သလွန်သီး၏ ဆေးဖက်ဝင်အကျိုးများပုံနှင့် စီးပွားရေးတွက်ခြေကိုက်သဖြင့် ဧရာဝတီ တိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် မယ်တလိုင်းကျေးရွာတွင် နိုင်ငံခြားမျိုး အိန္ဒိယ ခြောက်လဒန့်သလွန်မျိုးကို လွန်ခဲ့သော ခြောက်လခန့်မှ စတင်စိုက်ပျိုးခဲ့ကြရာ ဒန့်သလွန်သီးများနှင့်အပွင့်များပွင့်လျက် အောင်မြင်ဖြစ်ထွန်းနေပြီဖြစ်သည်။**

ယင်းအိန္ဒိယခြောက်လ ဒန့်သလွန်ပင်များအား မတ် ၂၆ ရက် နံနက် ၇ နာရီခွဲက စိုက်ပျိုးရေးအငြိမ်းစားဝန်ထမ်း ဦးလှမြင့်နှင့် ဒန့်သလွန်စိုက်ပျိုးရေး စိတ်ဝင်စားသူများက မယ်တလိုင်း ကျေးရွာ မော်တော်ကားလမ်းတစ်လျှောက်နှင့် ကျေးရွာတွင်း ဒန့်သလွန်စိုက်ခင်းများကို ကွင်းဆင်းကြည့်ရှုလေ့လာပြီး စိုက်ပျိုးသူ ဒန့်သလွန်တောင်သူများနှင့် တွေ့ဆုံကာ ဆေးဖက်ဝင်ပြီး စီးပွားရေးတွက်ခြေကိုက်အကျိုးများစေသော စီးပွားဖြစ်ဒန့်သလွန်ပင်စိုက်ပျိုးနည်းများကို နည်းပညာပေးဆွေးနွေးခဲ့ကြသည်။

ထို့နောက် မတ် ၂၆ ရက် နံနက် ၈ နာရီခွဲတွင် စိုက်ပျိုးရေးအငြိမ်းစား ဦးလှမြင့်နှင့်အဖွဲ့သည် ဘိုကလေးမြို့ ၄ ရပ်ကွက်အတွင်း စတင်စမ်းသပ်စိုက်ပျိုးထားသော အိန္ဒိယခြောက်လ ဒန့်သလွန်ပင်များ ရှင်သန်ဖြစ်ထွန်းလျက်ရှိပြီး ဒန့်သလွန်ပင် စိုက်ပျိုးသူများနှင့် တွေ့ဆုံကာ စီးပွားဖြစ် ဒန့်သလွန်ပင်စိုက်ပျိုးနည်းများကို အလားတူ နည်းပညာပေး ဆွေးနွေးကြသည်။

မြန်မာနိုင်ငံထွက် အဆိုပါဒန့်သလွန်သီးများကို ဂျပန်နိုင်ငံ၊ တရုတ် (တိုင်ပေ) နှင့် အမေရိကန်နိုင်ငံတို့က ဝယ်ယူရန် ကမ်းလှမ်းထားသဖြင့် ဈေးကွက်စီးပွားရေး အရ ဒန့်သလွန်ပင်စိုက်ပျိုးသူ တောင်သူများအတွက် ဝင်ငွေတိုးပွားကာ အကျိုးရှိလာမည် ဖြစ်သည်။

မော်ကျွန်း – မြင့်အောင်

## ကောက်စိုက်စက်ဖြင့် စပါးစမ်းသပ်စိုက်ပျိုး ကွင်းသရုပ်ပြပွဲ ပွင့်ဖြူတွင် ကျင်းပ

ပွင့်ဖြူ မတ် ၂၈

**ကောက်စိုက်စက်ဖြင့် စပါးစမ်းသပ်စိုက်ပျိုးခြင်း တောင်သူပညာပေး ကွင်းသရုပ်ပြပွဲကို ပွင့်ဖြူမြို့နယ် ပွင့်ဖြူမျိုးသန့်ခြံစပါးစိုက်လယ်မြေတွင် ယနေ့နံနက် ၈ နာရီခွဲက ကျင်းပရာ တိုင်းဒေသကြီးဦးစီးမှူး ဦးခင်မောင်ဝင်းက အမှာစကားပြောကြားပြီး ကောက်စိုက်စက်အသုံးပြုနည်းကို မစ္စတာအိုမိုရိစံက အသေးစိတ်ရှင်းလင်းပြောကြားကာ ကောက်စိုက်စက်ဖြင့် လက်တွေ့စိုက်ပျိုးပြသသည်။**

မော်မော်ဝင်း (တိုင်းစိုက်ပျိုးရေး)



**ကြက်မောက်သီးသည် အရည်ရွှန်းသည်။ ချိုမွှေးသောအရသာရှိသဖြင့် လူတိုင်းကြိုက် နှစ်သက်သည်။ ကြက်မောက်၏ မူရင်းဒေသသည် မလေးရှားနှင့် အင်ဒိုနီးရှားနိုင်ငံတို့ ဖြစ်သည်။ အင်္ဂလိပ်အမည် RAMBUTAN ဖြစ်ပြီး၊ SAPINDACEAE မျိုးရင်းဝင်ဖြစ်သည်။**

ကြက်မောက်ပင်တွင် အဖိုပွင့်ပွင့်သော အဖိုပင်များ၊ (အစေ့စိုက်ပင်များ၏ ၄၀–၆၀ ရာခိုင်နှုန်းသည် အဖိုပင်များဖြစ်သည်)၊ လိင်စုံပန်းပွင့်ပြီး အချို့အပွင့်များသည် အမပွင့်ကဲ့သို့ လုပ်ဆောင်သော အပင်များ၊ လိင်စုံပန်းပွင့်ပြီး အချို့သောအပွင့်များသည် အမပွင့်ကဲ့သို့လုပ်ဆောင်ပြီး အချို့အပွင့်များသည် အဖိုပွင့်ကဲ့သို့ တာဝန်ထမ်းဆောင်သည့်အပင်များ (ဤအပင်အမျိုးအစားမှာ များစွာတွေ့ရှိရပြီး အဖိုပွင့်ရာခိုင်နှုန်း နည်းတတ်ပါသည်။)

ကြက်မောက်ကို စီးပွားဖြစ်စိုက်ပျိုးမည်ဆိုလျှင် မျိုးရွေးချယ်မှုသည် အဓိကကျသည်။ ကြက်မောက်သီးတွင် အသားအစေ့ကပ်သည့်မျိုးနှင့် အသားအစေ့မကပ်သည့်မျိုးဟူ၍ နှစ်မျိုးခွဲကြသည်။ မြန်မာမျိုးကန်ကလေး ၁၊ ၂ မျိုး၊ မလေးရှားမှ R3 (Reng Thug Cheng), R 134, R 160 (Khaw Tow), R161 (Lee Long), R162 (Ong Heolk) မျိုးများ၊ ထိုင်းနိုင်ငံမှ Rongrien, See chompoo, Bang Yee Khan, See tong မျိုးများ၊ အင်ဒိုနီးရှားနိုင်ငံမှ Lebakulus, Banjai, Rapiah, See matjaan မျိုးများ၊ ဖိလစ်ပိုင်နိုင်ငံမှ Maharlika, Seematjaan, Seejona မျိုးများနှင့် စင်ကာပူနိုင်ငံမှ Jitlee (Dek), R-37, Ah kow Cheng, Kim San Cheng စသည့်မျိုးများသည် အရည်အသွေးလည်းကောင်း၊ အထွက်လည်းကောင်းသဖြင့် စိုက်ပျိုးသင့်သည်။

ကြက်မောက်စီးပွားဖြစ်စိုက်ပျိုးရန် မျိုးရွေးချယ်ရာတွင် အထွက်ကောင်းခြင်း၊ အသီးအရွယ်အစားကြီးခြင်း (တစ်လုံး ၃၄ ဂရမ်ထက်ပိုရမည်)၊ အရသာချိုမွှေးခြင်း၊ အသားအစေ့တွင်ကပ်မှုနည်းခြင်း၊ ဆွဲဆောင်မှုအရောင်အသွေးရှိခြင်း၊ နှစ်စဉ်ပုံမှန်သီးပွင့်သည့်မျိုးဖြစ်ခြင်းစသည့် အရည်အသွေးကောင်းများကို အခြေခံ၍ ရွေးချယ်ရန် လိုသည်။

ကြက်မောက်ပင်သည် အများအားဖြင့် အီကွေတာ၏ တောင်မြောက်လတ္တီတွဒ် ၁၂ ဒီဂရီအတွင်း စိုက်ပျိုးဖြစ်ထွန်းပြီး အပူချိန် ၂၀–၃၀ ဒီဂရီစင်တီဂရိတ်တွင် ပို၍အောင်မြင်သည်။ ပင်လယ်ရေမျက်နှာပြင်မှ မီတာ ၇၀၀ အတွင်းသည် အသင့်တော်ဆုံးဖြစ်သည်။ နှစ်စဉ် တစ်နှစ်ပတ်လုံး မိုးရွာသွန်းမှုညီညာပြီး မိုးရေချိန် ၂၀၀၀–၅၀၀၀ မီလီမီတာရှိရန် လိုအပ်ပါသည်။ မိုးမရွာသောလများတွင် ရေသွင်းပေးရန် လိုအပ်ပါသည်။

အပူချိန် ၁၀ ဒီဂရီစင်တီဂရိတ်ထက်နိမ့်လျှင် အပင်ကြီးထွားမှုထိခိုက်စေပြီး အပူချိန် ၄၀ ဒီဂရီစင်တီဂရိတ်ထက်မြင့်ပါက အပင်ကြီးထွားမှု ရပ်တန့်စေသည်။ ပန်းဖူးဖြစ်ပေါ်စေရန်အတွက် ခြောက်သွေ့သောကာလ (Dry period) အနည်းဆုံး တစ်လခန့် လိုအပ်သည်။

ကြက်မောက်ပင်သည် မြေအမျိုးအစားအမျိုးမျိုးတွင် စိုက်ပျိုးနိုင်သော်လည်း သစ်ဆွေးဓာတ်ကြွယ်ဝပြီး ရေစိမ့်အားကောင်းသည့် သဲနုန်းမြေတွင် အပင်ကြီးထွားမှုနှင့် သီးထွက်ကောင်းစေသည်။ ဓာတ်မြေဩဇာနှင့်သဘာဝမြေဩဇာထည့်ပေးနိုင်ပါက ဂဝံမြေနီတွင်လည်း စိုက်ပျိုးနိုင်သည်။ PH (၄.၅–၆.၅) သင့်တော်ပြီး သံဓာတ်နှင့်သွပ်ဓာတ်ချို့တဲ့မှုဖြစ်ပါက ရေစီးဆင်းစိမ့်ဝင်မှုကောင်းအောင် ပြုပြင်ပေးရန် လိုသည်။ မြေအောက်ရေ၏ရေမျက်နှာပြင်အမြင့် (Ground Water Head Level) သည် မြေမျက်နှာပြင်မှ ၃–၄ မီတာထက် မနည်းသင့်ပေ။

ကြက်မောက်စိုက်ခင်းထူထောင်ရန်အတွက် ပျိုးပင်ရရှိရေးသည် အဓိကဖြစ်သည်။ ပျိုးပင်ပွားရာတွင် ဒိုင်းပုံအဖူးဆက်ခြင်း၊ လေထောင့်ကွက် အဖူးမြှုပ်ခြင်း၊ Forkert budding နည်းဖြင့် အဖူးမြှုပ်ခြင်း၊ အကိုင်းဆက်ခြင်း၊ မြေထုပ်စည်းခြင်းနည်းများဖြင့် ပျိုးပင်ထုတ်လုပ်နိုင်သည်။

ကြက်မောက်စိုက်ပျိုးမည့်စိုက်ခင်းမြေနေရာတွင် မြေယာရှင်းလင်းခြင်း၊ မီးရှို့ခြင်း၊ စိုက်ခင်းများပန္နက်ရိုက်ခြင်း၊ စိုက်ကျင်းများတူးခြင်း၊ ကျင်းစာကျွေးခြင်း၊ ရေရရှိရေးလုပ်ငန်းများတွင် ဆောင်ရွက်ခြင်းလုပ်ငန်းများကို ဦးစွာမတည်ဆောင်ရွက်ရန် လိုပါသည်။

ကြက်မောက်စိုက်ပျိုးရန် တန်းကြား ၁၂ ပေ၊ ပင်ကြား ၁၂ ပေ၊ စတုရန်းပုံစိုက်ပျိုးရေးစနစ်သည် အသုံးများသည်။ အပင် ၃၀၀ ကျော်ခန့် ဝင်ဆံ့သည်။ အချို့သောနိုင်ငံများတွင် စတုရန်းပုံအလယ်တွင် တစ်ပင်စိုက်စနစ် အသုံးပြုကြသည်။ ငါးပွင့်ဆိုင်စနစ်ဖြစ်သည်။ အလယ်တွင် စိုက်ခဲ့သောအပင်ကို အသီးများ နှစ်စဉ်ယူပြီးလျှင် ၈–၁၀ နှစ်သက်ရလျှင် ခုတ်ပစ်သည်။ Rongrien, R-9, R-156 ကဲ့သို့ အပင်ကြီးမျိုးများဆိုလျှင် ပင်ကြားတန်းကြား အကွာအဝေးကို အကျယ်ယူစိုက်ပျိုးကြသည်။

စိုက်ကျင်းကို မိုးမကျမီ ဧပြီလတွင် အကျယ် ၃ပေပတ်လည်၊ အနက် ၃ပေတူးပြီး တူး၍ရရှိသော အပေါ်ယံ ၆ လက်မရှိ မြေစာများကို ညာဘက်တွင် ပုံထားရပါမည်။ အောက်မြေစာများကို ဘယ်ဘက်တွင် ပုံရပါမည်။ စိုက်ကျင်းထဲသို့ မြက်ခြောက်၊ ကောက်ရိုး၊ သစ်ရွက်ခြောက်များထည့်၍ မီးရှို့ပြီး မြေသင်းသပ်ပေးရန် လိုအပ်သည်။ နောက် ကောင်းစွာဆွေးမြည့်နေသောမြေဆွေး၊ သစ်ဆွေးမြေနှစ်ဆကို အပေါ်ယံ ၆လက်မရရှိသော မြေတစ်ဆတို့ကို သမအောင်ရောမွှေပေးရန် လိုပါသည်။ ဂျစ်ပဆန်ကျောက်မှုန့် နို့ဆီတစ်ဘူး၊ N:P:K (၁၅း၁၅း၁၅) ဓာတ်မြေဩဇာနို့ဆီတစ်ဘူးခွဲ၊ မြေအောင်းပိုးသတ်ဆေး စတီးဇွန်းတစ်ဇွန်းတို့ကို ရောစပ်ပြီး မြေဆွေးနှင့် ရောပြီး ကောင်းစွာသမအောင် ရောမွှေပေးပါ။ ရောပြီးသောမြေဆွေးဓာတ်မြေဩဇာအရောမြေကို ကျင်းအောက်ခြေမှတူး၍ရသော (ကျင်းဘယ်ဘက်တွင်ပုံထားသော) မြေနှင့် ၃း၁ အဆဖြင့် ရော၍သမအောင်မွှေပြီး စိုက်ကျင်းထဲသို့ ထည့်ပေးရမည်။ မြေမဟာစေရန် ခြေဖြင့်ဖွဖွနင်းသိပ်ပေးရန် လိုပါသည်။ မိုးမကျမီအတွင်း အပင်မစိုက်မီ ကျင်းကို ရေတစ်ပတ်တစ်ကြိမ်မှန်မှန်လောင်းပေးရမည် ဖြစ်သည်။

ကြက်မောက်စိုက်ပျိုးမည့်မြေကို ဓာတ်ခွဲကြည့်ပါက မဂ္ဂနီစီယမ်ဓာတ်ချို့တဲ့နေလျှင် ဒိုလိုမိုက်ကျောက်မှုန့် ၂၀၀ ဂရမ်ကို တစ်ကျင်းနှုန်းထည့်ပေးရန် လိုအပ်ပါသည်။

မိုးဦးကျ၍ မိုးမှန်လာပြီဆိုပါက ကောင်းစွာသန်စွမ်းဖွံ့ဖြိုးနေသော ပျိုးပင်များကို စိုက်ကျင်းအတွင်းသို့ မြေလုံးမကွဲ၊ အမြစ်မပြတ်စေရန် ဂရုပြုပြီး စိုက်ပျိုးရမည်ဖြစ်သည်။ စိုက်ပျိုးပြီးပါက အပင်ခါမချောင်စေရန် အပင်ခြေပတ်ပတ်လည် ခြေဖြင့်ပတ်နင်းပေးရန်ဖြစ်သည်။ ၎င်းနောက် လေတိုက်လျှင် ယိုင်မသွားစေရန် လေးပေအရှည် ဝါးငုတ်တိုင်စိုက်၍ အပင်ကို ဝါးငုတ်တိုင်နှင့်ချည်ပေးထားရန်ဖြစ်သည်။ လေတိုက်၍ယိုင်ခြင်း၊ ခါချောင်၍အပင်လှုပ်နေလျှင် အမြစ်တော်တော်နှင့်မစွဲဘဲ သေသွားနိုင်ပါသည်။ အလွန်အရေးကြီးသောအချက် ဖြစ်ပါသည်။ အပင်စိုက်ပျိုးပြီးလျှင် တစ်ပင်ချင်းရေဝအောင် လောင်းပေးရန် လိုအပ်သည်။

ကြက်မောက်ပင်စိုက်ပျိုးပြီး ၆–၈ လအထိ အရိပ်လုပ်ပေးရန် လိုပါသည်။ လေတိုက်မှုခံနိုင်အောင် တစ်ပင်ချင်းအား သက်ငယ်၊ အုန်းလက်၊ ဓနိစသည်များဖြင့် လေကာလုပ်ပေးရန် လိုပါသည်။ အပင်တစ်နှစ်သားအရွယ်တွင် ပုံသဏ္ဌာန်မှန်အောင် ပုံသွင်းပေးခြင်းသည် သီးထွက်ကောင်းကောင်းရရှိစေရန် အထောက်အကူပြုစေပါသည်။ အပင်ပုံသွင်းပေးပါက သစ်ကိုင်းခွကျယ်သောအပင်များ ဖြစ်လာပါသည်။ ထိုင်းနိုင်ငံတွင် အထူးသဖြင့် Rongrien မျိုးများတွင် Modified Leader နည်းဖြင့် အပင်ပုံသွင်းပေးပါသည်။ ဤနည်းဖြင့် ပထမနှစ်၌ အပင်ထိပ်ဖျားပိုင်းမဖြတ်မီ ပင်မအညွန့်ကို ၇၀ စင်တီမီတာအထိ ကြီးထွားစေပါသည်။ သန်စွမ်းပြီး ထောင့်ကျယ်သော (Wide Angle) ဘေးကိုင်းသုံးလေးကိုင်း ဖွံ့ဖြိုးကြီးထွားလာအောင် ထားပါသည်။ ဤကိုင်းကြီးများသည် ပင်မဘေးကိုင်းကြီးများဖြစ်လာပြီး ဒုတိယနှစ်တွင် ၎င်းကိုင်းကြီးများကိုဖြတ်ပေးခြင်းဖြင့် ဒုတိယ

ကိုင်းများ ထွက်လာစေပါသည်။ နောက်ပိုင်းတွင် ရေတက်များ၊ ကြားကိုင်းများ၊ ကိုင်းသေ ကိုင်းခြောက်များကို ဖြတ်ပေးရန်သာ ဖြစ်ပါသည်။

ကြက်မောက်ပင် နှစ်စဉ်သီးထွက်ကောင်းပြီး နှစ်စဉ်သီးနေစေရန် အပင်ငယ်စဉ်မှစ၍ ဂရုပြုပြီး ပြုစုစောင့်ရှောက် မြေဩဇာကျွေးရန် လိုပါသည်။ သုံးနှစ်သားအရွယ် အသီးသီးချိန် NPK တစ်နှစ်လျှင် ၀ ဒသမ ၅ ကီလိုဂရမ် လိုအပ်ပါသည်။ အသီးအများဆုံးထွက်သည့်အချိန်တွင် NPK တစ်နှစ်လျှင် ငါးကီလိုဂရမ်နှုန်းထည့်ပေးရန် လိုအပ်ပါသည်။ တစ်ပင်လျှင် သဘာဝမြေဆွေးတစ်တင်း၊ တစ်တင်းခွဲထည့်ပေးရန် လိုပါသည်။

အပင်သက်တမ်းတဖြည်းဖြည်းကြီးလာသည်နှင့်အမျှ သီးနှုန်းတက်လာပါမည်။ နှစ်စဉ် သီးထွက်ကောင်းပြီး နှစ်စဉ်အသီးသီးနေစေရန် အပင်ဇီဝကမ္မဖြစ်စဉ်နှင့်ကိုက်ညီ၍ ဓာတ်မြေဩဇာကျွေးပေးနေရန် လိုအပ်ပါသည်။ အောက်ပါ မြေဩဇာနှုန်းထားများကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလျှင် ပိုကောင်းပါသည်။

(ဤဓာတ်မြေဩဇာနှုန်းသည် နှစ်စဉ် မိုးမကျမီ တစ်ကြိမ်၊ မိုးနှောင်းတစ်ကြိမ် သုံးရန်ဖြစ်သည်။)

ကြက်မောက်ပင်သည် အနည်းလိုအာဟာရဓာတ်များ ချို့တဲ့ပါက သီးထွက်နှုန်းနှင့် အသီးတင်မှုကို ထိခိုက်စေပါသည်။ မဂ္ဂနီစီယမ်ဓာတ်ချို့တဲ့လျှင် အရွက်မွှားများ အရွယ်အစားသေးငယ်ခြင်း၊ ရွက်ကြောစိမ်းများကြားအရောင်ပျက်ခြင်း၊ အရွက် ကြွေခြင်း၊ ပန်းပွင့်နည်းခြင်း၊ အမြစ်ဖွံ့ဖြိုးမှုအားနည်းခြင်း စသည့်လက္ခဏာများဖြစ်ပေါ်သည်။ မဂ္ဂနီစီယမ်ဓာတ်ချို့တဲ့ပါက $MgSO_4$ ၁–၂ ရာခိုင်နှုန်း ပြင်းအားကို အရွက်ပေါ်ဖျန်းပေးခြင်း၊ ဒိုလိုမိုက်ကျောက်မှုန့်ကို အပင်ခြေတွင် ထည့်ပေးခြင်း

| စဉ် | ကြီးထွားမှုအဆင့် | အသုံးပြုရမည့်ဓာတ်မြေဩဇာ |
|---|---|---|
| ၁။ | ပန်းမပွင့်မီ | NPK (8:24:24) (10-52-17) (15-30-15) |
| ၂။ | ပန်းပွင့်ချိန် | NPK Ca (12:12:17:2) |
| ၃။ | အသီးစတင်ချိန် | NPK (1:1:1) + အနည်းလိုအာဟာရဓာတ် |
| ၄။ | အသီးတင်ချိန် | NPK Ca (12:12:17:2) /(8:24:24) |
| ၅။ | အသီးအားလုံးရုံးပြီးချိန် | NPK (15:15:15) + $H_2SO_4$ + သဘာဝမြေဩဇာ |

များ ပြုလုပ်ပေးရန် လိုအပ်သည်။ ကယ်လ်စီယမ်ချို့တဲ့ပါက အပင်ခြောက်လာခြင်း၊ အရွက်ကြီးထွားမှု နှေးကွေးခြင်း၊ အပင်ကြီးထွားမှုအပိုင်းများ ရပ်တန့်ခြင်း၊ ထိခိုက်ခြင်းများ အတွက် မဖောက်ထုံး (သို့မဟုတ်) ဒိုလိုမိုက် ကျောက်မှုန့်ကို အပင်မစိုက်မီကတည်းက ထည့်ပေးရန် လိုသည်။ သို့ရာတွင် ထုံးပါသောပစ္စည်းများကို အပင်ငယ်စဉ်တွင် ထည့်ပေးပါက အနည်းဆုံးအရေအတွက်သာ ထည့်ပေးရန် သတိပြုသင့်သည်။ သွပ်ဓာတ်ချို့တဲ့မှု မရှိသော်လည်း ဇင့်ဆာလ်ဖိတ် ၂ ရာခိုင်နှုန်းပြင်းအားဖြင့် တစ်နှစ်



မောင်ငြိမ်းအောင်
(တန့်ဆည်)





စာ – ၇ သို့

ရေးပြချင်တဲ့ အတွေးစတစ်မျှင်

# သေမင်းကို အန်တုရဲ



မြတ်စိုး(လှိုင်)

**ထို နေရာကလေးတွေကို ဖြတ်သွားမိတိုင်း သူ့ကို ပို၍ သတိရလာသည်။ သူနှင့်ကျွန်တော် ဆုံမိသည့်နေရာတွေကလည်း အများသား။ ဒီတော့ကာ အကြောင်းဆုံလို့ ထိုနေရာကလေးတွေကို ဖြတ်သွား ဖြတ်လာဆုံမိတိုင်း သူ့ကိုပြန်၍ သတိရလာမိခြင်း ဖြစ်သည်။**

သူမကွယ်လွန်မီအထိ သူနှင့်ကျွန်တော် ရင်းရင်းနှီးနှီးခင်မင်လာခဲ့သည်မှာ အနှစ် ၂၀ ခန့်ကတည်းက ဖြစ်သည်။

ထိုသို့မခင်မီက သူများတွေပြောစကားပုံကိုယူကာ ကျွန်တော့်ကို တော်တော်အထင်လွဲခဲ့သည် ဆို၏။

သည့်နောက်ပိုင်း ဖြစ်ချင်တော့ သူနှင့်ကျွန်တော်အဖွဲ့အစည်းတစ်ခုထဲမှာ မမျှော်လင့်ဘဲ ဆုံရသည်။ အတူတူ လုပ်ကြကိုင်ကြရင်း ကျွန်တော့် ရပ်တည်ချက် ကျွန်တော့်သဘောထားကို သူလက်တွေ့သိရှိမြင်တွေ့လာသည့်အခါ ကျွန်တော့်ကို မိတ်ဆွေတစ်ယောက်အဖြစ် လက်ခံလာကာ တဖြည်းဖြည်းနှင့် ပိုမိုရင်းနှီးလာခဲ့ပြီး နောက်ဆုံးမှာ အစ်ကိုကြီးအရင်းတစ်ယောက်လို သဘောထားကာ ရင်းနှီးမှုခိုင်မာသွားတော့သည်။

တကယ်တော့လည်း သူနှင့်ကျွန်တော် အသက် ၁၀ နှစ်ခန့်ကွာပြီး ရင်းနှီးမှုပိုလာသောအခါတွင် ကျွန်တော့်အတွက်လည်း တကယ့်ညီအရင်းတစ်ယောက်ပမာ ခင်တွယ်လာခဲ့ရသည်။

သူသည် ကလေးအရွယ်ကပင် ဖခင်က သူ့မိခင်နှင့်ကွဲကွာသွားသဖြင့် ဖတဆိုးဘဝမှာ မိခင်ကိုသာအားကိုး၍ ကြီးပြင်းခဲ့ရသည်။

သူ အသက် ၁၀ နှစ်ခန့်တွင် သူ့ဇာတိမြို့ကလေးမှ ကမ်းရိုးတန်းသွား သင်္ဘောကြီးဖြင့် ရန်ကုန်မြို့ရှိ ဘကြီးရှိရာသို့ ထွက်ခွာလာခဲ့စဉ် တစ်ညမှာ သင်္ဘောကြီး သူတို့မြို့မှ ထွက်ခွာစအချိန် သူ့ဇာတိနေအိမ်ကလေးကို လွမ်းဆွေးစွာ ပြန်ငေးကြည့်လိုက်စဉ် သူတို့ရပ်ကွက်ကလေးကို မီးအကြီးအကျယ်လောင်နေသည့်မြင်ကွင်းကို ရင်နင့်ဖွယ်ရာ မြင်တွေ့ခဲ့ရသည် ဆို၏။

ရန်ကုန်မြို့ရောက်တော့လည်း ဘကြီးဘုန်းကြီး၏ကျွေးမွေးပြုစု စောင့်ရှောက်မှုဖြင့် အခြေခံပညာအဆင့်ဖြင့် အလုပ်ဝင်ခဲ့ရသည်။

သူသည် ငယ်စဉ်ကတည်းက ဘဝနာလာခဲ့သူဖြစ်၍ ဝန်ထမ်းဘဝဖြင့် စာရေးဆရာဖြစ်အောင် ကြိုးပမ်းမည်ဟု ရည်မှန်းခဲ့သည်ဆို၏။

လစာနည်းဝန်ထမ်းဘဝဖြင့် သမီးနှစ်ယောက်အပါအဝင် မိသားစုလေးဦးကို ရှုန်းကန်လှုပ်ရှားကျွေးမွေးပြုစုရင်း တစ်ဖက်တွင်လည်း ဝါသနာရင်းဖြစ်သည့် စာရေးဆရာဘဝကို မဖြစ်မနေကြိုးပမ်းလျက် ရှိသည်။

သူသည် ကျန်းမာရေးဝန်ထမ်းဖြစ်၍ သူ့လုပ်ငန်းနှင့် ဆက်စပ်နေသည့် ကျန်းမာရေးကဏ္ဍကို နှံ့စပ်အောင် လေ့လာသင်ယူသည်။ ပြည်တွင်းပြည်ပ စာပေများ ဖတ်ရှုလေ့လာသည့်အပြင် အင်္ဂလိပ်စာကိုပါ လေ့လာကာ ကျန်းမာရေးဘာသာပြန်ဆောင်းပါးများ ကျော်ကြားထင်ရှားသည့် ဆရာဝန်ကြီးများနှင့် ခန်းဆက်အင်တာဗျူးများ ကြိုးစားရေးသားကာ ဆောင်းပါးပေါင်းချုပ်စာအုပ်များဖြင့် လူသိထင်ရှားဖြစ်လာခဲ့သည်။

သူ့ဘဝမှာ ရုန်းကန်ခဲ့ရသည့်အချိန်များတုန်းက အိမ်မှာ စာရေးစားပွဲပင်မရှိ၍ သင်ဖြူးခင်းကာ ဝမ်းဗိုက်အောက်မှာ ခေါင်းအုံးခုပြီး ဝမ်းလျားမှောက်၍ စာရေးခဲ့သည်ဆို၏။

ထိုဘဝမှရုန်းကန်ကြိုးစားခဲ့ရာ သမီးနှစ်ယောက်အတွက် ရည်ရွယ်၍ ရေးသည့် "သမီးကလေးဖတ်ဖို့" စာအုပ်ဖြင့် အမျိုးသားစာပေ (ကလေးစာပေ) ဆုကို ဆွတ်ခူးရရှိခဲ့သည်။

ထိုအချိန်တွင် လူသိပိုများလာကာ ဆေးဆောင်းပါးများ၊ အင်တာဗျူးများအတွက် ပေါင်းချုပ်စာအုပ်များထဲမှ အချို့ဆိုလျှင် အကြိမ်ကြိမ်ပြန်၍ ရိုက်ခဲ့ရကာ စီးပွားရေးပိုအဆင်ပြေလာ၍ ရန်ကုန်မြို့လယ်မှာအခန်းပိုင်ဖြင့် စာအုပ်တိုက်တစ်ခု အောင်မြင်စွာ ထူထောင်လာနိုင်ခဲ့ပြီး ကျွန်တော်နှင့်တစ်မြို့နယ်တည်းတွင် တိုက်နှင့်ကားနှင့်နေထိုင်လာနိုင်ခဲ့သည်။

သူ့အသက် ၅၀ ပြည့်မွေးနေ့က ကျွန်တော်နှင့်စားသောက်ဆိုင်တစ်ခုတွင် နှစ်ယောက်တည်းထိုင်ကာ စားသောက်နေစဉ် "အစ်ကို ကျွန်တော် အသက် ၅၃ နှစ်ပဲနေရမယ်လို့၊ ဗေဒင်အလွန်မှန်တဲ့ ပုဂ္ဂိုလ်ကြီးက ဟောတယ်အစ်ကို"ဟု အားငယ်စွာ စကားဆိုလာသည်။

ကျွန်တော်လည်း သူ့စကားကြောင့် ရုတ်တရက်အံ့အားသင့်သွားသော်လည်း ဖြတ်ခနဲဥာဏ်ကွန့်မြူးဆည်ကာ "အို-ငါ့ညီ ကလည်းကွာ သေတယ်ဆိုတာ သေချင်းတိုင်းသေလို့ရတာမှ မဟုတ်ဘဲ၊ ပျော်ပျော်နေ သေခဲဆိုစကားရှိပြီးသားပဲ"

ထိုနေ့မှစ၍ စိတ်ကိုနဂိုထက်ပျော်အောင် ကျွန်တော်အကူအညီမျိုးစုံ ပေးပါသည်။ အဓိကကတော့ "ဥပါဒါန်ကြောင့် ဥပါဒ်ရောက်"မဖြစ်အောင် သေမယ်ဆိုသည့်ဟောကိန်းကို မေ့နေအောင် ကျွန်တော်အများကြီး ကူညီခဲ့ပါသည်။ ပျော်စရာကောင်းသည့် နေရာစုံကို သူသွားချင်တိုင်း တကယ့်ညီအရင်းပမာ အပင်ပန်းခံကာ အဖော်ပြုပေးခဲ့ပါသည်။

သို့သော် သေမည်ဆိုသည့် ၅၃ နှစ်မှာ ဘာမှမဖြစ်ခဲ့ဘဲ ကျော်ဖြတ်နိုင်ခဲ့သော်လည်း အသက် ၅၆ နှစ်အရောက် ညတစ်ညမှာ နှလုံးက ရုတ်တရက်အောင့်ကာ သေမတတ်ဖြစ်လာ၍ ရန်ကုန်ဆေးရုံကြီးကို အချိန်မီပို့နိုင်ခဲ့သဖြင့်သာ သေဘေးက သီသီကလေးကျော်လွှားသွားခဲ့ပါသည်။

သို့သော် မိသားစုနှင့်ကျွန်တော့်ကိုသာ မပြောသော်လည်း ရင်ထဲက သေလောက်သည့်ဝေဒနာကို သူ့ခမျာ ကြိတ်မှိတ်ခံစားနေရပုံ ပေါ်ပါသည်။

သူသည် အသက် ၅၀ ပြည့်မွေးနေ့အထိ အမျိုးသားစာပေဆုရစာအုပ် အပါအဝင် စာအုပ် ၁၆ အုပ်ရေးပြီးခဲ့ပါသည်။

သို့သော် ထိုနေ့ကစ၍ သေမင်းကို အန်တုကာ ရသမျှအချိန်တွေကို အကျိုးရှိစွာ အသုံးပြုသွားရာ သူကွယ်လွန်သည့် အသက် ၆၃ နှစ်တွင် စာအုပ် ၆၃ အုပ်အထိ ရေးသားပြုစုထားရှိခဲ့နိုင်ပါသည်။

သူသည် လူသားတာဝန်တစ်ခု ကျေပွန်ခဲ့ပါသည်။ မကွယ်လွန်မီ အလှူဒါနတွေလည်း အများအပြားပြုနိုင်ခဲ့ပါသည်။

အခုတော့ ကျန်ရစ်သူများထဲက ကျွန်တော့်အတွက်တော့ ညီတစ်ယောက် ဆုံးပါးသွားသလို ခံစားရင်း နေရာဟောင်းတွေကိုကြည့်ကာ အလွမ်းဖြေနေရဆဲပင်။ ■

အတွေးနှင့်ရသ

# လူနှင့်ဥပေက္ခာ

မောင်မြင့်အောင်

**အခု တလော အမေ့ကို မကြာခဏ သတိရနေမိသည်။ အဘယ်ကြောင့်ဆိုသော် အမေသည် လွန်ခဲ့သော ၁၅ နှစ်ယခုလို မေလပထမပတ်တွင် ကွယ်လွန်သွားသောကြောင့်ဖြစ်သည်။ သို့သော် ပြက္ခဒိန်မည်မျှပင် ပြောင်းလဲသွားစေကာမူ အမေ့ကိုလွမ်းသည့်အလွမ်းတွေက ထုတ်မဝတ်ရသေးသော အင်္ကျီအဖြူတစ်ထည်လို ထာဝရသစ်လွင်နေဆဲဖြစ်၏။**

တကယ်တော့ ကျွန်တော်သည် ပညာမစုံခင် ကြင်ယာစုံခဲ့သူဖြစ်သဖြင့် ကျွန်တော်ရသည့်ဝင်ငွေက ကိုယ့်မိသားစုအတွက်ပင် မလောက်ငခဲ့ပေ။ ထို့ကြောင့် ရွာမှာနေသော အမေ့ကိုပြည့်စုံအောင် မထောက်ပံ့နိုင်ခဲ့။ သို့သော် တတ်နိုင်သလောက် မိန်းမသိအောင်တစ်မျိုး မသိအောင်တစ်မျိုးပေးခဲ့သည်။ မည်သို့ပင်ဖြစ်စေ အမေက မိခင်ပီပီ ကျွန်တော့်ကို ခွင့်လွှတ်ပြီး လူကြုံရှိတိုင်း ဒေသထွက်အစားအစာများကို ပို့ပေးနေဆဲဖြစ်သည်။ ထို့ကြောင့် ကျွန်တော်၏တာဝန်မကျေမှုများအတွက် စိတ်မကောင်းဖြစ်ရပြန်သည်။

ထို့ကြောင့် အဆင်ပြေသည့်လ ရွာပြန်မည်ဟု စိတ်ကူးထားသော်လည်း ကလေးတစ်ယောက်ရလာခြင်းနှင့်အတူ အိမ်လခနှင့်အမြင့်ရောက်နေသော ကုန်စျေးနှုန်းများကြောင့် ရွာပြန်မည့်စိတ်ကူးလေးများလည်း အရည်ပျော်ခဲ့ရပြန်သည်။

× × ×

ယနေ့အလုပ်ကအပြန် YBS မှတ်တိုင်သို့ လျှောက်လာစဉ် တစ်ဖက်မှလျှောက်လာသော သူငယ်ချင်းမင်းလွင်၏ အမေ အန်တီလွင်နှင့် မမျှော်လင့်ဘဲ ဆုံမိသည်။

"အန်တီ မတွေ့တာကြာပြီနော်"

"အေး-မိသားစုနေကောင်းတယ်နော်"

"ဟုတ်ကဲ့ - အန်တီ"

"ဒါနဲ့ မင်းသူငယ်ချင်းနဲ့တွေ့သေးလား"

"အခုတလော မတွေ့ဖြစ်ဘူး အန်တီ၊ အလုပ်နည်းနည်းများနေလို"

ထိုစဉ် ကျွန်တော့်မိတ်ဆွေတစ်ယောက်နှင့်တွေ့သဖြင့် အန်တီနှင့်စကားစပြတ်သွားသည်။

"ဒါနဲ့အန်တီ-မင်းလွင် အန်တီဆီလာရဲ့လား"

အန်တီကပြုံးသည်။ ထိုအပြုံးကို ကျွန်တော်နားလည်သလိုလိုရှိသော်လည်း အတိအကျသရုပ်မခွဲတတ်ပေ။ သို့သော် အန်တီ့အပြုံးမှာ နောက်ဆက်တွဲစကားလုံးတွေရှိနေသည်ကိုတော့ ကျွန်တော်သိနေသည်။

ထို့နောက် အန်တီက အရောင်လွင့်နေသော ခေါက်ထီးအဟောင်းလေးကို ကြေးနန်းကြိုးနှင့်လိမ်ထားသော ပလတ်စတစ်ခြင်းထဲမှထုတ်ပြီး ရေရောထားသည့်အပြုံးနှင့် ကျွန်တော့်ကိုကြည့်ရင်း စကားတစ်ခွန်းပြောလိုက်သည်။

"မလာပါဘူးကွယ်၊ မင်းသူငယ်ချင်းက သူ့အိမ်မှာ လုပ်စရာအလုပ်ရှိမှ အန်တီ့ကိုလာခေါ်တာ"

ကျွန်တော့်ရင်ထဲထိသွားသည်။ ကျွန်တော်မည်သည့်နှစ်သိမ့်စကားမျှမပြောရသေးခင်မှာပင် အန်တီက ကျွန်တော့်ကို နှုတ်ဆက်ပြီး မြင်ကွင်းမှပပျောက်သွားသည်။

သေချာသည်မှာ မိနီမတ်ကက်တစ်ခုတွင် ရွှေဆိုင်နှင့် လက်ကိုင်ဖုန်းအရောင်းဆိုင်ဖွင့်ထားသော သူငယ်ချင်း မင်းလွင်ဆိုင်သို့ မနက်ဖြန်ကျွန်တော့်အရောက်သွားရပေဦးမည်။ ■



## မှိုင်းခံရော်ဘာထုတ်လုပ်ခြင်း သရုပ်ပြပွဲ ကော့မှူးမြို့နယ်တွင် ကျင်းပ

**မှိုင်းခံ** ရော်ဘာထုတ်လုပ်ခြင်းသရုပ်ပြပွဲကို ကော့မှူးမြို့နယ် ငှက်အော်စမ်းကျေးရွာ ဦးသောင်းမြင့်မှိုင်းခံရော်ဘာရုံတွင် ၁၉.၃.၁၉ က ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်အေးမီမီစိုး၊ ကော့မှူးမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးကျော်ဆွေဝင်းနှင့် တာဝန်ရှိသူများ၊ ငါးလုပ်ငန်းဦးစီးဌာန၊ စက်မှုလယ်ယာ ဦးစီးဌာနအပါအဝင် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရော်ဘာစိုက်တောင်သူများ၊ ရော်ဘာခြံရှင်များ တက်ရောက်ကြပြီး ဒုတိယညွှန်ကြားရေးမှူး ဒေါ်အေးမီမီစိုးက ရော်ဘာအစေးရည်မှ မှိုင်းခံရော်ဘာထုတ်လုပ်ခြင်း နည်းလမ်းအဆင့်ဆင့်ကို လက်တွေ့ရှင်းလင်းပြသသည်။

တိုင်းဦးစီးမှူးရုံး

# ဈေးကွက်ချဲ့ရန်လိုအပ်လာသော မြန်မာ့လက်ဖက်ပို့ကုန်

ဘုန်းမြတ်

**ချင်းတွင်းမြစ်အထက်ပိုင်း၊ ဟုမ္မလင်း၊ ခန္တီးဒေသတွင် နေထိုင်ဖြတ်သန်းသွားလာခဲ့ရသော ၁၉၇၅ ခုနှစ် ကာလများက မြစ်ကမ်းဘေးရွာများ၌ လက်ဖက်ပင်များ စိုက်ပျိုးကြသည်ကို မြင်တွေ့ခဲ့ဖူးသည်။ လက်ဖက်စို၊ လက်ဖက်ခြောက်များလည်း ထုတ်လုပ်ရောင်းချနေကြသည်။**

သို့သော် ချင်းတွင်းလက်ဖက်သည် နာမည်မကြီးခဲ့။ မုံရွာဈေးကွက်ရောက်သွားလျှင် ရှမ်းပြည်နယ်ထွက် လက်ဖက်က ဈေးကွက်ရောနှောဝင်ရောက်သွားကြသည်။ ဟုမ္မလင်းမြို့နယ်တွင် လက်ဖက်စိုက်ကြသည်ကို မသိကြသူက များသည်။ သို့သော် ကယားနှင့် မောင်းခမ်းစသည့်ရွာများသည် လက်ဖက်ကောင်းထွက်သည့်ရွာများ ဖြစ်ကြသည်။

လက်ဖက်ပင်စိုက်ပျိုးပြီး အခါးခြောက် (အညာဒေသ)အခေါ် အဖန်ခြောက်ဆိုသည့် (Green Tea)၊ လက်ဖက်စို (Pickle Tea)၊ အချိုခြောက် (Black Tea) ထုတ်လုပ်ရောင်းချကြသည်မှာ လက်ဖက်စိုက်ပျိုးကြသော ဒေသတိုင်းလိုလိုဖြစ်သည်။ သို့သော် ချင်းတွင်းအထက်ပိုင်းဒေသနှင့် လက်ဖက်စိုက်ပျိုးရေးသည် အခြားသောဒေသများနှင့်မတူ တစ်မူထူးခြားသည်။

လက်ဖက်ပင်၏အဓိကထွက်ကုန်သည် အရွက်ဖြစ်သည်။ ချင်းတွင်းမြစ်အညာဒေသတွင် လက်ဖက်စို၊ လက်ဖက်ခြောက်အပြင် လက်ဖက်စေ့ကိုလည်း မျိုးအဖြစ်ရောင်းချခဲ့ဖူးသည်။ ချင်းတွင်းမြစ်ဖျားအထက်ပိုင်းဒေသများ၏ လက်ဖက်စိုက်ပျိုးမှုသည် ပလောင်ဒေသမှ မျိုးယူ၍ ခရစ်နှစ် ၁၆၀၀ ကျော် ၁၇၀၀ခန့်က ရောက်ရှိလာသည်ဟု ဆိုသည်။ (ဒေါ်ကြန်ရေးသည့် သမိုင်းရာပုံတော်ခရီး)၊ ခန္တီးရှမ်းတို့ဒေသ လက်ဖက်ခူးကြသည်မှာလည်း တစ်နှစ်သုံးကြိမ်ရှိသည်။ (တန်ခူး၊ ကဆုန်တစ်ကြိမ် ဝါဆို၊ ဝါခေါင်တစ်ကြိမ်၊ တော်သလင်း၊ သီးတင်းကျွတ်တစ်ကြိမ်ဖြစ်သည်။) မိုးလွတ်လက်ဖက်သည် တန်ခူး၊ ကဆုန်ခူးသောရွက်နုဖြစ်သည်။ မျိုးစေ့ရောင်းချမှုသည် ၁၈၇၅ ခုနှစ်မှစတင်ခဲ့ပြီး မဏိပူရ၊ အာသံပြည်ဘက်သို့ရောင်းချကြသဖြင့် နာမည်ကြီးအာသံပြည်နယ် လက်ဖက်များသည် မြန်မာနိုင်ငံပလောင်ဒေသမှ ချင်းတွင်းရောက်ပြီး ချင်းတွင်းမှရောက်သွားသည့် လက်ဖက်မျိုးများ ဖြစ်နိုင်ပါသည်။

လက်ဖက်ပင်စိုက်ပျိုးပြီး သုံးနှစ်အကြာတွင် အရွက်ခူးကြသည်။ အချို့ဒေသမှာမူ ငါးနှစ်မှခူးသည်။ အပင်သက်ရှစ်နှစ်ရှိလျှင် လက်ဖက်စေ့ မျိုးခံ မျိုးယူကြသည်။ လက်ဖက်ပင် ၁၅ နှစ်ဆိုလျှင် မျိုးစေ့များများ ရရှိသည်။ အပင်အိုများလျှင် အစေ့နှင့်အရွက်မကောင်း၍ ပင်ပျိုအမြဲဖြစ်ရန် ပုံသွင်း၊ အပင်ဖြတ်၊ ကိုင်းဖြတ်ရသည်။ အောက်တိုဘာ၊ နိုဝင်ဘာတွင် (တတိယအကြိမ် လက်ဖက်ခူးပြီးသည့်နောက်ပိုင်း)၌ လက်ဖက်ပင်မှ အစေ့ထုတ်ယူကြသည်။ ဤလုပ်ငန်းတစ်ရပ်ရှိခဲ့ဖူးသည်ကို သမိုင်းတစ်စတွင် တွေ့ခဲ့ရသည်။

မြန်မာ့လက်ဖက်သည် လက်ဖက်ခြောက်ဈေးကွက်သာမက လက်ဖက်အစိုဈေးကွက်ကလည်း ပြည်ပသို့ရောက်နေပြီ။ ထုပ်ပိုးပြုပြင်မှု ခေတ်မီသောနည်းစနစ်များနှင့် ဘေးကင်းသောအစားအစာအဖြစ် ထုတ်လုပ်နိုင်ခဲ့မှုကြောင့် ပြည်ပဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်နိုင်ခြင်း ဖြစ်သည်။ လက်ဖက်ရည်အချိုခြောက်ကိုလည်း ဆိုးဆေးကင်းသည့် ပြုပြင်မှု၊ တာရှည်ခံထုပ်ပိုးမှုဖြင့် နည်းစနစ်၊ နည်းပညာအသုံးချ၍ ပြည်ပဈေးကွက်ရနိုင်သကဲ့သို့ ရှေးကာလ ဗြိတိသျှတို့အုပ်စိုးစဉ်က ချင်းတွင်းမြစ်ညာလက်ဖက်မျိုးစေ့ရောင်းချမှုဈေးကွက်မျိုး လုပ်ကိုင်နိုင်လျှင်လည်း ဟန်ကျနိုင်ပါသည်။

လက်ဖက်စိုက်ပျိုးမှုနှင့်ပတ်သက်၍ ရှမ်းပြည်နယ်မြောက်ပိုင်းဒေသအချို့တွင် ခေတ်မီတောင်စောင်း တစ်ခွင်တစ်ပြင်စနစ်မျိုးဖြင့် ရေဖျန်းစိုက်ပျိုးမှုရှိနေသော်လည်း အများစုသည် လက်ဖက်စိုက်စနစ်ပြောင်းလဲပြုပြင်ရပါဦးမည်။ သင်တန်းများ၊ အပင်ဖြတ်ပုံသွင်းနည်းစနစ်များကိုလည်း တတ်ကျွမ်းသူများက နည်းပညာပေးနေသော်လည်း တိုးချဲ့ရပါဦးမည်။

၁၉၉၂ ခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံရှိ လက်ဖက်စိုက်ခင်းများကို လေ့လာခဲ့ဖူးပါသည်။ အားလုံးသောစိုက်ခင်းများသည် စနစ်မှန်ပုံသွင်း၊ လူခါးဖောင်းအရွယ်၊ မြွေလိမ်မြွေကောက်ကဲ့သို့ လိုင်းအတန်းများဖြင့် စိုက်ခင်းများဖြစ်ကြသည်။

လက်ဖက်ပင်သည်လည်း နှစ်ရှည်ပင်ဖြစ်သည်။ အနှစ် ၄၀၊ ၅၀ ထားကြပါသော်လည်း **“အစေ့စိုက်လျှင်၊ နှစ်တစ်ထောင်၊ ကိုင်းဖြတ်စိုက်လျှင် နှစ်တစ်ရာ”**ဟု ဆိုစကားပင်ရှိသည်။ လက်ဖက်စိုက်လျှင် တောင်စောင်းကွန်တိုအလိုက် အရစ်ပတ်စိုက်သင့်သည်။ တောင်ထိပ်မှ တောင်ခြေသို့ စိုက်တန်းဆွဲစိုက်ခြင်းမပြုသင့်ပေ။ ၁၉၈၀ ပြည့်နှစ်တစ်ဝိုက်က ချင်းပြည်နယ်သို့ ရောက်ခဲ့စဉ် ဖလမ်း၊ ဟားခါး၊ ရမ်ကလောင် စိုက်ပျိုးရေးခြံတွင် စနစ်မှန်ဖြင့် ကွန်တိုလိုင်းဆွဲ၍ တောင်စောင်းတွင် စိုက်ပျိုးထားသဖြင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးပြီး ပြက္ခဒိန်ပင် ထုတ်ခဲ့ဖူးသည်။

ရှမ်းပြည်နယ် ပင်လောင်းမှလက်ဖက်ပျိုးပင်များကို သယ်ယူ၍



တီးတိန်စိုက်ပျိုးရေးခြံတွင် ပျိုးပင်ထိန်းသိမ်းစောင့်ရှောက်ပြီး ရမ်ကလောင်တွင် စိုက်ပျိုးခဲ့ကြခြင်းဖြစ်သည်ဟု သိရသည်။

ရှမ်းပြည်နယ်ကဲ့သို့ပင် ချင်းပြည်နယ်သည်လည်း ယခုအခါ လက်ဖက်ပြည်နယ်ဟု ခေါ်ဆိုနိုင်သည်အထိ တိုးချဲ့စိုက်ပျိုးနေကြပြီး လက်ဖက်ခြောက်ကောင်းများ ထွက်ရှိနေပါပြီ။

မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ် အင်္ဂဘိုစိုက်ပျိုးရေးဥယျာဉ်ခြံတွင်လည်း ၂၀၀၁ ခုနှစ်ခန့်က လက်ဖက်ပင် တစ်ဧကစမ်းသပ်စိုက်ပျိုးခဲ့ဖူးပါသည်။ ထို့နောက် လက်ဖက်စိုက်ဧက ၇၀ ကျော်အထိ မွန်ပြည်နယ်တွင် ရှိခဲ့ဖူးကြောင်း မှတ်တမ်းတစ်ခုတွင် တွေ့ရသည်။

လက်ဖက်၏အရည်အသွေးမှာလည်း တောင်ပေါ်ဒေသဖြစ်လျှင် ပင်လယ်ရေမျက်နှာပြင်၏ အမြင့်ပေကလည်း စကားပြောသည်။ လက်ဖက်ကောင်း၊ အနံ့အရသာအရည်အသွေးကောင်း လက်ဖက်သည် တောင်အမြင့်ပေ ၄၀၀၀ မှ ၆၀၀၀ တွင် ရှိသည့်ဒေသ။ ပျမ်းမျှအပူချိန် ၅၂ ဒီဂရီဖာရင်ဟိုက် အရိပ်အောက်တွင် အမြင့်ဆုံးအပူချိန် ၉၀ ဒီဂရီဖာရင်ဟိုက်ရှိနေပြီး တစ်နှစ်လုံးမိုးရေချိန် လက်မ ၅၀ မှ လက်မ ၆၀ အထိ ရှိပြီး မိုးရွာသွန်းမှု ညီညာမှ အရည်အသွေးကောင်း လက်ဖက်ကို ရရှိနိုင်သည်။ ပင်လယ်ရေမျက်နှာပြင်မှ အမြင့်ပိုင်းရောက်လေ လက်ဖက်ကောင်းရလေဖြစ်သည်။ ရှမ်းပြည်နယ် သိန္နီ၊ သီပေါဘက်မှ အတွင်းတောင်လက်ဖက်၊ အပြင်တောင်လက်ဖက်တို့ရှိကြပြီး အတွင်းတောင်လက်ဖက်ထဲ၌ ကျောက်မဲ၊ နမ့်ဆန်ဒေသ၊ ဇယန်းရွာ လက်ဖက်သည် စိမ်းဝါရောင်ရှိပြီး အရသာမှာခါးသက်၍ချိုသည်။ နာမည်ကြီးလက်ဖက်ဖြစ်သည်။ အပြင်တောင်လက်ဖက်တွင်လည်း သီပေါနယ်နှင့် မိုင်းလုံနယ်ထဲမှ နမ့်ဖော၊ ကွမ်မောက်လက်ဖက်တို့သည်လည်း လက်ဖက်ကောင်းများဖြစ်ကြပါသည်။ ကျွန်တော်တို့ မန္တလေး စိုက်ပျိုးရေးတက္ကသိုလ်တွင် တက်ခဲ့စဉ်ကာလ ၁၉၆၅ နှင့် ၁၉၆၆ ခုနှစ်တို့တွင် မန္တလေးမြို့ ဘုရားကြီး (မဟာမုနိ) တစ်ဝိုက် ရှမ်းပွဲရုပ်တွင် လက်ဖက်ပွဲရုံကြီးများရှိသည်။ ရှမ်းကုန်သည်တို့ကို ရှမ်းပွဲဝိုင်းအဖြစ် လက်ဖက်ရောင်းဝယ်ရေးလုပ်ကိုင်မှုကို ၁၈၉၀ ပြည့်နှစ်တစ်ဝိုက်က ချထားပေးခဲ့သည်ဟု သိရသည်။

ကမ္ဘာ့နိုင်ငံများတွင် လက်ဖက်စားသုံးမှုအများဆုံးနိုင်ငံသည် အိန္ဒိယနိုင်ငံဖြစ်သည်ဟု သိရသည်။ လက်ဖက်အချိုခြောက်နှင့်ဖျော်သော လက်ဖက်ရည်သောက်သုံးမှု အများဆုံးဖြစ်ပါလိမ့်မည်။ အိန္ဒိယနိုင်ငံအနှံ့ မြို့ပြကျေးရွာများအထိ လက်ဖက်ရည်သောက်သုံးမှုသည် ခွက်သေး၊ ခွက်ငယ်၊ မြေကြီးမီးဖုတ်ထားသော အကြမ်းခံပန်းကန်ခွက်အရွယ်နှင့် ခပ်ပျစ်ပျစ် သောက်သုံးကြသည်ကို တွေ့မြင်ဖူးသည်။ လူတစ်ဦးချင်း လက်ဖက်စားသုံးမှုအများဆုံးမှာ တူရကီနိုင်ငံဖြစ်သည်။ တရုတ်နိုင်ငံသည် အကြမ်းခြောက် အခါးရည်သောက်သုံးမှုအများဆုံးနိုင်ငံ ဖြစ်သည်ဆို၏။ ဂျပန်နိုင်ငံတွင် လက်ဖက်ခြောက်အခါးရည်သည် စိမ်းဖန့်ဖန့်အရောင် ဖြစ်သည်။ မြန်မာနိုင်ငံသည် လက်ဖက်အစိုကို ပုံစံအမျိုးမျိုးဖြင့် စားသုံးကြသောနိုင်ငံ ဖြစ်သည်။ ရှမ်းပြည်နယ်၊ နမ့်ခမ်း၊ ကိုးကန့်၊ ပင်လောင်း၊ ကလော၊ အောင်ပန်း၊ နမ့်ဆန်၊ တောင်ကြီး၊ နမ့်စန်တို့တွင် လက်ဖက်စို၊ လက်ဖက်ခြောက် ရောင်းဝယ်မှုများပြားသည်။

ချင်းရွှေဟော်မြို့သို့ရောက်ရှိစဉ်က ဝယ်ယူသောက်သုံးခဲ့ရသော ရွှေဖီမိုးလွတ်လက်ဖက်ခြောက်သည် မိမိအနေဖြင့် အကြိုက်ဆုံး ဖြစ်သည်။

အမြင့်ပေ ၆၀၀၀ ကျော်ရှိသော ကုန်းမြင့်များတွင် ဧပြီလသည် လက်ဖက်ရွက်သစ်ဝေသောကာလဖြစ်သည်။ **သကြံန်မိုးမရွာမီ ခူးဆွတ်ရရှိသော လက်ဖက်ဖြစ်၍ ရွှေဖီမိုးလွတ်ဟု ခေါ်ကြသည်။** ချင်းပြည်နယ်ထွက် လက်ဖက်သည်လည်း အမျိုးအစားကောင်းပါသည်။ စိုက်ပျိုးမှုနှင့်ရောင်းဝယ်မှုကို တွင်ကျယ်အောင် ပြုလုပ်ပေးနိုင်လျှင် ချင်းပြည်နယ်၏ လက်ဖက်မှာ ဈေးကွက်ကောင်းရလာနိုင်သည်။

မြန်မာ့ဆိုရိုးစကားတွင် **“လက်ဖက်တစ်ရိုး၊ ကွမ်းရိုးတစ်ညှာ”** ဟု ပြောကြသည်။ ရှေးက လက်ဖက်စားလျှင် လက်ညှိုးနှင့်လက်မကြားတွင် ပါရုံဆိုရုံကလေးမှ လက်ဖက်တစ်ရိုးသာ အနည်းငယ် ယူ၍



အရသာခံ၍စားသုံးကြသည်။ ကွမ်းကိုလည်း အရသာခံ၍ ကွမ်းရိုးတစ်ညှာတစ်ရွက်ကိုသာ စားကြသည်ဟု ဆိုလိုရင်းဖြစ်သည်။ ယခုတော့ လက်ဖက်ကိုလည်း စံပယ်ပွင့်၊ ကောက်ညှင်းမွှေးတို့ရောနှော၍ ရောင်းချလာကြသည်။

တစ်ချိန်က တရုတ်မျိုးနှင့်မဏိပူရမျိုးဟု လက်ဖက်နှစ်မျိုးဟု ဖော်ပြခဲ့ရာမှ ယခုအခါ အင်ဒိုချိုင်းနားမျိုးထပ်တိုးလာ၍ သုံးမျိုးရှိလာသည်။ တရုတ်မျိုးက အပင်ပုသည်။ အထွက်နည်းသည်။ မဏိပူရမျိုး (အာသံမျိုး)သည် အပင်ကြီးသည်။ အထွက်ကောင်းသည်။ အင်ဒိုချိုင်းနားမျိုးကတော့ အလယ်အလတ်မျိုးဖြစ်သည်။ လက်ဖက်စိုက်ပျိုးမှုတွင် စိုက်ပျိုးပြီးလေးနှစ်အကြာမှ အရွက်ခူးနိုင်သဖြင့် အစေ့စိုက်မပြုလုပ်ဘဲ ပျိုးပင်ဖြစ်စေ၊ ကိုင်းကူးကိုင်းဆက်အပင်ဖြစ်စေ စိုက်ပျိုးသင့်သည်။ သို့မှသာ စိုက်ပျိုးပြီး နှစ်နှစ်အကြာတွင် အရွက်ခူးနိုင်သည်။

လက်ဖက်စိုက်ပျိုးရေးတွင် **မျိုးကောင်းမျိုးသန့်စိုက်ပျိုးရန် ဖြစ်ထွန်းသောဒေသများတွင် မျိုး၊ နည်းပညာပြုပြင်ပြောင်းလဲ၍ အထွက်ကောင်းအောင်ပြုလုပ်ရန်နှင့် ရောင်းချပြုပြင်ထုပ်ပိုးမှု စနစ်ကောင်းရန် ပြုပြင်ပြောင်းလဲမှု လုပ်ပေးနိုင်လျှင် မြန်မာ့လက်ဖက်သည် ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေးအသုံးပြုမှုစနစ်တကျရှိပြီး ထွက်ရှိလာသော လက်ဖက်ရွက်သည် အလိုလိုနေရင်း အော်ဂဲနစ်ဖြစ်နေသည်။ သို့သော် လက်ဖက်စို၊ လက်ဖက်ခြောက်ပြုလုပ်ရာတွင် အဝါရောင်ဆိုးဆေးသုံးမှု၊ လက်ဖက်စိုဖိသိပ်ပြုလုပ်ရာတွင် မသန့်ရှင်းမှုများကိုမူ ဆင်ခြင်လိုက်နာသင့်သည်။**

လက်ရှိတွင် အပင်ပုံသွင်းကိုင်းဖြတ်စနစ် စနစ်တကျမရှိသည်က များသည်။ လက်ဖက်ခူးရာတွင်လည်း တစ်ညွှန့်နှစ်ညွှန့်မခူးကြဘဲ နှစ်ရွက်ထက်ပိုခူးပြီး အရွက်များများရအောင်ယူခြင်းတို့သည် လက်ဖက်ကောင်းအရည်အသွေးကို ထိခိုက်စေသည်။ အညာမြို့ကြီးများတွင် လွန်ခဲ့သော အနှစ် ၂၀ ကာလက မိုးစပါးရိတ်ပြီးချိန် အလုပ်အားချိန်တွင် ကျေးလက်မှ တောင်သူမိသားစုများသည် ရှမ်းပြည်နယ်သို့ ကုန်ကားကြီးများဖြင့် အုပ်လိုက်ရွှေ့ပြောင်းသွားလာကာ လက်ဖက်ခူးကြသည်။ အချိန်တန်ရွာပြန်လာလျှင် ခူးခလက်ဖက်ခြောက်နှင့်ရောင်းချရန် လက်ဖက်ခြောက်တို့ ပါလာကြသည်။ ယခု ဤမြင်ကွင်းမျိုးတွေ မတွေ့ရတော့ပေ။ မိုးစပါးတစ်သီးသာမက နွေစပါးနှင့်သီးထပ်စိုက်ပျိုးမှု ဆည်တာတမံများ တိုးချဲ့တည်ဆောက်၍ ရေရရှိမှုတို့ကြောင့်လည်း ဖြစ်နိုင်သကဲ့သို့ ရွှေ့ပြောင်းလုပ်သားထက် ရွာမြဲသည့်လုပ်ငန်းများ ရှိလာ၍လည်း ဖြစ်နိုင်ပါလိမ့်မည်။

လက်ဖက်တင်ပို့စိုက်ပျိုးရောင်းချနေသော နိုင်ငံများကို လေ့လာကြည့်လျှင် မြန်မာ့အိမ်နီးချင်းနိုင်ငံများက များပြားသည်။ အိန္ဒိယ၊ တရုတ်၊ သီရိလင်္ကာ၊ ဘင်္ဂလားဒေ့ရှ်တို့ဖြစ်ကြသည်။ အာဆီယံနိုင်ငံများတွင် အင်ဒိုနီးရှား၊ ဗီယက်နမ်ပြီးလျှင် မြန်မာသည် လက်ဖက်စိုက်ဧကများပြားသည်။ ထိုင်းနိုင်ငံတွင် မြောက်ပိုင်းဒေသကုန်းမြင့်များ၌သာ စိုက်ပျိုးနိုင်ကြသည်။ ဂျပန်နှင့်ကိုရီးယားသမ္မတနိုင်ငံတို့သည် လက်ဖက်စိုက်ပျိုးမှုရှိသော်လည်း ပြည်တွင်းသို့ တင်သွင်းအသုံးပြုမှု များပြားသည်။ ကမ္ဘာတွင် လက်ဖက်စီးပွားဖြစ်တင်ပို့သောနိုင်ငံများမှာ တရုတ်၊ အိန္ဒိယ၊ သီရိလင်္ကာ၊ ကင်ညာ၊ တူရကီ၊ အီရန်နှင့်အာဂျင်တီးနားတို့ ဖြစ်ကြသည်။

မြန်မာနိုင်ငံတွင် လက်ဖက်ကိုအခြောက်ခံအသုံးပြုခြင်းအပြင် လက်ဖက်စိုစားသုံးမှုများပြားသဖြင့် ထူးခြားသောနိုင်ငံဖြစ်သည်။ ဝေးလံသီခေါင် တောင်တန်းဒေသများ၏ စီးပွားရေးမြှင့်တင်နိုင်သော သီးနှံပင်ဖြစ်သည်။ လက်ဖက်စိုပြုလုပ်ရာတွင် ပိုးသတ်ဆေးမသုံးကြသော်လည်း လက်ဖက်ကြာကြာအထားမခံဘဲ ပုပ်ရိုမှုမရှိစေရန် အဝတ်အထည်

စာ - ၇ သို့

စာ – ၆ ဈေးကွက်တိုးချဲ့လက်ဖက် မှ

အရောင်ဆိုးဆေးမျိုးသုံးကြသဖြင့် အန္တရာယ်ဖြစ်စေသည်။ ပြည်ပသို့ တင်ပို့နေပြီဖြစ်၍ ဈေးကွက်ကောင်းရနိုင်သည်။ လူဦးရေ ၃ ဒသမ ၅ ဘီလီယံကျော် ဈေးကွက်ရှိသည့် အိန္ဒိယ၊ တရုတ်၊ အာဆီယံဒေသဈေးကွက်က ရှိနေပြီဖြစ်သည်။ သို့သော် နိုင်ငံတကာသို့တင်ပို့ရန် အော်ဂဲနစ်လက်မှတ်ဂျီအေပီလက်မှတ်တို့ ထုတ်ပေးနေပြီဖြစ်ရာ သန့်ရှင်းကျန်းမာအန္တရာယ်ကင်းသော သဘာဝသီးနှံထွက်ကုန် Safe Farm မှ ထွက်သော Safe Food ဖြစ်ရန် လိုပါသည်။ မြန်မာ့လက်ဖက်ဈေးကွက်သည် ရေရှည်တိုးတက်နိုင်ပါသည်။ လက်ဖက်စိုက်ပျိုးမှုသည်လည်း တိုးတက်အောင် စနစ်ကောင်းစနစ်မှန်ကျင့်သုံးသော စိုက်ခင်းများအဖြစ် တိုးမြှင့်ချိန်တန်ပြီ။ သမားရိုးကျစိုက်ပျိုးမှုမှ သိပ္ပံနည်းကျ အရည်အသွေးကောင်း လက်ဖက်များ စိုက်ပျိုးထုတ်လုပ်ရန် အချိန်တန်ပြီ။ ■



# အာဆီယံဒေသတွင်း ရာသီဥတုဒဏ်ခံနိုင်ရည်ရှိမှုနှင့် တန်ဖိုးမြှင့်ထွက်ကုန်များရရှိရေး စပါးမျိုးရိုးဗီဇ ဖော်ထုတ်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ရေဆင်းတွင် ကျင်းပ

ရေဆင်း မတ် ၂၅

**စိုက်ပျိုးရေးသုတေသနဦးစီးဌာန (DAR) နှင့် အပြည်ပြည်ဆိုင်ရာ ဆန်စပါးသုတေသနဌာန (IRRI) တို့ ပူးပေါင်း၍ အာဆီယံဒေသတွင်း ရာသီဥတုဒဏ်ခံနိုင်ရည်ရှိမှုနှင့် တန်ဖိုးမြှင့်ထွက်ကုန်များရရှိရေးအတွက် စပါးမျိုးရိုးဗီဇဖော်ထုတ်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို နေပြည်တော် ရေဆင်းရှိ စိုက်ပျိုးရေးသုတေသနဦးစီးဌာန နဝရတ်ခန်းမ၌ ၂၀၁၉ ခုနှစ် မတ် ၂၅ ရက်နှင့် ၂၆ ရက်များက ကျင်းပရာ စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနိုင်ကြည်ဝင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများနှင့် သုတေသနပညာရှင်များ၊ စီမံကိန်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆွေလင်း၊ ညွှန်ကြားရေးမှူးနှင့် စိုက်ပျိုးရေးပညာရှင်များ၊ စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ IRRI မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။**




အလုပ်ရုံဆွေးနွေးပွဲတွင် အာဆီယံ ဒေသတွင်း ရာသီဥတုဒဏ်ခံနိုင်ရည်ရှိမှုနှင့် တန်ဖိုးမြှင့်ထွက်ကုန်များရရှိရေးအတွက် စပါးမျိုးရိုးဗီဇဖော်ထုတ်နိုင်ရေး ဆောင်ရွက်ရန် စီမံကိန်းလုပ်ငန်းများ ချမှတ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး၊ လက်ရှိ မြန်မာနိုင်ငံ၏ ဆန်စပါးမျိုးရိုးဗီဇများ စုဆောင်းကာ ထိန်းသိမ်းထားရှိမှု၊ ဗီဇလက္ခဏာများ အကဲဖြတ်စိစစ်ထားရှိမှုများ၊ အာဆီယံဒေသတွင်း နိုင်ငံအလိုက် စပါးစိုက်ပျိုးထုတ်လုပ်မှုများနှင့် စပါးမျိုးရိုး ဗီဇကွဲစစ်တမ်းများနှင့် ပတ်သက်၍ ညှိနှိုင်းဆွေးနွေးကြပြီး စပါးသုတေသနနှင့် တန်ဖိုးမြှင့်ထွက်ကုန်များရရှိရန် သုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးလုပ်ငန်းများကို ငါးနှစ်စီမံကိန်းကာလအတွင်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ဆွေးနွေးညှိနှိုင်းကြသည်။

**စိုက်ပျိုးရေးသုတေသနဦးစီးဌာန**

စာ – ၄ စီးပွားဖြစ်ကြက်မောက် မှ

လေးကြိမ်ဖျန်းပေးနိုင်ပါက အထွက်နှုန်းကောင်းမှုကို အကျိုးပြုစေပါသည်။

ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာများကို ထည့်ရာတွင် အပင်၏အရွက်အုံအဝန်းအဝိုင်း၏ ဇရိယာ (eannopy) တည့်တည့်တွင် မြောင်းတူး၍ ထည့်ပေးရန် သတိပြုသင့်သည်။

**မိုးပြတ်၍သော်လည်းကောင်း၊ အခြားခြောက်သွေ့သောရာသီတွင်လည်းကောင်း ၂–၃ ရက်ခြားတစ်ကြိမ် ရေသွင်းပေးသင့်ပါသည်။ ပန်းပွင့်ရန် သန္ဓေတည်ခြင်း စတင်ချိန်တွင် ရေပေးသွင်းမှုကို ရှောင်သင့်ပါသည်။ ပန်းပွင့်ရန် သန္ဓေတည်ခြင်း စတင် ချိန်တွင် ရေပေးသွင်းမှုကို ရှောင်သင့်ပါသည်။ ပန်းပွင့်ရန် သန္ဓေတည်ခြင်း စတင်ဖြစ်ပေါ်ချိန် ပြီးဆုံးချိန်ရောက်သည်နှင့် ရေစတင်ပေးသွင်းရန် လိုအပ်ပါသည်။ ပန်းပွင့်ချိန် မိုးသည်းထန်စွာ ရွာသွန်းပါက အသီးတင်မှုနည်းသွားစေပါသည်။ ဝတ်မှုန်ကူး အင်းဆက်များ လာရောက်မှုနည်းခြင်း၊ မိုးရေကြောင့် ပန်းပွင့်များ ပျက်စီးခြင်းကြောင့် ဖြစ်သည်။**

ထိုင်းနိုင်ငံအရှေ့ပိုင်းတွင် ပန်းပွင့်ရန်သန္ဓေတည်ခြင်း စတင်ဖြစ်ပေါ်သည့်အချိန်အတွင်း ရေကို ထိန်းချုပ်ပေးခြင်းဖြင့် ပန်းပွင့်ချိန်စောအောင် ဖန်တီးပေးပါသည်။ အဓိကသီးထွက်ချိန်မှာ မေ၊ ဇွန်ဖြစ်ပြီး အသီးစောပေါ်ခြင်းထက် နောက်ကျပေါ်ခြင်းက ဈေးကောင်းပိုရစေပါသည်။ သဲဆန်သောနုန်းမြေတွင် စိုက်ပျိုးထားသော မြေထုပ်အစည်းအပင်များနှင့် အပင်ကြီးများကို ရေထိန်းချုပ်ပေးခြင်းဖြင့် ပန်းပွင့်အောင် ဆောင်ရွက်ရာတွင် အခြေအနေများစွာ ပေးပါသည်။ ရေရှားပါးသောဒေသများတွင် အစက်ချရေပေးသွင်းခြင်း (Drip Irrigation) စနစ်သည် ပို၍ သင့်တော်ပါသည်။ တစ်ပင်လျှင် အစက်ချခေါင်း နှစ်ခု အနည်းဆုံး လိုအပ်ပါသည်။

ကြက်မောက်ပင် ပုံမှန်အပင်ကြီးထွားစေခြင်း၊ နှစ်စဉ်ပန်းပွင့်စေခြင်း၊ သန္ဓေအောင်စေခြင်း၊ အသီးတင်နှုန်းများစေခြင်း၊ ရင့်မှည့်မှုကောင်းစေခြင်း၊ အရည်ရွှမ်းအရသာချိုမွှေးစေခြင်း၊ အသီးကြွေမှုနည်းစေခြင်း စသည့်လက္ခဏာကောင်းများ ရရှိလာစေရန် ပြုစုထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်သည်။ ဤသို့ဖြစ်စေရန်အတွက် အပင်ကြီးထွားမှု နှိုးဆွဆေး (Plant Growth Regulator) များ အသုံးပြုခြင်းသည် ထိရောက်မှုရှိသည်။ အချိန်စော၍ ပန်းပွင့်စေရန်အတွက် Paclobutrazol ၇၀၀–၁၀၀၀ ppm ဖျန်းပေးခြင်းဖြင့် ဖန်တီးနိုင်သည်။ Paclobutazol ဖျန်းပြီး ခန့်မှန်းနှစ်လခန့်အကြာတွင် Thiourea (သို့မဟုတ်) $KNO_3$ ဖျန်းပေးပါက ပို၍ထိရောက်မှု ရရှိနိုင်သည်။ Paclobutazol နှုန်းထားမြင့်မြင့် အသုံးပြုပါက အပင်ပုံမမှန်သဏ္ဌာန်ဖြစ်စေနိုင်သည်ကို သတိပြုရန် လိုအပ်သည်။

ပန်းပွင့်ရက် ၁၀–၁၃ ရက်ခန့်စောစေရန် Ethephone ၁၅–၂၀၀ ppm ဖျန်းပေးခြင်းဖြင့် ရရှိနိုင်သည်။ မှည့်နေသောအသီးကို NAA ဖျန်းပေးခြင်းဖြင့် အသီးဆွတ်ခူးချိန်ကို နောက်ကျစေနိုင်သော်လည်း မဆွတ်ခူးရသေးသော အသီးများအတွင်းရှိ အစေ့များ အပင်ပေါက်လာစေနိုင်ပါသည်။ NAA ၂၀၀ ppm ကို GA ၂၀ ppm နှင့် ရောဖျန်းခြင်းဖြင့် အသီးတင်မှုများစေနိုင်သည်။ အသီးတင်မှုကောင်းစေရန်အတွက် ပန်းပွင့်အရေအတွက် တစ်ဝက်ခန့်ပွင့်ချိန်တွင် ဖျန်းပေးပါက ပို၍ထိရောက်သည်။ အသီးကြွေမှုကင်းဝေးစေရန်အတွက် အသီးတင်ပြီး တစ်လအကြာတွင် ဖျန်းပေးရန် လိုအပ်သည်။

ကြက်မောက်ပင်သက်တမ်းတစ်လျှောက်တွင် ရွက်စားပိုး၊ ကျိုင်းကောင်စိမ်း၊ လှေးပိုး၊ ပိုးစေးနဲ့၊ မွှား၊ သစ်သီးယင်၊ ရွက်စားခူကောင်များ ကျရောက်တတ်ပြီး ရောဂါအနေဖြင့် Powdery၊ Mildew အသီးပုပ်၊ မှည့်ပြောက်စွန်း၊ ရေညှိတက်ခြင်းများ ကျရောက်နိုင်သဖြင့် အချိန်နှင့်တစ်ပြေးညီ ကာကွယ်နှိမ်နင်းပေးရန် လိုအပ်ပါသည်။

ကြက်မောက်ပင်၏ အသီးအရောင်တိုးတက်မှုမှာ အလင်းရောင်ရရှိမှု၊ အလင်းပြင်းအားတို့နှင့် ဆက်စပ်မှုရှိနေပြီး အသီးအခွံအနီရောင်ဖြစ်ပေါ်မှုမှာ Anthocyanin ထုတ်လုပ်မှုအပေါ် အဓိကတည်မှီနေသည်။ အသီးအဆန်ချောင်ခြင်း၊ အချဉ်ဓာတ်များခြင်း၊ အရသာမချိုမွှေးခြင်းတို့မှာ အသီးကြီးထွားချိန်တွင် ခြောက်သွေ့သောပတ်ဝန်းကျင်ဖြစ်ပေါ်ခြင်းကြောင့် ဖြစ်ရသည်။ အသီးကြီးထွားမှုနောက်ပိုင်းကာလ မိုးသည်းထန်စွာရွာသွန်းမှုနှင့်ကြုံရပါက အသီးအက်ကွဲတတ်ပါသည်။

ထိုင်းနိုင်ငံတွင် အသီးကို ပုံမှန်အားဖြင့် ပန်းပွင့်စုံပြီး ၉၀–၁၀၀ ရက်တွင်လည်းကောင်း၊ အင်ဒိုနီးရှားနိုင်ငံတွင် ပန်းပွင့်စုံပြီး ၉၀–၁၀၀ ရက်တွင်လည်းကောင်း၊ မလေးရှားနိုင်ငံတွင် ပန်းပွင့်စုံပြီး ၁၀၀–၁၃၀ ရက်တွင် လည်းကောင်း အသီးဆွတ်ခူးကြသည်ကို တွေ့ရှိရသည်။ အသီးအရောင်စတင်ဖြစ်ပေါ်ပြီး ၁၆–၁၈ ရက်တွင် ဈေးကွက်တင်ပို့နိုင်ပြီဖြစ်သည်။ အပင်တစ်ပင်တွင်ရှိ အသီးအားလုံး ရင့်မှည့်လာရန်အတွက် ရက် ၃၀ ခန့် လိုအပ်ပါသည်။ မလေးရှားနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် အသီးများကို အခိုင်လိုက်ရောင်းချလေ့ရှိပြီး၊ ဖိလစ်ပိုင်နှင့်ထိုင်းနိုင်ငံတို့တွင် အသီးတစ်လုံးချင်းရောင်းချကြသည်ကို တွေ့ရသည်။ အင်ဒိုနီးရှားနိုင်ငံတွင် ငါးရက်တစ်ကြိမ် အသီးဆွတ်ခူးလေ့ ရှိပါသည်။

နိုင်ငံအလိုက် စားသုံးသူကြိုက်နှစ်သက်မှု ကွဲပြားကြပါသည်။ ဥရောပအကြိုက်မှာ အမျှင်မပါဘဲ အသားနှင့်အစေ့ကပ်မနေအောင်မျိုး ဖြစ်ပါသည်။ အာရှအကြိုက်မှာ ကြွပ်ဆတ်ပြီး အစေ့မပါဘဲ အရသာချိုမွှေးအရည်ရွှန်းမျိုး ဖြစ်ပါသည်။ ယေဘုယျအားဖြင့် အသီးတစ်လုံးအလေးချိန် ၃၀ ဂရမ်ထက်ပိုခြင်းကို ကြိုက်နှစ်သက်ကြသည်။ ပန်းရောင်မျိုးအတွက် အသီး၏အလေးချိန် တစ်ကီလိုဂရမ်လျှင် အထူးတန်း ၂၈ လုံး၊ ပထမတန်း ၃၂ လုံး၊ ဒုတိယတန်း ၃၆ လုံး ရှိရန် စံသတ်မှတ်ထားပါသည်။

ကြက်မောက်သီးများ ထုပ်ပိုးရန်အတွက် ဖိုင်ဘာကဒ်ထူပုံးများအသုံးပြုပြီး မပို့မီ ၁၃ ဒီဂရီစင်တီဂရိတ်၌ သိုလှောင်ထားနိုင်ပါသည်။ အသီးများ ကဒ်ထူပုံးများအတွင်းသို့ ထည့်ရာတွင် အစိုဓာတ်ထိန်းကြားခံပစ္စည်းတစ်မျိုးမျိုး ထည့်သွင်းပါက အသီးများ လတ်လတ်ဆတ်ဆတ်ကြာရှည်ခံသည်ကို တွေ့ရှိရသည်။ အပေါက်ဖောက်ထားသော ပလတ်စတစ်အိတ်တွင် ထည့်သွင်းထုပ်ပိုးလျှင် အပူချိန် ၁၀ ဒီဂရီစင်တီဂရိတ်သည် အသင့်တော်ဆုံးဖြစ်သည်။ ဈေးကွက်တွင် ၁၀ ရက်ထိ အထားခံသည်။ အပူချိန် ၇ စင်တီဂရိတ်ထက်နည်းပါက ရေစိုနာ (Chillin gingjury) ဖြစ်ပေါ်တတ်ပါသည်။

ကြက်မောက်၏ နိုင်ငံတကာဈေးကွက်ဝင် အရည်အသွေးရှိ စံအထွက်နှုန်းများကို ကြည့်ပါက ထိုင်းနိုင်ငံတွင် ၁၂ နှစ်သားတစ်ပင်မှ ၃၀၀ ကီလိုဂရမ်၊ အင်ဒိုနီးရှားနိုင်ငံတွင် တစ်ဟက်တာ ၄ ဒသမ ၅ ကီလိုဂရမ်၊ မလေးရှားနိုင်ငံတွင် ၁၅ နှစ်သား တစ်ပင်မှ ၁၆၅ ကီလိုဂရမ်၊ ဖိလစ်ပိုင်နိုင်ငံ အပင်ကြီးတစ်ပင်မှ ၂၀၀–၃၀၀ ကီလိုဂရမ်၊ ဩစတြေးလျနိုင်ငံတွင် ခြောက်နှစ်သားအပင်တစ်ပင်မှ ၈၀–၁၂၀ ကီလိုဂရမ်၊ စင်ကာပူနိုင်ငံတွင် အပင်ကြီးတစ်ပင်မှ ၁၅၀–၁၈၀ ကီလိုဂရမ်နှုန်းများ ထွက်ရှိနေသည်ကို တွေ့ရှိရသည်။ မြန်မာနိုင်ငံတွင် ၁၀ နှစ်သားတစ်ပင်မှ အသီး ကီလိုဂရမ် ၃၀၀ ထွက်ရှိသော်လည်း နိုင်ငံတကာဈေးကွက်ဝင် အရည်အသွေးမီ စံမီအသီးမှာ တစ်ပင် ကီလို ဂရမ် ၂၀–၃၀ သာ ထွက်ရှိသည်။ နည်းပညာပိုင်းဆိုင်ရာများစွာကြိုးစားရန် လိုနေသေးသည်ကို ထောက်ပြနေသည်။

သို့ပါ၍ စီးပွားဖြစ်ကြက်မောက်ခြံတစ်ခြံ တည်ထောင်မည်ဆိုပါက အထက်ပါနည်းပညာများဖြင့် ဖြည့်ဆည်းပံ့ပိုးပေးရန် လိုအပ်ပါကြောင်း တင်ပြလိုက်ရပါသည်။

**မောင်ငြိမ်းအောင် (တန့်ဆည်)**

**အ** ဇီဝဖိစီးမှုများမှာ ရေနည်းခြင်း၊ ဆားပေါက်ခြင်း၊ ခရမ်းလွန်ရောင်ခြည်များ ကျရောက်ခြင်း (UV light) နှင့် အပူချိန်လွန်ကဲခြင်းတို့ ဖြစ်သည်။ ရာသီဥတုပြောင်းလဲခြင်းကြောင့် အဇီဝဖိစီးမှုတိုးလာပြီး သီးနှံပင်များ၏အထွက်နှုန်းအပေါ် သက်ရောက်မှုတိုးလာလျက်ရှိသည်။

အဇီဝဖိစီးမှုသာမက ဇီဝဖိစီးမှုပါဖြစ်ပေါ်လာသောအခါ သီးနှံအထွက်နှုန်းသာမက အရည်အသွေးကိုပါ ထိခိုက်လာသည်။ သီးနှံထွက်နိုင်ခြေနှင့် အမှန်တကယ် အထွက်နှုန်းအကြား ကွာဟမှုကြီးမားစွာ ဖြစ်ပေါ်စေသည်။ ဖြစ်ပေါ်လာသောအသီးများအတွင်း အာဟာရတန်ဖိုးကို ဖြစ်စေသည်။ ဗီတာမင်များ၊ ဓာတ်သတ္တုများ၊ အာဟာရအမျှင်များ Dietar fibre ဖြစ်ပေါ်မှုကို အဟန့်အတားဖြစ်စေသည်။ များစွာသောအသီးများမှာလည်း ခူးဆွတ်ချိန်လွန်ကာလ၌ပင် ဖိစီးမှုဒဏ်ကို ခံစားကြရသည်။ ထိုအသီးမျိုးမှာ လွယ်ကူစွာပျက်စီးကြသဖြင့် သိုလှောင် သယ်ယူရန် အခက်အခဲဖြစ်စေသည်။ ထိုအခက်အခဲများကို ကျော်လွှားနိုင်ရန် မျိုးစပ်ခြင်း၊ မျိုးရိုးအင်ဂျင်နီယာနည်းများကို အသုံးပြုလာကြသည်။

အပင်များသည် ယင်းတို့၏ဘဝစက်တစ်သက်တာကာလအတွင်း ဝန်းကျင်မှ အဇီဝဖိစီးမှုများနှင့် ရင်ဆိုင်ရမြဲဖြစ်သည်။ ပတ်ဝန်းကျင်ဖိစီးမှုများကိုဖြစ်စေသော ရာသီဥတုပြောင်းလဲခြင်း၊ ကမ္ဘာကြီးပူနွေးလာခြင်းတို့က သီးပင်များ၏ ကြီးထွားခြင်းနှင့်အထွက်နှုန်းအပေါ် သက်ရောက်မှု ကြီးမားစွာဖြစ်ပေါ်စေသည်။ ကမ္ဘာအရပ်ရပ်တွင် ထိုဖိစီးမှုမျိုးကို စိုက်ပျိုးသူများ ရင်ဆိုင်နေကြရသည်။ သစ်သီးများမှာ စိုက်ပျိုးချိန်၊ ခူးဆွတ်ချိန်၊ သိုလှောင်ချိန်၊ သယ်ယူပို့ဆောင်ချိန်၊ ဈေးကွက်တင်ပို့ချိန်တွင် အဇီဝဖိစီးမှုအမျိုးမျိုးနှင့် ရင်ဆိုင်ကြုံတွေ့ရမြဲဖြစ်သည်။ အဇီဝဖိစီးမှုများသည် သစ်သီးများကို မဆွတ်ခူးမီအချိန်တွင်ရော ဆွတ်ခူးချိန်လွန်ကာလတွင်ပါ ထိခိုက်မှုကို ဖြစ်စေသည်။

## ရိတ်သိမ်းခူးဆွတ်ချိန်မတိုင်မီ ဖိစီးမှုများ

## ရေနည်းခြင်း

ပညာရှင်များစွာတို့၏ သုတေသနများတွင် ရေနည်းခြင်းကြောင့် ကြုံတွေ့ရသော သစ်သီးအထွက်နှုန်းနှင့်အရည်အသွေးကျခြင်းတို့ တွေ့ရှိရသည်။ သစ်သီးများ၏ ပြင်ပရုပ်သွင်နှင့်ဇီဝကမ္မများအပေါ် သက်ရောက်ရာမှ အဆုံးတွင် သစ်သီးများ၏ အလေးချိန်လျော့နည်းခြင်း၊ အရောင်အသွေးပါ ကျဆင်းကြောင်း တွေ့ရှိရသည်။ ရေလုံလောက်စွာ ရရှိခဲ့သော သစ်သီးများမှာ အသီးအရွယ်ကြီးသည်။ ထို့ကြောင့် ရိတ်သိမ်းချိန်တွင် ရေဆုံးပါးမှုနှင့် အလေးချိန်လျော့မှုနည်းသည်။ အသီးများ အရွယ်ကြီးခြင်းမှာ အရွယ်ငယ်သောအသီးများနှင့် နှိုင်းစာလျှင် မျက်နှာပြင်နှင့် Surface to Volume S/V အချိုးနည်းသည်။

တစ်နည်းဆိုရလျှင် မျက်နှာပြင်နည်းပြီး ထုကြီးခြင်းကြောင့် မျက်နှာပြင်မှ ရေငွေ့ဆုံးပါးမှုနှုန်းများနည်းသည်။ ထို့ကြောင့် မျိုးတူအသီးများတွင် အသီးကြီးများက အသီးငယ်များထက် ရေငွေ့ပျံဆုံးပါးမှုလျော့နည်းသည်။ သိုလှောင်ချိန်တွင် မျက်နှာပြင်/ထု အချိုးနည်းမှ ရေဆုံးပါးမှုနည်းမည်ဖြစ်သည်။ ငှက်ပျောသီးများ ကြီးထွားဖွံ့ဖြိုးမှုတွင် ရေမှာ အရေးအကြီးဆုံးလိုအပ်ချက်ဖြစ်သည်။ အကယ်၍ အဖူးခိုင်ကျချိန်တွင် ရေလုံလောက်စွာ မရရှိပါက ငှက်ပျောသီးတစ်လုံးစီ၏ အရွယ်ပုံမှန်အနေအထားသို့ ရောက်ရှိနိုင်မည် မဟုတ်ပေ။

## အပူချိန်ဖိစီးမှု

အပူချိန်မှာ သီးပင်များ၏ ပန်းပွင့်ခြင်းနှင့် အသီးဖြစ်ပေါ်ခြင်းအပေါ် သက်ရောက်မှုကြီးမားစွာ ရှိသည်။ အပူချိန် တစ်ဒီဂရီစင်တီဂရိတ်တိုးလာခြင်းကပင်လျှင် ပြောင်းလဲမှုကို ထင်ရှားစွာ ဖြစ်ပေါ်စေနိုင်သည်။ အပူချိန်တိုးလာခြင်းသည် အသီးရင့်ချိန်ကို မြန်စေသည်။ အသီးမှည့်ခြင်းကို စောစေသည်။ မြန်စေသည်။

သိုလှောင်နိုင်သည့် ကာလတို တိုစေသည်။ အမှည့်လွယ်ပြီး ပျက်စီးစေနိုင်သည်။ အသီးဖြစ်ပေါ်ခြင်း၏ အစဖြစ်သော ဝတ်မှုန်ကူးခြင်းမှာလည်း အပူချိန်ကြောင့် ထိခိုက်မှုရှိသည်။ ရှောက်၊ သံပရာ၊ လိမ္မော်မျိုးနွယ်အပင်များ၊ စပျစ်၊ ဖရဲတို့မှာအပူချိန်မြင့်လာခြင်းကြောင့် ၁၂ ရက်ခန့်စော၍ ရင့်မှည့်စေနိုင်သည်။

စတော်ဘယ်ရီပင်များတွင် အပူချိန်တိုးလာသောအခါ အသီးဖြစ်ပေါ်မှုထက် အပင်ပို၍ရှည်ထွက်လာသည်။ အပူပိုင်းသစ်သီးပင်များ၏ ပျမ်းမျှအပူချိန်မှာ ၂၄ မှ ၃၀ ဒီဂရီဖြစ်သည်။ သို့သော် သရက်ပင်များမှာ အပူချိန် ၄၈ ဒီဂရီစင်အထိကို နာရီအနည်းငယ်အထိ ခံနိုင်ရည်ရှိသည်။

အကယ်၍ အပူချိန် ၂၀ ဒီဂရီစင်တီဂရိတ်အထိ ဖြစ်စေနိုင်သည်။ ရေမြုပ်ခြင်းသည် အရွက်ဖြစ်ပေါ်ခြင်း၊ အရွက်ဧရိယာတိုးလာခြင်းအတွက် အဟန့်အတားဖြစ်စေသည်။ အရွက်များ အရွယ်မတိုင်မီ သေစေသည်။ ကြွေကျစေသည်။ အမြစ်များ ကြီးထွားမှုကို လျော့နည်းစေသည်။ အသီးများ အက်ကွဲတတ်သည်။ အသီးအထွက်နှုန်း လျော့ကျသည်။

ရေမြုပ်ခြင်းသည် အလင်းမှီအစာဖွဲ့ခြင်းကို လျော့ကျစေသည်။ အရွက်များမှ ကာဗွန်ဒိုင်အောက်ဆိုက်အသုံးပြုမှုကို လျော့နည်းစေခြင်းဖြင့် အလင်းမှီအစာချက်နှုန်း ကျဆင်းရခြင်းဖြစ်သည်။




ရောက်သွားပါက သရက်ပင်၏ကြီးထွားနှုန်း ကျသွားမည်ဖြစ်သည်။ အပူချိန် ၃၅ ဒီဂရီစင်တီဂရိတ်သို့ ရောက်သွားလျှင်လည်း သရက်ပင်များ၏ ကြီးထွားနှုန်းကို ထိခိုက်စေသည်။ ထိုအပူချိန်မှာ အဇီဝဖိစီးမှုအခြေအနေဖြစ်သည်။ အပူချိန်မြင့်ခြင်းသည် သရက်၊ ငှက်ပျော၊ သဘော်၊ စပျစ်၊ လိမ္မော်တို့မှာ အပူချိန်နိမ့်သောအခါ အဇီဝဖိစီးမှုကို ဖြစ်စေပြီး ကြီးထွားခြင်းနှင့်အထွက်နှုန်းကို ထိခိုက်စေသည်။

**သစ်သီးပင်အချို့၏ အသင့်တော်ဆုံးအပူချိန်**

| သီးပင်အမျိုးအစား | သင့်တင့်သောအပူချိန် |
|---|---|
| သရက် | ၂၄ ဒီဂရီ မှ ၂၇ ဒီဂရီစင်တီဂရိတ် |
| လိုင်ချီး | ၂၅ ဒီဂရီ မှ ၃၅ ဒီဂရီစင်တီဂရိတ် |
| မာလကာ | ၂၃ ဒီဂရီ မှ ၃၅ ဒီဂရီစင်တီဂရိတ် |
| ပိန္နဲ | ၂၆ ဒီဂရီ မှ ၃၅ ဒီဂရီစင်တီဂရိတ် |
| ဒူးရင်း | ၂၄ ဒီဂရီ မှ ၃၅ ဒီဂရီစင်တီဂရိတ် |
| ငှက်ပျော | ၂၀ ဒီဂရီ မှ ၃၅ ဒီဂရီစင်တီဂရိတ် |
| စပျစ် | ၁၀ ဒီဂရီ မှ ၃၅ ဒီဂရီစင်တီဂရိတ် |
| အုန်းပင် | ၂၀ ဒီဂရီ မှ ၃၅ ဒီဂရီစင်တီဂရိတ် |
| ဩဇာ | ၂၀ ဒီဂရီ မှ ၃၅ ဒီဂရီစင်တီဂရိတ် |

## ရေဝပ်ခြင်း

ရေမှာ အပင်တိုင်းအတွက် မရှိမဖြစ် လိုအပ်သောအရာဖြစ်သည်။ သို့သော် ရေမှာလိုအပ်သည် ပိုပြီး ရေဝပ်သောအခြေအနေမှာကား အဇီဝဖိစီးမှုတစ်ရပ်ဖြစ်သည်။ ရေဝပ်ခြင်းကြောင့် မြေသားအခြေအနေကို ပြောင်းလဲစေသည်။ အောက်စီဂျင်ရရှိမှုကို ပြတ်တောက်စေသည်။ ကာဗွန်ဒိုင်အောက်ဆိုဒ် $CO_2$ ဓာတ်ငွေ့ကို တိုးစေသည်။ မြေဆီလွှာအတွင်းရှိ အော်ဂဲနစ်ပစ္စည်းများအား လေမဲ့အခြေအနေဖြင့် ဆွေးမြည့်စေသည်။ Anarebic decompoition မြေဆီလွှာအတွင်း အိုင်ရွန်း ခေါ်သံဓာတ်နှင့် မင်းဂနီးတို့ကို ဓာတ်လျော့စေသည်။ ရေမြုပ်ခြင်းသည် အစေ့များအညှောက်ပေါက်ခြင်းကို အဟန့်အတား ဖြစ်စေသည်။ ပင်ပိုင်းနှင့် လိင်ပိုင်း အင်္ဂါများ ကြီးထွားခြင်းကို ထိခိုက်စေသည်။ အပင်၏ ခန္ဓာဗေဒကို ပျက်စီးစေရုံမက အပင်သေဆုံးသည်

ဦးဗရက်သိန်းဝေ

## ဆားပေါက်ခြင်း

ဆားပေါက်ခြင်းက အစေ့များအညှောက်ပေါက်ခြင်းကို အဟန့်အတားဖြစ်စေသည်။ ပင်ပိုင်းရော၊ လိင်ပိုင်းကြီးထားခြင်းကိုပါ ထိခိုက်စေသည်။ ဆားပေါက်သောအပင်၏ ပြင်ပရုပ်သွင်သာမက ခန္ဓာဗေဒကိုပါ ထိခိုက်စေသည်။ အပင်များ သေဆုံးသည်အထိဖြစ်စေနိုင်သည်။ ဆားပေါက်ခြင်းမှာ အဇီဝဖိစီးမှုကိုဖြစစေရုံမက ပန်းပွင့်ခြင်း၊ ဝတ်မှုန်ကူးခြင်း၊ အသီးများကြီးထွားဖွံ့ဖြိုးခြင်းအပေါ်တွင်ပါ ဆိုးရွားစွာ ထိခိုက်စေသည်။ သီးပင်အများစုမှာ ဆားပေါက်သည့်ဖိစီးမှုကို ခံနိုင်ရည်မရှိကြပါ။ ရှောက်၊ သံပရာ၊ လိမ္မော်မျိုးများမှာ ဆားပါက်သည့် ဖိစီးမှုကို ခံနိုင်ရည်မရှိကြပေ။ အလားတူပင် ထောပတ်သီးပင်များသည်လည်း ဆားပေါက်သည့်ဒဏ်ကို ခံနိုင်ရည် အလွန်နည်းသည်။ ဆားပေါက်ခြင်းသည် ပန်းပွင့်ခြင်းကို ထိခိုက်စေသည်။ အသီးတင်ခြင်းနှင့် အသီးအရည်အသွေးကိုလည်း လျော့နည်းစေသည်။ အသီးတစ်လုံးစီ၏အရွယ်ကိုလည်း ထိခိုက်စေသည်။ ဆားပေါက်သောနေရာတွင် သီးလာသောအသီးများမှာ အရွယ်ငယ်သွားသော်လည်း တစ်ပတ်မှ သုံးပတ်အထိ စော၍ မှည့်တတ်ကြသည်။

## ခူးဆွတ်ချိန်လွန် ဖိစီးမှုများ

## အပူချိန်အေးလွန်း၊ ပူလွန်းခြင်း

ပင်လယ်ခရီးဖြင့် ဈေးကွက်ဆီသို့ တင်ပို့သော အသီးများတွင် ၄င်းဖိစီးမျိုးကို ပိုမိုထင်ရှားစွာ တွေ့ကြုံရသည်။ အအေးခန်းအတွင်း ရှိနေစဉ်၌ပင် ရုတ်တရက်အပူချိန်မြင့်တက်ခြင်းကြောင့် အသီးများ ရုတ်တရက်မှည့်လာခြင်း၊ ပျော့စေခြင်း၊ အသက်ရှူနှုန်းမြင့်လာခြင်း၊ အနာဖြစ်ပေါ်ခြင်း၊ ပျော့ပြဲလာခြင်း ဖြစ်တတ်သည်။ သိုလှောင်သောအသီးများ၏ မျက်နှာပြင်၌မြင်သာသောအစက်အပြောက်များ ဖြစ်ပေါ် လာသကဲ့သို့ အတွင်းသား၌အညိုကွက်များ ဖြစ်ပေါ်မှု ပုံစံအားဖြင့်လည်း ယိုယွင်းပျက်စီးလာတတ်သည်။

ယင်းတို့မှာ ပိုးမွှားရောဂါကြောင့်လည်း ဖြစ်နိုင်သည်။ ဤသို့ဖြင့် သိုလှောင်နိုင်သောကာလကို တိုတောင်းစေသည်။ အချို့က သိုလှောင်ထားသော သစ်သီးများတွင် ရောဂါပိုးမွှားကျရောက်မှုကို ကာကွယ်ရန် အပူပေးစနစ်ကို အသုံးပြုတတ်ကြသည်။ သို့သော် အပူကြောင့် အသီးပျက်စီးမှုများလည်း ဖြစ်တတ်သည်။

## ဝန်းကျင်လေထုအခြေအနေ

လိမ္မော်သီးများကို ကာလကြာရှည်စွာ သိုလှောင်သော သုတေသနရလဒ်များအရ ထိုအသီးများကို ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ ၁ ရာနှုန်း၊ အောက်စီဂျင် ၂ ရာနှုန်းကို အပူချိန် ၃ ဒီဂရီမှ ၃ ဒသမ ၅ ဒီဂရီစင်တီဂရိတ်အတွင်းသိုလှောင်ခြင်းက ကာလအရှည်ဆုံးသိုလှောင်ထားနိုင်ကြောင်း တွေ့ရှိခဲ့ကြသည်။ (သာမန်လေထုတွင် ကာဗွန်ဒိုင်အောက်ဆိုဒ် ၀ ဒသမ ၀၃ ရာနှုန်းနှင့် အောက်စီဂျင် ၂၁ ရာနှုန်းရှိသည်။) ခူးဆွတ်ချိန်ကာလ သိုလှောင်ချိန်တွင် ဝန်းကျင်ရှိ လေထု၏အရည်အသွေး၏ သက်ရောက်မှုကို ခံစားရသည်။ အောက်စီဂျင်နည်းလွန်းခြင်းနှင့် ကာဗွန်ဒိုင်အောက်ဆိုဒ်များလွန်းခြင်းက အခက်အခဲကိုဖြစ်စေသည်။ လေထုအတွင်း ကာဗွန်ဒိုင်အောက်ဆိုဒ်မြင့်လာသော ဖိစီးမှုမှာ 'အက်သလင်း' ဖြစ်ပေါ်မှုကို ဟန့်တားထားသည်။ အသီးမှည့်ခြင်းကို ဟန့်တားထားသည်။ လေဖြင့် အသက်ရှူခြင်းကို ဟန့်တားထားသည်။ သစ်တော်သီးများအတွင်း အညိုရောင်အသားများကို ဖြစ်ပေါ်စေသည်။

## ရုပ်ပိုင်းဆိုင်ရာ အနာတရဖြစ်စေခြင်း

ရုပ်ပိုင်းဆိုင်ရာ အနာတရဖြစ်ပေါ်မှု နှစ်မျိုးရှိသည်။ **ပထမတစ်မျိုးမှာ** ဓားရှသကဲ့သို့ ဒဏ်ရာများဖြစ်ပေါ်ခြင်းနှင့် **အခြားတစ်မျိုးမှာ** ပွန်းပဲ့ခြင်းဖြစ်သည်။ ဒဏ်ရာများမှာ အသက်ရှူနှုန်းကို မြင့်တက်စေသည်။ အက်သလင်းဖြစ်ပေါ်မှုကို တိုးစေသည်။ ထိုဒဏ်ရာများတွင် အမည်းရောင်များ ဖြစ်ပေါ်ခြင်း၊ မူလအစိမ်းရောင်မှ အဝါရောင်သို့ ပြောင်းသွားခြင်း၊ မူလအရောင်တစ်မျိုးမျိုးမှ အဖြူရောင်ဖြစ်လာခြင်းမျိုးကို တွေ့ရတတ်သည်။

## ရေခန်းခြောက်ခြင်း

ခူးဆွတ်ပြီးအသီးများတွင် ရေခန်းခြောက်လာသောအဖြစ်မျိုးကိုလည်း ကြုံတွေ့ရတတ်သည်။ ရေခန်းခြောက်ခြင်းကြောင့် အသီးများနွမ်းရှုံ့လာခြင်း၊ မှုမမှန်သောမှည့်နည်းမျိုးဖြင့် လျင်မြန်စွာ မှည့်လာခြင်း၊ သီးခွံများဝါလာခြင်း၊ အသားပျော့လာခြင်းမျိုးဖြစ်တတ်သည်။ အသီးများအတွင်းမှ ရေလျော့နည်းခန်းခြောက်ခြင်းမှာ အသီး၏မျက်နှာပြင်မှ ထုထည်အချိုး (Surface to Volue Ratio) အပေါ် မူတည်နေသည်။ ဝန်းကျင်လေထုအတွင်း စိုထိုင်းဆနည်းလာခြင်းကလည်း အသီးမှရေလျော့နည်းသည့်နှုန်းကိုမြင့်စေသည်။ အသီးများကို အအေးခန်းသို့ မပို့မီ အမြန်နှုန်းဖြင့် အပူချိန်ပြီးမှ ပြုလုပ်ရသည်။ အပူချိန်ချမထားသောအသီးများမှာ အေးနေသော အသီးများထက် ပို၍လျင်မြန်သောနှုန်းထားဖြင့် ရေငွေ့ဆုံးပါးတတ်ခြင်းကြောင့် ဖြစ်သည်။ Repaid Precooling before storage အပူချိန်နည်းပြီး (အေးပြီး) လေထုအတွင်း စိုထိုင်းဆများသောနေရာမျိုးတွင် အသီးမှရေဆုံးပါးမှု လျော့နည်းသည်။

## အဇီဝဖိစီးကို ရင်ဆိုင်ခြင်း

အသီးများကို ခူးဆွတ်ပြီးချိန်မျိုး၌ ကြုံတွေ့ရသော အဇီဝဖိစီးမှုမျိုးကို ဖြေလျော့နိုင်မည့် နည်းများကို သုတေသီများ ရှာဖွေတွေ့ရှိထားသည်။ ယေဘုယျအားဖြင့် ဝန်းကျင်အခြေအနေကို ပြုပြင်ထားခြင်း၊ အပင်ဟိုမုန်းများအသုံးပြုခြင်း၊ ရေငွေ့ပျံတားဆီးပစ္စည်းများ (Antitransperent) များ အသုံးပြုခြင်း၊ ပဋိဓာတ်တိုးပစ္စည်းများ (Antioxa dent) များကို အသုံးပြုခြင်းဖြစ်သည်။

စာ - ၁၄ သို့



## ရာသီဥတုပြောင်းလဲခြင်းကြောင့် ဟိမဝန္တာရေခဲပြင်များ အရည်ပျော်

**ရာသီဥတုပြောင်းလဲလာခြင်းကြောင့် ယခုရာစုနှစ်အကုန်တွင် ဟိမဝန္တာတောင်တန်းများပေါ်ရှိ ရေခဲပြင်များ၏ သုံးပုံတစ်ပုံမှာ အရည်ပျော်သွားမည်ဟု နီပေါနိုင်ငံ ခတ္တမန္ဒူမြို့ အေဂျီသတင်းဌာနမှ သတင်းပေးလိုက်သည်။**

ဤသို့အရည်ပျော်ခြင်းသည် လူပေါင်း ၁ ဒသမ ၉ ဘီလီယံကို ရေရှားပါးမှုခြိမ်းခြောက်လိုက်မည့် အစီအစဉ်ကို ဆောင်ပြီး ရာသီဥတုပြောင်းလဲခြင်းကို လျှော့ချရာ၌ အောင်မြင်သည့်တိုင်အောင် အဆိုပါခြိမ်းခြောက်မှုသည် ရှိလာမည် ဖြစ်၏။

ရာသီဥတုမပြောင်းလဲရန် ကြိုးစားနေမှုသာ မအောင်မြင်ပါက အခြေအနေမှာ ပိုဆိုးလာမည်။ ၂၁၀၀ ပြည့်နှစ်ရောက်လျှင် အဆိုပါရေခဲပြင်များ၏ ဆုံးရှုံးမှုသည် သုံးပုံနှစ်ပုံအထိရှိလာမည်ဟု သိရသည်။ ဤကြိုတင်ခန့်မှန်းချက်ကို တောင်တန်းများပေါ်ရှိ ရေခဲပြင်များအခြေအနေကို လေ့လာခဲ့သော အဖွဲ့တစ်ဖွဲ့က ခန့်မှန်းခဲ့ခြင်း ဖြစ်သည်။

"ဤသို့အရည်ပျော်ခြင်းကြောင့် ဟိမဝန္တာတောင်တန်းပေါ်ရှိ ရေခဲဖုံးအုပ်ခဲ့သော ကျောက်တုံးကြီးများစွာသည် ရေခဲများကင်းမဲ့သည့်တောင်ထိပ်များအဖြစ်သို့ ရောက်ရှိမှာ သေချာသည်"ဟု အဆိုပါလေ့လာရေးအဖွဲ့မှ အဖွဲ့ခေါင်းဆောင်က ပြောဆိုသည်။

၎င်းလေ့လာရေးအဖွဲ့သည် ငါးနှစ်ခန့် ကွင်းဆင်းလေ့လာခဲ့၏။ ဟိမဝန္တာတောင်တန်းကြီးများနှင့် ဆက်စပ်နေသည့် နိုင်ငံများဖြစ်ကြသော အာဖဂန်နစ္စတန်၊ ပါကစ္စတန်၊ အိန္ဒိယ၊ နီပေါ၊ တရုတ်၊ ဘူတန်၊ ဘင်္ဂလားဒေ့ရှ်နှင့် မြန်မာနိုင်ငံတို့မှတောင်တန်းများ အခြေအနေကို သိရှိခဲ့ရ၏။

ကမ္ဘာ့အမြင့်ဆုံးတောင်ထိပ်များရှိရာ ဟိမဝန္တာတောင်တန်းများရှိ ရေခဲမြစ်များသည် အိန္ဒုမြစ်၊ ဂင်္ဂါမြစ်၊ ယန်စီမြစ်၊ ဧရာဝတီမြစ်၊ သံလွင်မြစ်နှင့်မဲခေါင်မြစ်များသို့ ရေများအဆက်မပြတ်ပေးဝေလျက်ရှိ၏။ ကြောက်စရာကောင်းသည့် ရေခဲပြင်များ အရည်ပျော်ခြင်းသည် အနိမ့်ပိုင်းနိုင်ငံများ ဥပမာ–ဘင်္ဂလားဒေ့ရှ်ကို ပို၍ အထိနာစေမည်ဟု သိရသည်။ **(ဘန်ကောက်ပို့စ် ၆.၂.၁၉)**

## ရှားရှားပါးပါး တောပန်းအလှများ

မြသိန်း

**လူတို့မှမပြုပြင်ဘဲ သဘာဝအလျောက် ပေါက်သောတောပန်းများရှိသော်လည်း တောတောင်ထဲ၌ အလွန်ကျယ်ပြန့်စွာပေါက်သည့် တောပန်းခင်းကြီးများသည် အလွန်ရှားပါး၏။**

၂၀၁၉ မတ်လဆန်းပိုင်း၌ အမေရိကန်နိုင်ငံ ကာလီဖိုးနီးယား တစ်နေရာတွင် အလွန်ကျယ်ပြန့်သည့် တောပန်းခင်းများသည် ရုတ်တရက်ပေါက်လာရာ စိုက်ပျိုးရေးပညာရှင်များနှင့် ပန်းချစ်သူများသည် အံ့ဩသွားကြ၏။ ကာလီဖိုးနီးယားပြည်နယ် တောင်ပိုင်း အယ်လ်ဆီနိုးရေအိုင်အနီးရှိ ဝေါ့ကားကင်းရွှန်ဒေသ၌ အရောင်မျိုးစုံရှိသော တောပန်းများသည် တောင်ပေါ်အနှံ့တွင် ပေါက်လာ၏။

စူပါပန်းခင်းဟု ခေါ်သည့် ဤသဘာဝတောပန်းခင်းများသည် မိုးမှန်မှန်ရွာပြီးနောက် ပူနွေးသော ရာသီဥတုရှိမှသာ မြေအောက်၌ရှိနေသည့် ပန်းစေ့များသည် အပင်များထွက်လာပြီး အပွင့်များပွင့်လေ့ရှိ၏။

မြေအောက်၌ နှစ်ပေါင်း ဆယ်စုနှစ်ချီ၍ရှိနေသည့် တောပန်းစေ့များသည် ၎င်းတို့ကြိုက်သော ရာသီဥတုမျိုးမှ အပင်ပေါက် အပွင့်ပွင့်ကြ၏။

ကာလီဖိုးနီးယားတွင် စူပါပန်းခင်းများသည် ဆယ်နှစ်တွင်မှ တစ်ကြိမ်သာ ပွင့်လေ့ရှိ၏။ နေရာတိုင်း၌လည်း မပေါက်ပေ။

ယခုကဲ့သို့ ပန်းခင်းများ ပေါ်ပေါက်ရာဒေသတွင် မိုးရွာသွန်းပြီးနောက် များမကြာမီအတွင်း တောပန်းများသည် ပေါက်လာခြင်းဖြစ်၏။

သက်ကြီးရွယ်အိုတစ်ဦးက သူ့အနေဖြင့် ဤပန်းခင်းမျိုးကို ယခုအကြိမ်နှင့်ပါဆိုလျှင် တွေ့ဖူးသည်မှာ နှစ်ကြိမ်သာရှိသည်ဟု ပြောဆိုကြသည်။

**(စထရိတ်တိုင်းမ်စ် ၁၄.၃.၁၉)**



## ကလေးသူငယ်များနှင့် သွေးတိုးရောဂါ

**သွေးတိုးရောဂါသည် လူကြီးများ၌သာဖြစ်သည်ဟု အချို့ကထင်ကြသည်။ ဤအထင်အမြင်သည် မမှန်ကြောင်း ယခုအခါ ကလေးသူငယ်အချို့တွင်လည်း ၎င်းရောဂါကိုတွေ့ရသည်ဟု စင်ကာပူမှ ကျန်းမာရေးဘက်ဆိုင်ရာ ပုဂ္ဂိုလ်အချို့က ပြောလာကြသည်။**



ကလေးဘဝ၌ သွေးတိုးရောဂါရခြင်းမှာ ဝခြင်းနှင့် အဝလွန်ခြင်းတို့နှင့် ဆက်နွှယ်နေသည်ဟု ဆရာဝန်အချို့က ထောက်ပြကြသည်။

၁၉၃၆ ၌ စင်ကာပူရှိ မူလတန်းအဆင့် ၁ စာသင်ကျောင်းများ၌ ဝခြင်း (သို့မဟုတ်) အဝလွန်ခြင်းဖြစ်နေသော ကျောင်းသားများ၏ ရာခိုင်နှုန်းမှာ ၁၄ ရာခိုင်နှုန်းအထိ ရှိခဲ့ပြီး ၂၀၀၆ တွင် ၁၂ ဒသမ ၇ ရာခိုင်နှုန်းနှင့် ၂၀၁၄ တွင် ၁၂ ရာခိုင်နှုန်း ရှိလာ၏။

"ကလေးတွေရဲ့ ဝဖြိုးလာခြင်း (သို့မဟုတ်) အဝလွန်လာခြင်းကို မိဘများက ဆရာဝန်များနှင့်တိုင်ပင်ပြီး အစာအာဟာရနဲ့ထိန်းသွားရင် သွေးတိုးရောဂါ အမြစ်မတွယ်နိုင်ဘူး။ ဝလာခြင်း၊ အဝလွန်လာခြင်းကို မထိန်းပေးရင် လူငယ်ဘဝ၊ လူလတ်ဘဝရောက်လာရင် ပိုဆိုးလာမယ်" ဟု ဆေးသုတေသီတို့က ပြောကြသည်။

"ကလေးတွေကတော့ သွေးတိုးရောဂါကို မသိကြဘူး၊ လူကြီးတွေက မိမိတို့ရဲ့သားသမီးတွေ အစားအသောက်ကြမ်းရင် သတိထားကြပါ။ အချိုရည်တွေ အသောက်များရင် သတိထားကြပါ။ သွေးတိုးရောဂါရှိမရှိကို စစ်ဆေးပေးပါ"ဟု အကြံပြုကြသည်။

"ကလေးတွေ သွေးတိုးရောဂါ မရအောင် မိဘများက ဂရုစိုက်ရပါမယ်၊ အသင့်ပြုလုပ်ထားတဲ့အစားအစာတွေကို မစားဘဲနေရင် ပိုကောင်းတယ်၊ ကလေးတွေကို ကိုယ်လက်လှုပ်ရှား ဆော့ကစားတဲ့အလေ့အကျင့်တွေကို လုပ်ခိုင်းပါ"ဟု ဆရာဝန်များက အကြံပြုကြ၏။

**(စထရိတ်တိုင်းမ်စ် ၁၆.၁၀.၁၈)**

## အပူဒဏ်ကြောင့် လင်းနို့များ သစ်ပင်ပေါ်မှ ပြုတ်ကျ

**ဩစတြေးလျနိုင်ငံ အဒီးလိတ်မြို့ အေအက်ဖ်ပီသတင်းတစ်ပုဒ်တွင် ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၂၄ ရက်က ဩစတြေးလျနိုင်ငံ တောင်ပိုင်းဒေသအချို့၌ ကျရောက်ခဲ့သည့် အပူလှိုင်းကြောင့် အမြင့်ဆုံးအပူချိန်မှာ ၄၉ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ်စ် (၁၂၁ ဒသမ ၁ ဒီဂရီဖာရင်ဟိုက်)အထိရှိခဲ့ပြီး ယင်းအပူချိန်သည် ယခင်စံချိန်ဟောင်းများကို ချိုးဖျက်လိုက်ကြောင်း ဖော်ပြထားသည်။**

လူအများမှာ အပူဒဏ်ကြောင့် ရေငတ်သည့်အတွက် ဘီယာများကို အသောက်များကြ၏။ နေ့ဘက်၌ သစ်ပင်များပေါ်တွင် တွဲခိုရဲ့အိပ်တန်းတက်ကြသော လင်းနို့များမှာလည်း အပူဒဏ်ကြောင့် သစ်ပင်များပေါ်မှ ပြုတ်ကျမှုရှိကြောင်း သိရသည်။ ယခုအပူချိန်သည် ၁၉၃၉ နောက်ပိုင်းတွင် အပူဆုံးဟု သိရ၏။

ဩစတြေးလျတောင်ပိုင်းရှိမြို့ပေါင်း ၁၃ မြို့သည် အဆိုပါအပူလှိုင်းဒဏ်ကို ခံခဲ့ကြရ၏။ အပူဒဏ်မခံနိုင်သော လူပေါင်း ၄၄ ဦးကို ဆေးရုံများရှိ အရေးပေါ် ဆေးကုသရေးဌာနသို့ တင်ပို့လိုက်ရ၏။ အပူဒဏ်ကြောင့် ရေများခန်းခြောက်မှုများလည်းရှိရာ တောတွင်းရှိ ရေအိုင်များတွင်လည်း ရေများခန်းခြောက်လာသောကြောင့် တောရိုင်းတိရစ္ဆာန်အချို့မှာ ရေငတ်ပြီးသေကုန်ကြ၏။ အချို့မြင်းများလည်း သေဆုံးမှု ရှိ၏။

လူပေါင်းများစွာသည် ပင်လယ်ရေရှိရာသို့သွား၍ ပင်လယ်ရေကို ချိုးကြ၏။ မြို့များရှိ လမ်းများပေါ်တွင် လူသွားလူလာမရှိတော့ဘဲ နီးရာကုန်တိုက်ကြီးများရှိ လေအေးပေးစက်မှ အအေးဓာတ်ကို ရယူကြ၏။

စားသောက်ဆိုင်ကြီးတစ်ဆိုင်သည် ၎င်း၏ဖောက်သည်အချို့ကို ဘီယာများ အခမဲ့ တိုက်၏။

အဒီးလိတ်မြို့ တိရစ္ဆာန်ရုံတွင်းရှိ တိရစ္ဆာန်များမှာလည်း ရေငတ်၍ လှုပ်လှုပ်ရှားရှား ဖြစ်ကုန်၏။

အပူရှိန်ပြင်းသောကြောင့် ခရိုင် ၁၃ ခရိုင်၌ တောမီးများလောင်ကျွမ်းနေ၏။

**(စထရိတ်တိုင်းမ်စ် ၂၅.၁.၁၉)**



# မြန်မာ့ကန်ထရိုက်လယ်ယာစနစ်နှင့်မျိုးစေ့ထုတ်လုပ်ငန်းများ၏ စိန်ခေါ်မှုများ

အောင်ဆန်း (စိုက်ပျိုးရေး)

**မြန်မာ** နိုင်ငံတွင် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် ပုံစံအမျိုးမျိုးနည်းအဖုံဖုံဖြင့် ဆောင်ရွက်ခဲ့ကြသည်မှာ နှစ်ရာချီရှိခဲ့ပါတယ်။ ယခုထိလမ်းကြောင်းမှန်ပေါ်သို့ မရောက်ရှိသေးဘဲ လမ်းချော်နှောင်းနေးနေဆဲ ဖြစ်ပါတယ်။ ယခုခေတ်ကာလတွင် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တွေးမြင်လာကြပြန်သည်မှာ ကန်ထရိုက်လယ်ယာ၊ အကျိုးတူလယ်ယာ၊ အကျိုးတူပူးပေါင်းလယ်ယာစနစ်ဘက်ကို ဦးတည်နေသည့်သဘော ဖြစ်နေပြန်ပါတယ်။ ကန်ထရိုက် လယ်ယာစနစ်သည်သာ မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ကယ်တင်ရှင်ပမာ တွေးဆလာကြပြန်ပါတယ်။

ကမ္ဘာမှာ ကန်ထရိုက်လယ်ယာစနစ် ပေါ်ပေါက်ခဲ့သည်မှာ နှစ်ရာကျော်ခဲ့ပြီ ဖြစ်ပါတယ်။မြန်မာနိုင်ငံသို့ ကန်ထရိုက်လယ်ယာစနစ် အခြေချလာခဲ့သည်မှာ ဆယ်စုနှစ်သာသာရှိပါသေးတယ်။ ကန်ထရိုက်လယ်ယာစနစ်ကို ထိုင်း၊ ဗီယက်နမ်၊ အိန္ဒိယနိုင်ငံတို့တွင် အောင်မြင်မှုရရှိနေသည်ဟု သိရပါတယ်။ လေ့လာကြည့်တဲ့အခါ ဥပဒေ၊ လုပ်ထုံးလုပ်နည်းနဲ့ စနစ်တကျဆောင်ရွက်နေကြတဲ့အတွက် အောင်မြင်မှုရရှိတယ်လို့ သိရပါတယ်။

မြန်မာနိုင်ငံမှာ ကန်ထရိုက်လယ်ယာစနစ်ကို ကျယ်ကျယ်ပြန့်ပြန့်မဆောင်ရွက်နိုင်သေးသော်လည်း ကြိုးကြား၊ ကြိုးကြားဆောင်ရွက်နေတာကိုတော့ တွေ့ရပါတယ်။ ဒီလိုဆောင်ရွက်တာကလည်း ဘာဥပဒေ၊ ဘာလုပ်ထုံးလုပ်နည်းမှမရှိဘဲ တစ်ကျောင်းတစ်ဂါထာ၊ တစ်ရွာတစ်ပုဒ်ဆန်း ဆောင်ရွက်နေကြတာ ဖြစ်ပါတယ်။ ဒီတော့ မြန်မာ့ကန်ထရိုက်လယ်ယာစနစ်မှာ စိန်ခေါ်မှုများစွာနဲ့ ရင်ဆိုင်နေကြရပါတယ်။ တစ်ချို့ဆိုရင် နောက်တွန့်သွားပါတယ်။ တချို့ဆိုရင် လုံးဝဖောင်ဖျက်သွားကြပြီဖြစ်ပါတယ်။

အရင်တလောက ကန်ထရိုက်လယ်ယာစနစ်ရဲ့ စိန်ခေါ်မှုတွေကို ဖြေရှင်းဖို့ ရှေ့တလှမ်းဆက်တိုးဖို့ ဥပဒေလုပ်ထုံးလုပ်နည်းတွေ ရေးဆွဲဖို့၊ စနစ်ကျတဲ့ပုံစံတစ်ခုသတ်မှတ်ဖို့ဆိုပြီး UMFCCI မှာ ကန်ထရိုက်လယ်ယာစနစ်နဲ့ပတ်သက်ပြီး ဆွေးနွေးပွဲ ခေါ်ပါတယ်။ အဲဒီဆွေးနွေးပွဲမှာ ကန်ထရိုက်လယ်ယာစနစ်နဲ့ နီးစပ်တဲ့ ပြည်တွင်း၊ ပြည်ပပညာရှင်တွေ ကန်ထရိုက်လယ်ယာစနစ် လက်တွေ့ဆောင်ရွက်နေကြတဲ့ ကုမ္ပဏီအဖွဲ့အစည်းတွေ၊ တောင်သူလယ်သမားကိုယ်စားလှယ်ကြီးတွေ တက်ရောက်ကြပါတယ်။

ဆွေးနွေးပွဲမှာ ပြည်တွင်းပြည်ပပညာရှင်တွေက ကန်ထရိုက်လယ်ယာစနစ်ကို ဘယ်နိုင်ငံမှာ ဘယ်လိုလုပ်နေတယ်။ ဘယ်ပုံစံနဲ့သွားနေတယ်။ ဘယ်လိုဥပဒေလုပ်ထုံးလုပ်နည်းတွေနဲ့သွားနေတယ်။ ဒီဇိုင်းပုံတွေစနစ်တွေကို ပါဝါပွိုင့်နဲ့တင်ပြီး ဆွေးနွေးတာတွေ့ရပါတယ်။ ကုမ္ပဏီအဖွဲ့အစည်းတွေ ဆွေးနွေးကြတာကတော့ တချို့ကုမ္ပဏီအဖွဲ့အစည်းတွေက ဘယ်လိုစနစ်နဲ့ဘယ်လိုလုပ်ပြီး အောင်မြင်မှုရနေတယ်လို့ ဆွေးနွေးပါတယ်။

တချို့ကုမ္ပဏီအဖွဲ့အစည်းတွေကတော့ ကန်ထရိုက်လယ်ယာစနစ်ကတော့ မဟန်ပါဘူး။ ခွက်ခွက်လန်အောင်ရှုံးလို့ ဒေဝါလီခံထွက်ပြေးခဲ့ရတယ်လို့ ဆိုပါတယ်။ တချို့ကုမ္ပဏီအဖွဲ့အစည်းတွေကျတော့လည်း ကန်ထရိုက်လယ်ယာစနစ်က ကောင်းပါတယ်။ ဒါပေမယ့် မြေပြင်လက်တွေ့မှာတော့လည်း ကန်ထရိုက်လယ်ယာစနစ်က ကောင်းပါတယ်။ ဒါပေမယ့် မြေပြင်လက်တွေ့မှာတော့ စိန်ခေါ်မှုတွေ ဒုနဲ့ဒေးပါပဲလို့ ဆွေးနွေးပါတယ်။ နှစ်ဦးနှစ်ဖက်တွေ ငွေကြေးပစ္စည်းရင်းနှီးမြှုပ်နှံလုပ်ကြရတဲ့နေရာမှာ အထိန်းအကွပ်တော့ ရှိသင့်တယ်။ မကြေမလည်ဖြစ်လာတော့မှ ဘယ်သူက ဘာနဲ့ထိန်းကွပ်ပေးမလဲ၊ ဆုံးရှုံးရမယ့် ငွေကြေးပစ္စည်းပမာဏကများလေတော့ မစွန့်စားရဲကြဘူး၊ ဒါကြောင့် ဥပဒေလုပ်ထုံးလုပ်နည်းရှိသင့်တယ်။ အစိုးရစီမံအုပ်ချုပ်တဲ့သူကလည်း ဥပဒေနဲ့အညီ ဝင်ထိန်းပေးသင့်တယ်လို့ ဆွေးနွေးတဲ့ပုဂ္ဂိုလ်လည်း ရှိပါတယ်။

ကန်ထရိုက်လယ်ယာစနစ်မှာ ကုမ္ပဏီအဖွဲ့အစည်းဘက်က ကြည့်ရင် နှစ်ဦးနှစ်ဖက်သဘောတူစာချုပ်ချုပ်ဆိုခဲ့ကြသော်လည်း စာချုပ်ပါ အချက်အလက်များကို ကုမ္ပဏီအဖွဲ့အစည်းဘက်က စေတနာ မေတ္တာထားပြီး တိတိကျကျဆောင်ရွက်တာလည်းရှိသလို၊ ကတိမတည်ဘဲ စာချုပါအချက်အလက်တွေကို ဖောက်ဖျက်ကျူးလွန်တာလည်း ရှိနေပါတယ်။

စိုက်ပျိုးစရိတ်ချေးငွေအချိန်မီမပေးဘူး။ လုံးဝမပေးတာလည်းရှိပါတယ်။ ဓာတ်မြေသြဇာနဲ့ မျိုးကောင်းမျိုးသန့်စပါးအချိန်မီ မပို့ပေးဘူး။ နောက်ကျတယ်။ လယ်သမားက စိုက်ချိန်မမီတော့ဘူး။ ပေးတဲ့စပါးကျပြန်တော့လည်း မျိုးမသန့်ဘူး။ အနှံထွက်မှသိရတော့တယ်။ အဲဒီအခါကျ ကုမ္ပဏီအဖွဲ့အစည်းဘက်က မျိုးမသန့်လို့ဆိုပြီး မဝယ်ဘူး။ လယ်သမားက ဘယ်ရောင်းရမှန်းမသိတော့ဘူး။ ကုမ္ပဏီအဖွဲ့အစည်းဘက်က ယူထားတဲ့ စိုက်ပျိုးစရိတ်၊ မျိုးစပါဖိုး၊ ဓာတ်မြေသြဇာဖိုး ပြန်မဆပ်နိုင်တော့ဘူး။ အဲဒီအခါမှာ တရားစွဲဆိုရတဲ့အဆင့်ထိ ပဋိပက္ခဖြစ်ကုန်ကြတယ်။

တစ်ဖန် စပါးဈေး၊ စပါးပေါ်ချိန်ရောက်တော့ အပြင်စပါးဈေးက အကျဈေးဖြစ်နေပြီး စာချုပ်ပါ စပါးဈေးကမြင့်နေရင် ကုမ္ပဏီအဖွဲ့အစည်းက စပါးကို မဝယ်တော့ဘူး။ ရှောင်နေကြတယ်။ လယ်သမားက ဒုက္ခရောက်တော့ အပြင်ဘဲ ရောင်းကြတာပေါ့။ ဒီလိုအဖြစ်အပျက်တွေက မြန်မာပြည်အနှံ့မှာလုပ်နေကြတဲ့ ကန်ထရိုက်လယ်ယာစနစ်တိုင်းမှာ တွေ့ကြုံနေကြရစမြဲပါပဲ။

နောက်ပြီး ကန်ထရိုးလယ်ယာစနစ်မှာ လက်ခံဆောင်ရွက်တဲ့ တောင်သူလယ်သမားများဘက်က ပြန်ကြည့်သုံးသပ်ရင် ရိုးရိုးသားသား ကြိုးကြိုးစားစားနဲ့စာချုပ်ပါအချက်အတိုင်း တစ်သဝေမတိမ်း လိုက်နာဆောင်ရွက်တဲ့လယ်သမားကြီးများလည်း တွေ့ရပါတယ်။ တချို့လယ်သမားများကျတော့လည်း ပေးတဲ့စိုက်ပျိုးစရိတ်လည်းယူ၊ ပေးတဲ့မျိုးစပါးလည်းယူ၊ ပေးတဲ့ဓာတ်မြေသြဇာလည်းယူပြီး စာချုပ်ပါစည်းကမ်းဖောက်ဖျက်ကြတာလည်း တွေ့ရပါတယ်။ ပေးတဲ့ဓာတ်မြေသြဇာအပြင်ရောင်းစား၊ ပေးတဲ့မျိုးစပါးမျိုးကိုမစိုက်၊ ကိုယ်ကြိုက်တဲ့မျိုးကိုယ်စိုက်၊ စိုက်ပျိုးနည်းစနစ်လည်း စနစ်တကျမဆောင်ရွက်ဘဲ ဖြစ်သလိုစိုက်ပြီး လယ်ကိုပြန်မကြည့်ဘဲ ပစ်ထား၊ အချိန်တန်တော့ ဘာကြေးမှပြန်မဆပ်ကြတော့ဘူး။ ကုမ္ပဏီအဖွဲ့အစည်းမှာ အများကြီးနစ်နာသွားပြီး ခွက်ခွက်လန်တဲ့အဆင့်ဖြစ်သွားကြရတော့တာပါပဲ။ လယ်သမားများဘက်က မရိုးသားကြခြင်းပါပဲ။

ကန်ထရိုက်လယ်ယာစနစ်ဆိုတာ မြေရှိပြီး အရင်းအနှီးမရှိတဲ့လယ်သမားနဲ့ အရင်းအနှီးရှိပြီး မြေမရှိတဲ့ကုမ္ပဏီအဖွဲ့အစည်း၊ နှစ်ဦးနှစ်ဖက် ညှိနှိုင်းသဘောတူစာချုပ်ချုပ်ဆိုပြီး အကျိုးရှိအောင်ဆောင်ရွက်တဲ့စနစ်ဖြစ်ပါတယ်။ ဒီလိုစနစ်ဖြစ်တဲ့အတွက် ကုမ္ပဏီအဖွဲ့အစည်းဘက်က စေတနာ၊ မေတ္တာအပြည့်နဲ့ကတိတည်ဖို့ တောင်သူလယ်သမားကြီးများဘက်ကလည်း ရိုးရိုးသားသား ကြိုးကြိုးစားစားတုံ့ပြန်ဖို့ပဲ ဖြစ်ပါတယ်။ နှစ်ဦးနှစ်ဖက် ဒီအချက်နှစ်ချက်ကိုက်ညီနေရင် ကန်ထရိုက်လယ်ယာစနစ်ဟာ အောင်မြင်လာပါပဲ။ ဒီနှစ်ချက်ပျက်ကွက်ရင်တော့ တရားရုံးထိရောက်ကုန်ကြတော့တာပါပဲ။ အဓိကကတော့ လူတို့ရဲ့စိတ်ဓာတ်အပေါ် မူတည်နေတာ အမှန်ပါပဲ။

ကန်ထရိုက်လယ်ယာစနစ်ဟာ တကယ်တော့ ကုမ္ပဏီအဖွဲ့အစည်းများဘက်က အကျိုးရှိသွားစေတယ်ဆိုတာထက် အရင်းအနှီးမရှိလို့ အောက်ခြေဆင်းရဲသားဘဝက တစ်သက်လုံးမလွတ်နိုင်တဲ့ လယ်သမားများရဲ့ဘဝကို မြင့်အောင် ပခုံးထမ်းပြီး အပေါ်ပင့်တင်ပေးတဲ့စနစ်ဆိုတာ လယ်သမားကြီးများ နားလည်သဘောပေါက်ဖို့ လိုပါတယ်။ နိုင်ငံတော်အပိုင်းကလည်း ဆင်းရတဲ့လယ်သမားကြီးများရဲ့ ဘဝလည်းမြင့်တက်စေ၊ သီးနှံစိုက်ပျိုးထုတ်လုပ်မှုများလည်း တိုးတက်ပြီး သီးနှံအရည်အသွေးများလည်း ကောင်းလာစေဆိုတဲ့ ရည်မှန်းချက်များနဲ့ ကန်ထရိုက်လယ်ယာစနစ်မဖြစ်မနေလုပ်မှပဲလို့ တွေးဆလာခဲ့ခြင်း ဖြစ်ပါတယ်။

ဒါပေမယ့် နိုင်ငံတော်အပိုင်းက ဥပဒေလုပ်ထုံးလုပ်နည်းပေါ်ပေါက်ရေး ဆောင်ရွက်မယ့် ဒီဇိုင်းပုံစံဖြစ်ပေါ်လာရေး၊ အုပ်ချုပ်မှုအပိုင်းမှ ပါဝင်ညှိနှိုင်း စီမံခန့်ခွဲလာရေးများကို မဖြစ်မနေဆောင်ရွက်ပေးဖို့ လိုအပ်ပါတယ်။ သို့မှသာ ကန်ထရိုက်လယ်ယာစနစ်ရဲ့ စိန်ခေါ်မှုများ လျော့ပါးသွားနိုင်မှာ ဖြစ်ပါတယ်။

ဒုတိယအချက်ကတော့ မျိုးစေ့ထုတ်လုပ်တဲ့လုပ်ငန်းရဲ့စိန်ခေါ်မှုများပဲ ဖြစ်ပါတယ်။ ကန်ထရိုက်လယ်ယာစနစ်နဲ့မျိုးစေ့ထုတ်လုပ်ငန်းဟာ တချို့နေရာတွေမှာ ဆက်နွှယ်နေတာ တွေ့ရပါတယ်။ ကန်ထရိုက်လယ်ယာစနစ်ဟာ ပြည်ပတင်ပို့နိုင်တဲ့ အရည်အသွေးကောင်းစပါးများ တစ်ကွက်တစ်စပ်တည်း စိုက်ပျိုးထုတ်လုပ်နိုင်မယ့်လမ်းကြောင်းကို ဦးတည်သွားမှာဖြစ်ပါတယ်။ ဒီအထဲမှာပဲ ဇရိယာတစ်ခု သတ်မှတ်ပြီး မျိုးကောင်းမျိုးစေ့ထုတ်လုပ်တဲ့လုပ်ငန်းကိုလည်း တွဲဖက်ထည့်သွင်းလာကြတာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ စပါးစိုက်ပျိုးရေးဧရိယာရဲ့ ၁၂ ရာခိုင်နှုန်းသာ မျိုးကောင်းမျိုးသန့်ဖြန့်ဖြူးပေးနိုင်တာဖြစ်ပါတယ်ယ။ ဒီအခြေအနေရဲ့တောင်းဆိုမှုအရ အချို့ကုမ္ပဏီအဖွဲ့အစည်းများကလည်း မျိုးကောင်းမျိုးသန့်ထုတ်လုပ်ရေးခေါင်းစဉ်ရှေ့တန်းတင်ပြီး ပေါ်ပြူလာဖြစ်မှုယူလာကြတာလည်း ရှိပါတယ်။ စိုက်ပျိုးရေးဦးစီးဌာနကလည်း တောင်သူလှုယ်သမားစည်းရုံးပြီး ကိုယ့်ပိုင်မျိုးစေ့ထုတ်အဖွဲ့အစည်း (Seed Grower Association) များ တည်ထောင်ပြီး အနယ်နယ်အရပ်ရပ်မှာ မျိုးစေ့ထုတ်လုပ်လုပ်ငန်းများမှိုလိုပေါက်အောင် သွတ်သွင်းလာတာ တွေ့ရပါတယ်။ ဒီအခါမှာ နည်းနည်းနဲ့ကျဲကျဲဝိုင်း၊ ကျစ်ကျစ်လျစ်လျစ်နဲ့ နိုင်အောင်မဟုတ်တော့ဘဲ များများလုပ်၊ များများထုတ် ပေါ်ပြူလာဖြစ်တဲ့အလုပ်ဆိုပြီး လုပ်လာတော့ စိန်ခေါ်မှုတွေ အများကြီးရင်ဆိုင်လာကြရပါတယ်။ စိန်ခေါ်မှုတွေကတော့ မျိုးစေ့ထုတ်လုပ်တဲ့ နည်းပညာပိုင်းအားနည်းမှု၊ နောက်တစ်ပိုင်းကတော့ ထုတ်လုပ်တဲ့မျိုးဘယ်သူဝယ်၊ ဘယ်သူဖြန့်၊ မျိုးကလည်း သန့်မသန့်၊ အဆင့်မီမမီဆိုတဲ့ အချက်တွေပါပဲ။

စပါးမျိုးကောင်းမျိုးသန့်ထုတ်လုပ်တယ်ဆိုတာ နည်းပညာအလွန်နက်နဲပါတယ်။ နည်းပညာကို နက်နက်နဲနဲ တိတိကျကျမလုပ်နိုင်ဘဲ အပေါ်ယံသဘောနဲ့သာဆိုရင် ဘယ်လိုမှ မျိုးကောင်းမျိုးသန့်တွေ မရရှိနိုင်ပါဘူး။ နာမည်ခံပဲဖြစ်မှာပါပဲ။ တစ်ခါက ဂျပန်နိုင်ငံ JICA အဖွဲ့အစည်းက စပါးမျိုးကောင်းမျိုးသန့်ထုတ်လုပ်ရေးစီမံကိန်းကို တိုင်းဒေသကြီးတစ်ခုရဲ့ မြို့နယ်ကြီးလေးမြို့နယ်မှာ ဆောင်ရွက်နေတဲ့အခြေအနေလာပြီး ဆွေးနွေးပါတယ်။ သူဆွေးနွေးတာကတော့ မျိုးစေ့ထုတ်လုပ်တဲ့နည်းပညာပိုင်းကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဝန်ထမ်းတွေ ဆောင်ရွက်မယ့်လယ်သမားတွေကို သင်တန်းပေးမယ်လို့ ဆိုပါတယ်။

စာရေးသူတို့ကို ပြန်မေးတာက စပါးမျိုးကောင်းမျိုးသန့်ရရှိအောင် မျိုးကွဲနုတ်ပယ်ခြင်း သုံးကြိမ်၊ ပေါင်းမြက်မျက်ခြည်မပြတ်ရှင်းလင်းခြင်း၊ ခြောက်ကြိမ်ကို ကွင်းထဲဆင်းပြီး လက်တွေ့လုပ်မယ့်သူများဟာ စိုက်ပျိုးရေးဝန်ထမ်းတွေလည်း မဟုတ်ဘူး။ တောင်သူလယ်သမားကြီးများကိုယ်တိုင်လည်း မဟုတ်ဘူး။ တကယ်လက်တွေ့ကွင်းထဲဆင်းပြီး လုပ်မယ့်သူများက လယ်ယာလုပ်သားတွေပဲဖြစ်တယ်။ ဒီလယ်ယာလုပ်သားတွေဟာ ကွင်းထဲမှာစပါးပင်မြင်တာနဲ့ ဒါမျိုးစစ်ပင်၊ ဒါမျိုးကွဲပင်ဆိုတာ သိနိုင်တဲ့ကျွမ်းကျင်မှုရှိရမယ်။ ကွင်းထဲစပါးခင်းထဲမှာဆိုရင် မကျွမ်းကျင်ရင်မြင်တာနဲ့မခွဲခြားနိုင်ဘူး။ ဒါဆိုရင် ထုတ်လုပ်တဲ့စပါးဟာလည်း မျိုးကောင်းမျိုးသန့်မရနိုင်ဘူးလို့ ဆွေးနွေးတော့ သူတို့ဆွေးနွေးချက်ကို လက်ခံသွားတယ်ယ။ ဒီကပြန်ရင် လယ်ယာလုပ်သားတွေကို မျိုးစေ့ထုတ်နည်းပညာသင်တန်းပေးပါ့မယ်လို့ ဆွေးနွေးသွားခဲ့ပါတယ်။

လယ်ကွင်းထဲစပါးခင်းထဲမှာ စပါးပင်မြင်တာနဲ့ စပါမျိုးစစ်ပင်၊ ဒါက မျိုးကွဲပင်လို့ ခွဲခြားသိနိုင်တဲ့ နည်းပညာကို စိုက်ပျိုးရေးဦးစီးဌာနက မျိုးသန့်ထုတ်လုပ်တဲ့ခြံတွေမှာဆိုရင် လယ်ယာလုပ်သားတွေကို ခြောက်နှစ်လောက် သင်တန်းပေး ကွင်းလက်တွေ့လေ့ကျင့်ပေးပြီးမှသာ ကျွမ်းကျင် လုပ်သားရရှိပါတယ်။ ဒီလိုဆိုရင် အနယ်နယ်အရပ်ရပ်မှာ ကုမ္ပဏီအဖွဲ့အစည်းတွေက ထုတ်လုပ်နေကြတဲ့မျိုးကောင်းမျိုးသန့်ထုတ်လုပ်ရေးလုပ်ငန်းတွေ မျိုးကောင်းမျိုးစေ့ထုတ်လုပ်အဖွဲ့အစည်းတွေက ထုတ်လုပ်နေကြတဲ့ မျိုးကောင်းမျိုးသန့်စိုက်ခင်းတွေမှာ ကျွမ်းကျင်လုပ်သား ဘယ်လိုများရရှိကြပါသလဲ၊ အမှန်တိုင်းပြောရင် စိန်ခေါ်မှုတစ်ရပ်ပါပဲ။ ဌာနရဲ့မျိုးကောင်းမျိုးသန့်ထောက်ခံချက်တောင်းတော့ ဘယ်သူမှ မပေးနိုင်ကြပါဘူး။ ဒါကြောင့်လည်း မျိုးမသန့်လို့ မျိုးကောင်းမျိုးသန့်ဈေးမရောင်းရဘူး။ ပုံနေတယ်ဆိုတဲ့သတင်းတွေ ပြန့်ထွက်လာတာပဲ ဖြစ်ပါတယ်။

နောက်တစ်ချက် စိန်ခေါ်မှုကတော့ ကုမ္ပဏီအဖွဲ့အစည်းတွေကပဲ ထုတ်ထုတ်၊ မျိုးကောင်းမျိုးသန့်ထုတ် အဖွဲ့အစည်းတွေကပဲ ထုတ်ထုတ်ထွက်လာတဲ့ မျိုးကောင်းမျိုးသန့်စပါးမျိုးတွေ ဘယ်သူတွေဝယ်ပေးပြီး ဘယ်လိုဖြန့်ဖြူးမလဲဆိုတဲ့အချက်ပါ။ နယ်တွေမှာ ပြည်ပအဖွဲ့အစည်းတွေနဲ့ မျိုးစေ့ထုတ်လုပ်ငန်းအတွက် လိုက်ပါဆွေးနွေးရတိုင်း လယ်သမားများမေးတဲ့မေးခွန်းကတော့ “စပါးထွက်လာရင် ဘယ်သူကဘယ်ဈေးနဲ့ဝယ်ပေးမှာလဲ” ဆိုတဲ့ မေးခွန်းပါပဲ။ ပါသွားတဲ့အဖွဲ့အစည်းပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကမျှ ဒီမေးခွန်းကို တုံ့ပြန်ခြင်းမရှိခဲ့ပါဘူး။ ဒါနဲ့ပဲ ဒီမျိုးစေ့ထုတ်လုပ်ငန်းဟာ တပ်လှန့်ပြန်ခဲ့ရတာချည်းပဲ ကြုံခဲ့ရဖူးပါတယ်။ ယခင်နှစ်က ရန်ကုန်တိုင်းဒေသကြီး မြို့နယ်ကြီးတစ်မြို့နယ်မှာ ကုမ္ပဏီကြီးတစ်ခုက မျိုးစေ့ထုတ်လုပ်ငန်းဧက ၁၀၀၀ ဆောင်ရွက်ပါတယ်။ စပါးပေါ်ချိန်ကျတော့ ကုမ္ပဏီက ပေါ်မလာတော့လို့ လယ်သမားကြီး တမျှော်မျှော်နဲ့ စောင့်နေကြပြီး နောင်တော့ အပြင်ပဲရောင်းလိုက်ကြရတယ်လို့ ဆိုပါတယ်။

သို့အတွက် ကိုယ်ပိုင်စပါးမျိုးကောင်းမျိုးသန့်ထုတ်လုပ်တဲ့လုပ်ငန်းတွေဟာ နည်းပညာတိတိကျကျလိုက်နာပြီး တကယ့်မျိုးကောင်းမျိုးသန့်စစ်စစ်ရရှိအောင် ဆောင်ရွက်ကြဖို့နဲ့ ထွက်ရှိလာတဲ့စပါးမျိုးများကိုလည်း ဝယ်ယူသိုလှောင်ဖြန့်ဖြူးမယ့် Chain တစ်ခုလုံးအစီအစဉ်ကို ရေရာသေချာအောင် ရေးဆွဲဆောင်ရွက်မှသာ စိန်ခေါ်မှုများ ပပျောက်နိုင်မှာ ဖြစ်ပါကြောင်း။ ■



# စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီး ပြည်နယ်ဦးစီးမှူးများနှင့် လုပ်ငန်းညှိနှိုင်း အစည်းအဝေး ကျင်းပ

နေပြည်တော် ဧပြီ ၁၁

**စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီက နေပြည်တော်ရုံးအမှတ် ၁၅ ရှိ ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အစည်းအဝေးသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဌာနခွဲများမှ ညွှန်ကြားရေးမှူးများနှင့် တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးများ စုံညီစွာ တက်ရောက်ကြသည်။**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးကအမှာစကားပြောကြားရာ၌ အခြေခံအဆင့်ဝန်ထမ်းများမှစ၍ သက်ဆိုင်ရာအဆင့်ဆင့်ရှိ တာဝန်ရှိသူအားလုံးတို့က တက်ကြွညီညွတ်စွာ ပူးပေါင်းပါဝင်ဆောင်ရွက်လာရေးသည် လုပ်ငန်းအောင်မြင်စေမှုအတွက် အရေးပါသောအချက်ဖြစ်သည်ကို ဂရုပြုကြစေလိုကြောင်း၊ အလုပ်တာဝန်၏ အရေးပါမှုကို ခွဲခြားသိမြင်တတ်ရန် လိုအပ်သကဲ့သို့ သတ်မှတ်ပြဋ္ဌာန်းထားသောဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများ၊ လုပ်ငန်းနယ်ပယ်အလိုက် ကျင့်သုံးရမည့် လုပ်ထုံးလုပ်နည်းများကို တိတိကျကျလိုက်နာဆောင်ရွက်ကြခြင်းဖြင့် ဒေသဆိုင်ရာတာဝန်ရှိသူများ၏ စီမံဆောင်ရွက်မှုများအပေါ် ကောင်းစွာအထောက်အပံ့ပေးနိုင်မည့် အဂတိတရားကင်းသော နိုင်ငံ့ဝန်ထမ်းကောင်းများဖြစ်စေရေး အလေးထားကြိုးပမ်းကြရမည်ဖြစ်ကြောင်း၊ ဦးစားပေးလုပ်ငန်းကဏ္ဍများအလိုက် စီမံချက်များရေးဆွဲချမှတ်ပြီး တိကျသော ညွှန်ကြားချက်များချမှတ်ပေးခြင်း၊ လိုအပ်ချက်များ ရှာဖွေဖော်ထုတ်ဖြည့်ဆည်းပေးခြင်း၊ ထူးချွန်မှုများအလိုက် ထိုက်တန်စွာ ချီးမြှောက်ပေးခြင်းစသည်တို့ဖြင့် မိမိတို့ဌာနကြီးအား ပျော်ရွှင်အောင်မြင်သောဝန်းကျင်တစ်ခုအဖြစ် ဖန်တီးဖော်ဆောင်နိုင်ရေး ဝိုင်းဝန်းကြိုးပမ်းကြရန် လိုအပ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးများက ဒေသအလိုက် ဆောင်ရွက်ခဲ့မှုများနှင့် ဘဏ္ဍာနှစ်အလိုက် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို တင်ပြပြီး စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီး လမ်းညွှန်မှာကြားရာ၌ လယ်ယာစိုက်ပျိုးရေးကဏ္ဍသည် ပြည်သူအများစုနှင့် တိုက်ရိုက်ထိတွေ့နေကြရပြီး နည်းပညာနှင့် လိုအပ်ချက်များ ဝန်ဆောင်မှုပေးနေရသည့် စိုက်ပျိုးရေးဝန်ထမ်းများအနေဖြင့် တစ်ဦးချင်းစီ၏ စွမ်းဆောင်ရည်ပြည့်ဝမှုတိုးတက်ရေးအတွက် စဉ်ဆက်မပြတ် အားထုတ်ကြိုးပမ်းရန် လိုအပ်ချက်များကို လည်းကောင်း၊ ပြည်တွင်းစားနပ်ရိက္ခာဖူလုံရေးအတွက် သာမက ပြည်ပပို့ကုန်တိုးတက်ရေးအတွက် အဓိကအရေးပါသော စိုက်ပျိုးရေးထွက်ကုန်သီးနှံများ၏ စိုက်ပျိုးထုတ်လုပ်မှုသည် ပြောင်းလဲသက်ရောက်လာလျက်ရှိသော ရာသီဥတုနှင့်လိုက်လျောညီထွေမှုရှိစေရေး၊ ထုတ်လုပ်မှုတိုးတက်ရေး၊ အရည်အသွေး စံချိန်စံညွှန်းပြည့်မီရေးတို့အတွက် တိုင်းဒေသကြီး/ ပြည်နယ်အလိုက် သီးနှံပုံစံများ စနစ်တကျရေးဆွဲချမှတ်ဆောင်ရွက်ရန် လိုအပ်ချက်များကို လည်းကောင်း အသေးစိတ် ဆွေးနွေးမှာကြားသည်။

မတ်လ ၃၁ ရက်အထိ ကောက်ယူရရှိသောစာရင်းဇယားများအရ ၂၀၁၈–၂၀၁၉ ဘဏ္ဍာနှစ်အတွင်း မိုးစပါး နွေစပါး စုစုပေါင်း ၁၇၅၁၆၇၇၃ ဧက (ဧကတစ်ဆယ့်ခုနစ်သန်းကျော်) စိုက်ပျိုးခဲ့ပြီး၊ ပဲတီစိမ်း (မိုး+ဆောင်း) ၂၈၇၇၂၈ ဧက၊ မြေပဲ (မိုး+ဆောင်း) ၂၆၁၃၅၁၄ ဧက၊ နှမ်း (မိုး+ဆောင်း) ၃၆၃၀၂၉၄ ဧက၊ အစေ့ထုတ်ပြောင်း (မိုး+ဆောင်း) ၁၂၈၇၀၁၄ ဧက အပါအဝင် သီးနှံစုံ ၄၈၆၉၄၉၁၁ ဧက (ဧကလေးဆယ့်ရှစ်သန်းကျော်) စိုက်ပျိုးခဲ့ကြောင်း သတင်းရရှိသည်။

MOALI ပြန်ကြားရေး



# တိုင်းဒေသကြီး/ပြည်နယ်များမှ လယ်ယာကဏ္ဍဆိုင်ရာ ဝန်ကြီးများ ရိတ်သိမ်းချိန်လွန်နည်းပညာဌာန လာရောက် လေ့လာ

နေပြည်တော် ဧပြီ ၁၀

**ရိတ်သိမ်းချိန်လွန်နည်းပညာဆိုင်ရာ သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ သုတေသနရလဒ်များကို အသုံးချနည်းပညာအဖြစ် ဖြန့်ဝေပေးခြင်း၊ ယင်းနည်းပညာများအား လိုက်နာဆောင်ရွက်ခြင်းဖြင့် သီးနှံများ ရိတ်သိမ်းပြီးနောက် နောက်ဆက်တွဲလုပ်ငန်းစဉ်များတွင် လေလွင့်ဆုံးရှုံးမှုများ လျှော့ချပေးနိုင်မည်ဖြစ်ကာ တောင်သူဝင်ငွေတိုးတက်လာစေမည်ဖြစ်သကဲ့သို့ ရိတ်သိမ်းချိန်လွန်နည်းပညာအခြေခံ၍ ဈေးကွက်လိုအပ်ချက်နှင့် တောင်းဆိုမှုများဖြည့်ဆည်းမြှင့်တင်ပေးခြင်းဖြင့် ပြည်ပဈေးကွက်အထိ ထိုးဖောက်လာနိုင်မည်ဖြစ်ရာ ဈေးကွက်အကျိုးအမြတ်လည်း ပိုမိုရရှိစေနိုင်မည်ဖြစ်ကြောင်း ယမန်နေ့ နေ့လယ်ပိုင်းက နေပြည်တော်ပြည်ထောင်စုနယ်မြေ ဇေယျာသီရိမြို့နယ် ရေဆင်းရှိ ရိတ်သိမ်းချိန်လွန်နည်းပညာဌာနသို့ တိုင်းဒေသကြီး/ပြည်နယ်များမှ လယ်ယာကဏ္ဍဆိုင်ရာ ဝန်ကြီးများ ရောက်ရှိလေ့လာစဉ် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ရှင်းလင်းပြောကြားသည်။**

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေ၊ နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်၊ တိုင်းဒေသကြီး/ပြည်နယ်များမှ လယ်ယာကဏ္ဍဆိုင်ရာ ဝန်ကြီးများပါဝင်သောအဖွဲ့သည် ရိတ်သိမ်းချိန်လွန်နည်းပညာပြခန်းတွင် ခင်းကျင်းပြသထားသော စိုက်ပျိုးရေးထွက်ကုန် တန်ဖိုးမြင့်ကုန်ချောပစ္စည်းများအား ကြည့်ရှုအားပေးရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူနှင့် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းတို့က ရှင်းလင်းပြသကြသည်။ (ပုံ)

ဆက်လက်၍ စီမံကိန်းရှင်းလင်းဆောင်တွင် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက ရိတ်သိမ်းချိန်လွန် နည်းပညာဌာနဖြစ်ပေါ်လာပုံနှင့် စီမံကိန်း၏ ရည်ရွယ်ချက်များကိုလည်းကောင်း၊ စိုက်ပျိုးရေးထုတ်ကုန်များအား မရိတ်သိမ်းခင်နှင့် ရိတ်သိမ်းပြီးနောက်ပိုင်းအဆင့်ဆင့် လုပ်ဆောင်သည့် အအေးခံခြင်း၊ ဆေးကြောသန့်စင်ခြင်း၊ ရေနွေးငွေ့ဖြင့် အပူပေးခြင်း၊ သိုလှောင်ခြင်း၊ ထုပ်ပိုးခြင်းနှင့် ဖြန့်ဖြူးခြင်းစသည့် လုပ်ငန်းစဉ်အလိုက် သီးနှံ၏အရည်အသွေးအပေါ် အကျိုးသက်ရောက်မှုများကို သုတေသနပြုဆောင်ရွက်၍ အလေအလွင့်ဆုံးရှုံးမှုများ အနည်းဆုံးလျှော့ချခြင်းဆိုင်ရာများကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ နေပြည်တော်ကောင်စီဝင်နှင့် တိုင်းဒေသကြီး/ပြည်နယ်များမှ လယ်ယာကဏ္ဍဆိုင်ရာဝန်ကြီးများသည် ရိတ်သိမ်းချိန်လွန်နည်းပညာဌာနရှိ သုတေသနဓာတ်ခွဲခန်းများအား လှည့်လည်ကြည့်ရှုလေ့လာကြရာ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

၂၀၁၈ ခုနှစ် မေ ၃ ရက်တွင် ဖွင့်လှစ်ခဲ့သော ရိတ်သိမ်းချိန်လွန်နည်းပညာဌာနသည် ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (KOICA) ၏ ကူညီထောက်ပံ့မှုဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနက အဓိကတာဝန်ယူဆောင်ရွက်လျက်ရှိပြီး ရိတ်သိမ်းချိန်လွန် ဇီဝကမ္မဗေဒဓာတ်ခွဲခန်း၊ ရိတ်သိမ်းချိန်လွန် ကိုင်တွယ်ထိန်းသိမ်းဓာတ်ခွဲခန်း၊ ရိတ်သိမ်းချိန်လွန် ထုပ်ပိုးခြင်းနှင့် ဖြန့်ဖြူးခြင်းနည်းပညာဓာတ်ခွဲခန်း၊ ရိတ်သိမ်းချိန်လွန် အင်ဂျင်နီယာဓာတ်ခွဲခန်း၊ ရိတ်သိမ်းချိန်လွန် ပြုပြင်မွမ်းမံခြင်းဓာတ်ခွဲခန်း၊ သီးနှံအရည်အသွေးနှင့် ပိုးမွှားကင်းစင်မှုဓာတ်ခွဲခန်း၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးရေးဓာတ်ခွဲခန်း၊ ရိတ်သိမ်းချိန်လွန် ဈေးကွက်နှင့် သတင်းအချက်အလက်ဆိုင်ရာ ဓာတ်ခွဲခန်း၊ စီမံချက်ရေးဆွဲရေးနှင့် အကဲဖြတ်သုံးသပ်ရေးဓာတ်ခွဲခန်း၊ ရိတ်သိမ်းပြီးထွက်ကုန်များအား ကနဦးပြုပြင်မွမ်းမံသည့် အလုပ်ရုံတို့ဖြင့် ရိတ်သိမ်းချိန်လွန်နည်းပညာဆိုင်ရာ သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်မည့်သူများအား ဖိတ်ကြားခြင်း၊ တောင်သူလက်တွေ့နယ်ပယ် ဆောင်ရွက်ပုံနှင့် ဈေးကွက်ရောင်းဝယ်ဖောက်ကားမှုနည်းစနစ်များ လေ့လာခြင်း၊ သုတေသနတွေ့ရှိချက် ရလဒ်များနှင့် နည်းပညာများကို ရိတ်သိမ်းချိန်လွန် နည်းပညာသင်တန်းကျောင်း (ထုံးဘို)နှင့် ချိတ်ဆက်ပြီး ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

MOALI ပြန်ကြားရေး



# တွေ့မြင်လေ့လာ ထားဝယ်ခရီးမှာ

ကိုရဲ
(စိုက်ပျိုးရေး)

**တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့သို့ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်က ရောက်ရှိသွားသည်။ ဒုတိယအကြိမ်ဖြစ်ပါသည်။ ပထမအကြိမ် ထားဝယ်ရောက်ဖူးသည်က ၂၈.၄.၂၀၀၃ ဖြစ်၍ နှစ်ပေါင်း ၁၆ လကြာမှ တစ်ခေါက်ထပ်ရောက်ခြင်းဖြစ်သည်။ မြင်ကွင်းတွေကလည်း ပြောင်းလဲနေသည်။**

ပထမအကြိမ်ရောက်စဉ်တွေ့ခဲ့သည့် ကမြောကင်းတံတားဘေးဝဲယာဝန်းကျင်သည် မြေဗလာ၊ ကွင်းပြင်တွေမဟုတ်တော့ဘဲ အဆောက်အဦတွေ ရှိလာပြီ။

လောင်းလုံးမြို့နယ်ထဲမှ လောင်းလုံးဆီအုန်းခြံ ရေဖြူမြို့နယ်ထဲမှ ပုဂေါ္ဂနန်းဆီအုန်းခြံတို့သည်လည်း အခြေအနေတွေပြောင်းသွားကြပြီ။ ဒုတိယအခေါက်ခရီးစဉ်တွင် လောင်းလုံး၊ ရေဖြူ၊ သရက်ချောင်းမြို့နယ်များ၏ စိုက်ပျိုးရေးအခြေအနေများကို မြင်တွေ့ခဲ့ရပါသည်။

ရန်ကုန်မြို့မှ နေပူပူတွင်ခရီးထွက်ခဲ့သော ကျွန်တော်တို့သည် ထားဝယ်သို့လေကြောင်းခရီး တစ်နာရီအကြာတွင်ရောက်သွားရာ ထားဝယ်ရောက်သည်နှင့် မိုးတွေခြိမ်း၊ လျှပ်စီးတွေပစ်၊ မိုးတွေရွာတော့သည်။ အီကွေတာနှင့်နီးသောဒေသဖြစ်၍ စွတ်စိုပူအိုက်နေသည်။

ထားဝယ်မြို့တိုင်းဒေသကြီး စိုက်ပျိုးရေးရုံးတွင် အခြေခံဟင်းသီးဟင်းရွက် သစ်သီးဝလံသင်တန်း ဖွင့်လှစ်ထားသဖြင့် တောင်သူများ ဟင်းသီးဟင်းရွက် သစ်သီးဝလံသင်တန်းသားများ၊ ဌာနဝန်ထမ်းများနှင့် တွေ့ဆုံပြီး ဆရာဒေါက်တာစိန်လှမိုလ်နှင့် ကျွန်တော်တို့ပါဝင်ဟောပြောခဲ့ကြသည်။ အသိပညာဖလှယ်ကြသည်။ အဓိကမှာ ဆွေးနွေးကြခြင်းဖြစ်သည်။ အခြေခံနည်းပညာတွေကိုလည်း လက်တွေ့ပြသခဲ့ကြသည်။ မိုးများသောဒေသတွင် မိုးရာသီဟင်းသီးဟင်းရွက်စိုက်ပျိုးနိုင်ရန် ဝါး၊ ပလတ်စတစ်စဖြင့် အလွယ်တကူကိုယ်တိုင်ပြုလုပ်နိုင်သော ပေါင်းမိုးစိုက်ခင်း၊ ဧရတ်ကောင်းမျိုးပွားနည်းတို့ကို စာတွေ့လက်တွေ့ပြသခဲ့ကြသည်။ ထို့ပြင် ဤဒေသ၌ စီးပွားဖြစ်ထုတ်လုပ်နိုင်သော ကိုကိုး၊ ဧရတ်ကောင်း၊ လေးညှင်း၊ စင်ကိုနာပင်တို့အကြောင်းကိုလည်း ဆွေးနွေးခွင့်ရခဲ့သည်။ တောင်သူများနှင့် စိုက်ခင်းလေ့လာရေးခရီးစဉ်တွင် တိုင်းဦးစီးမှူး ဦးနိုင်ဦး၊ ဒုတိယတိုင်းဦးစီးမှူး ဦးစန်းလွင်၊ မြို့ဂျာ ဦးစောအောင်၊ တိုင်းဒေသကြီး စိုက်ပျိုးရေးတက္ကသိုလ် ဘွဲ့ရအသင်းဥက္ကဋ္ဌ ဦးစိုးမြင့်တို့လည်း ပါဝင်ခဲ့သဖြင့် ဒေသအခြေအနေများကို သိခွင့်ရခဲ့သည်။

ထားဝယ်မြို့ စိုက်ပျိုးရေးသိပ္ပံအနီးရှိ စခန်းကြီးဌာနခြံသို့ရောက်ရှိစဉ် ယခင်က စိုက်ပျိုးထားခဲ့သော လေးညှင်းပင်များကို ဝင်ရောက်လေ့လာကြရာ အပင်အနည်းငယ်သာ ကျန်ရှိတော့သည်ကို တွေ့ရ၏။ ပင်လယ်လေနှင့် ပင်လယ်အငွေ့အသက်ကို ကြိုက်သော လေးညှင်းပင်များကို တစ်ချိန်က ခြံတည်ပေးခဲ့ဖူးသည်။ လေးညှင်းသည် လေးညှင်းပွင့်၊ လေးညှင်းဆီ၊ လေးညှင်းပါသော စားသောက်ကုန်၊ ဆေးဝါး၊ လူသုံးပစ္စည်းများသည် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းမှ စက်ရုံကြီးများအထိ ပြုလုပ်နိုင်ပြီး ပြည်ပဈေးကွက်ရှိသည့် သီးနှံဖြစ်သည့်အပြင် ဤဒေသနှင့်လည်းကိုက်ညီသဖြင့် လေးညှင်းကို ထိန်းသိမ်းပြီး ဒေသစီးပွားရေးလုပ်သင့်သောသီးနှံဖြစ်သည်ဟု မြင်မိပါသည်။

လေးညှင်းပွင့်၊ လေးညှင်းအဖူးဟုခေါ်ကြသော်လည်း တကယ်တော့ အပွင့်မပွင့်ရသေးသည့် ပွင့်ဖတ်များသာဖြစ်သည်။ ပွင့်ဖတ်တွေထပ်လုံးနေခြင်းဖြစ်သော အဖူးထွက်စတွင် အဖြူရောင်၊ ထို့နောက် စိမ်းရာမှ နီပြီး နေလှန်းလိုက်တော့ အညိုရောင်ဖြစ်သွားသည်။ လေးညှင်းဆီကို လေးညှင်းဖူး၊ လေးညှင်းရွက်၊ အကိုင်းအခက်တို့ကို ရေနွေးငွေ့ပေါင်းတင်ထုတ်ယူရရှိသည်။ ဆီမှာလည်း ပထမဆုံးအဝါရောင်၊ ထို့နောက်ကြာလာသည်နှင့်အမျှ အညိုရောင်ပြောင်းသွားသည်။ တိုင်းရင်းဆေး၊ အနောက်တိုင်းဆေးမျိုးစုံထုတ်လုပ်သည်။ လွယ်လွယ်နှင့်သွားတိုက်ဆေးထုတ်နိုင်သည်။ လေးညှင်းပွင့်အလေးချိန် ၅၀ ဂရမ်ကို ဆီထုတ်လုပ်လျှင် တစ်ဂရမ်သာရ၏။

တစ်ဧကတွင် လေးညှင်းပင် အပင် ၁၀၀ ဝင်ဆံ့သည်။ ပင်ကြားပေနှစ်ဆယ်ထား၍ စိုက်ကြသည်။ စိုက်ပျိုးပြီး ရှစ်နှစ်၊ ကိုးနှစ်နှင့် အပွင့်စတင်ထုတ်နိုင်သည်။ နှစ်ပေါင်း ၂၀ ကြာအထိ အပွင့်ရသော နှစ်ရှည်ပင်မျိုးဖြစ်သည်။ လက်ရှိရှိနေသော ပေ ၃၀၊ ပေ ၄၀ ရှိ အပင်အနည်းငယ်ကျန်သည်ကို ထိန်းသိမ်းမျိုးပွားကြရန် လိုပါသည်။

ထူးထူးခြားခြားတွေ့ရသည်မှာ အဆိုပါခြံ၌ စိန်တလုံးသရက်ပင်များစိုက်ပျိုးထား၍ ဖေဖော်ဝါရီလထဲတွင် အသီးသီးနေသည်မှာ မှည့်ကာနီးနေပြီ။ ထားဝယ်ဒေသ၌ စိန်တလုံးဖြစ်ထွန်းကြောင်းသက်သေပြနေပြီ။ အီကွေတာနှင့်နီးသဖြင့်လည်း ပြည်မထက်စောစောပေါ်နေပြီ။ ဤသို့ဆိုလျှင် စိန်တလုံးသရက်သီးဈေးကွက်ကလည်း ဖြစ်ထွန်းအောင်မြင်နိုင်ပါသေးသည်။

သင်တန်းနှစ်ရက်ပြီးဆုံး၍ နောင်တစ်နေ့တွင် တောင်သူကြီးများ၊ ဌာနဝန်ထမ်းများ၊ ဟင်းသီးဟင်းရွက်သစ်သီးဝလံအသင်းသူ၊ အသင်းသားများနှင့် စိုက်ခင်းများလေ့လာကြသည်။ ထားဝယ်မြို့ပတ်ဝန်းကျင် အိမ်ရှေ့ပြင်ရပ်ရှိ တောင်သူများ၏ ဟင်းသီးဟင်းရွက်ခြံများတွင် တစ်ခွင်တစ်ပြင် စိုက်ပျိုးထားသည့် သီးနှံပင်များ၏ ပိုးမွှားရောဂါ၊ စိုက်နည်းစနစ်များဆွေးနွေးကြပြီး လုံခြုံစိတ်ချရသော အစားအစာထုတ်လုပ်ရေး ဆွေးနွေးခဲ့ကြသည်။

ထားဝယ်ဒေသသည် ထိုင်းနိုင်ငံ ကန်ချနန်ဘူရီပြည်နယ်နှင့်နီးကပ်နေသဖြင့် တရားဝင်စစ်ဆေးပြီး ပိုးသတ်ဆေး၊ မှိုသတ်ဆေး၊ ပေါင်းသတ်ဆေးများ အသုံးပြုရန် တတ်နိုင်သမျှ အော်ဂဲနစ်သီးနှံစိုက်ပျိုးမှုဆောင်ရွက်ရေး လိုအပ်သည်။ အဘယ့်ကြောင့်ဆိုသော် ထားဝယ်မြို့၏ ကမ်းနားဈေးမှ ဟင်းသီးဟင်းရွက်ဈေးတန်းသို့ရောက်ရှိခဲ့စဉ် ဟင်းသီးဟင်းရွက်မျိုးစုံ၊ သံပရာ၊ ပဲတောင့်ရှည်၊ ဧရတ်၊ သခွားစသည့် အမယ်စုံအမျိုးစုံတွေ့ခဲ့ရပြီး ဈေးနှုန်းကလည်း သက်သာနေသည်။ နောက်ဆုံး စပါးလင်ပင်ကိုပင် ထိုင်းနိုင်ငံမှ တင်သွင်းရောင်းချနေသည်ကို မြင်တွေ့ခဲ့ရသည်။ ဤကြားထဲတွင် ယခုကဲ့သို့ ထားဝယ်မြို့ပတ်ဝန်းကျင်၌ ဟင်းသီးဟင်းရွက်စိုက်ခင်းများ စိုက်ပျိုးနေကြသေးသည်မှာ ကောင်းသောမြင်ကွင်းဖြစ်သည်။

ရေဖြူမြို့နယ် ကလိန်အောင်(ကျောက်ရုပ်) ကျေးရွာအနီးတွင် ပတ္တမြားငမောက်သရက်နှင့် နန်းတော်မှိုင်းသရက်ခြံတည်၍ စိုက်ပျိုးနေသော ဦးအောင်နိုင်ဝင်းနှင့် ဦးညဏ်ထွန်းတို့၏ ၁၀ ဧက သရက်ခြံနှင့် ရေဖြူမြို့နယ် ၇ မိုင်ခွဲမှ စိုက်ပျိုးရေးသုတေသနခြံ၊ ကျောက်ရုပ်ရွာအနီးမှ ဦးမောင်တိုး၏ ကိုကိုးခြံ၊ မိချောင်းလှောင်ကျေးရွာမှ ဦးနေလင်းအောင်၏ အောင်ဇမ္ဗူပျိုးဥယျာဉ်ခြံတို့ကို လေ့လာခွင့် ရကြသည်။

ဤဒေသသည် ကွမ်းသီးပင်ခြံများနေရာအနှံ့ဖြစ်ထွန်းသည်။ ကွမ်းသီးပင်များ၏အောက်ခြေတွင် ကိုကိုးပင်များစိုက်ပျိုးထားပြီး အောင်မြင်နေသည့် ဦးမောင်တိုးခြံသည် ကိုကိုးသီးများသီးနေပြီ။ ကိုကိုးစေ့များရောင်းချနေရပြီ။ ကိုကိုးပင်သည် သီဟိုဠ်ပင်၊ ရော်ဘာပင်များအောက်တွင် စိုက်ပျိုးနိုင်သော်လည်း အကောင်းဆုံးမှာ ကွမ်းသီးခြံဖြစ်သည်။ ကွမ်းသီးခြံများတွင် တွဲဖက်စိုက်ပျိုးလျှင် ဝင်ငွေတစ်သီးကို ရမည်။ အရိပ်ရမှု၊ အလင်းရမှုသည် ပန်းပွင့်မှုကို ကွမ်းသီးပင်က ထောက်ကူမှုပေးသည်။ မိုးရာသီ၌ အချို့ခြံများရေမြုပ်သော်လည်း ရက်မကြာလျှင် ကိုကိုးပင်ခံနိုင်သည်ဟု ဤခြံက လက်တွေ့ပြခဲ့ဖူးပြီ။ ကိုကိုးပင်သည် စိုက်ပျိုးပြီးငါးနှစ်၊ ခြောက်နှစ်ဆိုလျှင် အသီးစတင်သီးပြီ။ ပန်းပွင့်ချိန်မှ အသီးရင့်မှည့်ချိန်အထိ ခြောက်လခန့်ကြာသည်။ အပင်သက်တမ်း ၄၅ နှစ်ဝန်းကျင်ရှိပြီး ၁၀ နှစ်သားနောက်ပိုင်းကာလ အသီးထွက်ကောင်းသည်။ တစ်ပင်လျှင် အသီးလုံး ၈၀ ကျော်သီး၍ အသီးတစ်လုံးလျှင် အစေ့ ၃၀ ကျော်ပါသည်။ တစ်ဧကမှ ကိုကိုးစေ့အခြောက်ပေါင် ၆၀၀ အထိ ထွက်သည်။

ကျွန်တော်သည် ရန်ကုန်မြို့ မြေပဒေသာဥယျာဉ်နှင့် ကန်တော်ကြီးရေကူးကန်ဘေးတောင်ကုန်းတစ်ဝိုက် သစ်ပင်ကြီးများအရိပ်အောက်တွင် ကိုကိုးပင်များကိုလည်းကောင်း၊ ယုဇနဂေဟာတွင် လေးညှင်းပင်ကိုလည်းကောင်း မြင်တွေ့ဖူးသည်။ အသီးများလေးညှင်းပွင့်များ လေ့လာဖူးသည်။ ယခုတော့ မရှိသလောက် ဖြစ်နေကြပြီ။

ထားဝယ်တွင် သရက်သီးမျိုးစုံကောင်းစွာစိုက်ပျိုးနိုင်ပြီ။ အချိန်စော၍သီးနေသည်ကို ခြံသုံးခြံ

စာ - ၁၃ သို့



# ပိတောက်အလှ ငုအလှ ဥသြသံချိုသာတဝ



ကျွန်းသားငမန်း

**ဥသြငှက်ငယ်၏ လေးတွဲ့တွဲ့ လွမ်းမောဖွယ်တေးသံကို ကြားလာရသည်။ သစ်ပင်တောတောင်တို့မှာလည်း သူတို့၏ဝတ်ရုံဟောင်းများကို ခွာချကာ ဝတ်ရုံသစ်များကို ဆင်မြန်းထားကြပြီ။ မြင်ကွင်းများသည် စိမ်းလန်းစိုပြည်ကာ လှပသစ်လွင်လျက်ရှိနေသည်။ ရာသီမသိ ပန်းနှင့်ညှိ ဟု ဆိုစကားနှင့်အညီ ငုပန်းဝါဝါတို့ပွင့်လာကြပြီဆိုလျှင် သင်္ကြန်ရာသီ ရောက်တော့မည်ဟု အမှတ်အသားပြုမိကြသည်။ ပိတောက်ပန်းတို့ကလည်း သင်္ကြန်ပန်းပင်ဖြစ်သည်။**

သို့ရာတွင် ငုပန်းတို့ပွင့်သည့်တိုင် ပိတောက်ပန်းတို့ကား ပွင့်အာခြင်းမရှိကြသေး။ ပိတောက်ပင်တို့တွင် ပိတောက်ပန်းအငုံများကို တစ်ထွေးတစ်ပိုက်ကြီး မြင်နေရပြီဖြစ်သော်လည်း ပိတောက်ပန်းကား မပွင့်ကြသေး။ ဘယ်နေရာကိုပဲကြည့်ကြည့်၊ မြင်ကွင်းများက မှုန်မှိုင်းဝေရီကာ မြူတွေဆိုင်းလျက် နှစ်သစ်ကို ကြိုဆိုနေကြပြီဖြစ်သည်။

တန်ခူးလကား ဂိမှာန်ရာသီ၏ ဒုတိယလ ဖြစ်သည်။ နွေဦးရာသီ၏ သင်္ကေတအမှတ်အသား ဖြစ်သော ငုပန်းနှင့်ပိတောက်ပန်းတို့ အလှချင်းပြိုင်ကာ ဖူးပွင့်မြဲဖြစ်ကြသည်။ အဝါရောင်ဆိုသော်လည်း ငုပန်းတို့၏အဝါမှာ ဖျော့တော့တော့နိုင်လွန်းသည်။ အရောင်အသွေးအားဖြင့်လည်း ပိတောက်ကဲ့သို့ တောက်ပခြင်းမရှိ။ ထို့အတူ အမွှေးနံ့သာကလည်း ပိတောက်ပန်းလောက် စူးရှပြင်းထန်ခြင်းမရှိ။

ပိတောက်ပန်းကတော့ ကြွားကြွားဝင့်ဝင့် ရှိလှသည်။ အဝါရင့်ရင့်ဖြင့် ပတ်ဝန်းကျင်တွင် တောက်ပနေတတ်သည်။ စူးရှပြင်းထန်သည့်ရနံ့တို့ကလည်း ပတ်ဝန်းကျင်ကို လွှမ်းခြုံသင်းပျံ့နေစေသည်။

ပိတောက်ပန်းနှင့်ငုပန်းတို့မှာ နွေဦးရာသီတွင် ပွင့်တတ်သောပန်းများဖြစ်သော်လည်း လူအများတို့က ပိတောက်ပန်းကိုသာ အထွတ်အမြတ်ထား တန်ဖိုးထားလေ့ရှိကြသည်။

သင်္ကြန်အခါ ပိတောက်များပွင့်ပြီဆိုလျှင် တစ်နှစ်မှာ တစ်ခါသာပွင့်သောပန်းမို့ ဦးဦးဖျားဖျား ဘုရားမှာတင်လှူ ပူဇော်ကြသည်။ ပွင့်လာသော ပိတောက်ပန်းများကို သူ့ထက်ငါဦးအောင် ဆွတ်ခူးပြီး ချစ်သက်လက်ဆောင်အဖြစ် ပေးလေ့ရှိကြသည်။ ချစ်သက်လက်ဆောင်ရသူများက ပိတောက်ပန်းကို ခေါင်းတွင်ဝေနေအောင်ပန်ဆင်ပြီး ဝင့်ကြွားဂုဏ်ယူကြသည်။ သည်အချိန်တွင် ငုပန်းခမျာ မျက်နှာငယ်ရရှာ၏။

ထူးခြားသည်မှာအဖူးအငုံတွေဖြင့် ပြည့်နေသည့် ပိတောက်ပန်းသည် သူ့အားသူ့အင်ဖြင့် အလိုအလျောက် ပွင့်လန်းနိုင်ခြင်းမရှိ။ သင်္ကြန်မိုးလေး တစ်ဖြိုက် နှစ်ဖြိုက်လောက် ပက်ဖျန်းလိုက်မှ ပွင့်အာလာကြတော့သည်။ ပိတောက်ပန်း ပွင့်နိုးပွင့်နိုးဖြင့် မျှော်ကိုးကြသူတို့မှာ သင်္ကြန်မိုးအရွာကို အခိုကထားကာ စောင့်ကြရသည်။ မိုးကလေး တစ်ဖြိုက်နှစ်ဖြိုက် ရွာလိုက်ပြီဆိုတော့မှ ပိတောက်ပန်း တို့က ရဲရဲဝင့်ဝင့် စွင့်စွင့်ကားကားဖြင့် ပွင့်အာလာကြပြီး စွဲမက်ဖွယ်ရာသော အရောင်အဆင်းရနံ့များဖြင့် လောကကို အလှဆင်ကြသည်။

ငုပန်းတို့၏သဘာဝကတော့ ပိတောက်ကဲ့သို့ မဟုတ်။ သဘာဝအတိုင်း အဖူးကလေးတွေ ဖူးလာကာ ပွင့်ချိန်တန်လျှင် ပွင့်လာကြတော့သည်။ ဘယ်သူ၏ အထောက်အပံ့ကိုမျှ ယူလေ့မရှိ။ မျှော်ကိုးခြင်းမရှိ။ ကိုယ့်အင်ကိုယ့်အား စွမ်းပကားဖြင့်သာ ပွင့်အာလာမြဲဖြစ်သည်။ ဂိမှာန်အကူး နှစ်ဦးအစ ဖူးပွင့်လေ့ရှိသော ပန်းနှစ်ခုကိုကြည့်ရင်း နှိုင်းယှဉ် စဉ်းစားအတွေးပွားမိခြင်း ဖြစ်သည်။

တစ်ဆက်တည်းမှာ ဥသြတွန်သံကို အများ တကာတို့က ကြင်နာသနားနေကြသော ဥသြငှက်ငယ်၏အကြောင်းကိုလည်း တွေးတောဆင်ခြင်ဖြစ်မိပြန်သည်။ ဤငှက်တို့မှာ မိမိကိုယ်ပိုင်အသိုက်အမြုံမရှိကြ။ မိမိ၏ရင်သွေးဥကိုအုရာတွင်ပင် အရောင်အသွေးတူကျီးကန်းများ၏ အသိုက်သို့ဝင်၍ အုတတ်ကြသည်။ ဥမှအကောင်ပေါက်လာသည့်တိုင် ကြည့်ရှုစောင့်ရှောက်ခြင်းမရှိတတ်ကြ။ တာဝန်ယူခြင်းလည်း မရှိ။ တာဝန်မဲ့လွန်းလှသည်။ အများပြောကြသည့် မိခင်စိတ်ဆိုသည်မှာ ဥသြငှက်တို့နှင့် လားလားမှ မဆိုင်သလိုပင် ရှိတတ်သည်။ သို့ရာတွင် ဘဝပေး အခြေအနေကြောင့် ဖြစ်တည်လာရသောဘဝတွင် သူ၏အသံသာသာကလေးဖြင့် လောကကို အလှဆင်နေတတ်ပြန်သည်။

ဂိမှာန်နှင့်အတူ သင်္ကြန်ကျရောက်ခဲ့ပြီ။ ကူးပြောင်းခြင်းအနက်အဓိပ္ပာယ်ကိုဆောင်သော သင်္ကြန်ကာလမှာ ကုန်ဆုံးလွန်မြောက်ခဲ့ပြီ။ သင်္ကြန်နှင့်အတူ နှစ်ဟောင်းကိုစွန့်ပစ်၊ နှစ်သစ်တစ်နှစ်သို့ကူးပြောင်းရောက်ရှိလာခဲ့ပြီ။ သင်္ကြန်ကာလတွင် နှစ်ဟောင်းအညစ်အကြေးများကို သင်္ကြန်ရေနှင့် ဆေးကြောခဲ့ကြသည်။ သင်္ကြန်ရေ၏ထူးကဲသော မင်္ဂလာနိမိတ်ဖြစ်သည့် အေးမြကြည်လင်ခြင်း၊ အညစ်အကြေးများကို ဆေးကြောသန့်စင်စေခြင်း၊ ရေကို သား၍အကြားမထင်ဘဲ တစ်ဆက်တစ်စပ်တည်း ရှိခြင်းစသည့် အတိတ်နိမိတ်များကို ဆောင်ယူ၍ နှစ်သစ်ကို ကြိုဆိုခဲ့ကြသည်။ တစ်နှစ်တာကာလ အတွင်း လုပ်ခဲ့ကိုင်ခဲ့သည်များကို ဆင်ခြင်သုံးသပ်ပြီး နှစ်သစ်တွင် စိတ်သစ်၊ အတွေးသစ်များကို မွေးဖွားပြီး အားသစ်အင်သစ်များဖြင့် ခရီးဆက်ကြရပေဦးမည်။

ပိတောက်နှင့်ငုကိုပမာပြုကာ လူ့လောကကို လေ့လာသောအခါ ကိုယ်ပိုင်အစွမ်းအစဖြင့် ဘဝကို ရပ်တည်တည်ဆောက်နိုင်သူ၊ ကိုယ်ပိုင်အရည်အသွေး မရှိသော်လည်း သူတစ်ပါးကိုမှီခိုကာ သူတစ်ပါး၏ အစွမ်းအစကိုမှီခိုပြီး ဘဝကိုရပ်တည် တည်ဆောက် နေရသူစသည်ဖြင့် လူအမျိုးမျိုးကို တွေ့မြင်နိုင်သည်။ မိမိတို့ကိုယ်တိုင်လည်း ထိုအထဲတွင် တစ်မျိုးမျိုး၌ ရှိနေနိုင်သည်။

ထို့ကြောင့် နှစ်သစ်ဦးမှစ၍ မိမိတို့ရှေ့ဆက် ရမည့်ခရီးတွင် ပိတောက်ပန်းလိုအလှမျိုးဖြင့် လောကကိုအလှဆင်ရပ်တည်သွားကြမလား၊ ငုပန်းကိုစံနမူနာ ယူကာ အလှဆင်ရန် ကြိုးစားကြမည်လား၊ ဥသြငှက်လို တေးချိုချိုသီဆိုရင်း လောကကို မိမိတတ်စွမ်းသမျှ အလှဆင်ကာ ရှေ့သို့ခရီးဆက်ကြမလား ဝေဖန်စဉ်းစားသတိပွားဆင်ခြင်ကြရန် လိုအပ်ပေလိမ့်မည်။

**ကျွန်းသားငမန်း**

---

စာ - ၁၂ တွေ့မြင်လေ့လာ မှ

လောက်၌ တွေ့ခဲ့ရသည်။ လေးညှင်းပင်များ ပွင့်နေသည်ကိုလည်း မြင်ခဲ့ရသည်။ ထို့ပြင် စင်ကိုနာပင်များကို တစ်ချိန်က သရက်ချောင်းမြို့နယ် သရက်ချောင်းဌာနခြံ၌ ခက်ခက်ခဲခဲသယ်ယူပြီး စိုက်ပျိုးခဲ့ကြဖူးရာ ယခုသွားကြည့်သောအခါ နှစ်ပင်၊ သုံးပင်ခန့်သာ တွေ့ရတော့သည်။ ထိုစဉ်ကာလ နယ်မြေမလုံခြုံမှု အခြေအနေအရ စင်ကိုနာပင်များကို စိုက်ပျိုးခဲ့ကြသူများသည် နေ့သွားညပြန်အပင်ပန်းခံခြိတည်ခဲ့ကြသည်ဟု သိရသည်။

စိုက်ပျိုးရေးဌာနသည် စင်ကိုနာပင်များကို မကွေးဘက်မှာ ငဖဲမြို့နယ် နတ်ရေကန်ခြံ၌လည်း ထားဝယ်သရက်ချောင်းခြံကဲ့သို့ ၂၀၀၄ ခုနှစ်တွင် စတင်ခြံတည်ခဲ့ကြသည်။ မြန်မာနိုင်ငံတွင် ဤအချိန်ကာလမတိုင်ကတည်းက စင်ကိုနာပင်စိုက်ပျိုး၍ အိန္ဒိယနိုင်ငံသို့ ရောင်းချခဲ့ဖူးသည်။ ငှက်ဖျားရောဂါတွင် ကွီနိုင်ဆေးယဉ်ပါးလာသောအခါ စင်ကိုနာနှင့် အာတီးမီးရှား (Atemisia) တို့သည် ဈေးကွက်ရှိလာ၍ တိုးချဲ့စိုက်ကြဖူးသည်။

စင်ကိုနာ (Cinchona) ပင်သည် ကော်ဖီပင်နှင့် မျိုးရင်းတူပြီး အခေါက်ကိုငှက်ဖျားဖြတ်ဆေးဖော်သည်။ အမြဲစိမ်းအပင်၊ အကိုင်း၊ အခက်အရွက်ဆိုင်ထွက်၍ အရွက်ချောပြောင်သည်။ အရွက်ထိပ်သည် ခပ်သွယ်သွယ်ရှိသည်။ အပွင့်ပွင့်ချိန် မွှေးရနံ့ထွက်၍ အပွင့်သည် အဖြူရောင်၊ ပန်းရောင်၊ ခရမ်းရောင် ရှိသည်။ စင်ကိုနာပင်ကို ပီရူးနိုင်ငံနှင့် အီကွေဒေါနိုင်ငံတို့တွင် စတင်တွေ့ရှိခဲ့ခြင်းဖြစ်သည်။ ၁၆၃၈ ခုနှစ်တွင် ပီရူးဘုရင်ခံချုပ်ကတော်သည် ဆေးဝါးအဖြစ် စင်ကိုနာပင်၏အခေါက်ကိုစားရာမှ အပင်အမည်ကို ပီရူးဘုရင်ခံချုပ်ကတော်အမည် (ကောင့်တက်စင်ကိုနာ)ကို အစွဲပြု၍ အပင်အမည်ပေးခဲ့ခြင်း ဖြစ်သည်။ ထို့နောက် ငှက်ဖျားပျောက်ဆေးအဖြစ် သုံးစွဲလာကြသည်။ ဤသို့ရှားပါးသောအပင်ကို ထားဝယ်ဒေသတွင် စိုက်ပျိုးပြီး စီးပွားဖြစ်ခြံများ ပြုလုပ်နိုင်မည်ကို တွေ့ခဲ့ရသည်။

ဝမ်းသာဖွယ်မြင်ကွင်းမှာ ရေဖြူမြို့နယ်တွင် စပါးအပြီး သီးထပ်စိုက်ထားသော ဟင်းသီးဟင်းရွက်စိုက်ခင်းတစ်ခွင်တစ်ပြင်၌ နှမ်း၊ ချဉ်ပေါင်၊ ငရုတ် တို့ကို တစ်ချိန်တည်း သုံးသီး သီးညှပ်စိုက်ပျိုးထားကြသော စိုက်ခင်းကြီးများဖြစ်၏။ သုံးသီးမှဝင်ငွေရပြီး မိသားစုများအဆင်ပြေပြေနေနိုင် စားနိုင်၊ သားသမီးများကို ထားဝယ်မြို့ပေါ်တွင် ပညာရေးကောင်းကောင်း ထောက်ပံ့နိုင်သူများနှင့်စကားလက်ဆုံ ပြောဆိုဆွေးနွေးခဲ့ရခြင်း ဖြစ်ပါသည်။

ထားဝယ်ခရိုင်ရှိ မြို့နယ်များသည် စိုက်ပျိုးရေး အခြေခံစီးပွားရေးကောင်းရနိုင်သောဒေသဖြစ်သည်။ တနင်္သာရီတိုင်းဒေသကြီးသည် ရာသီသီးနှံအပြင် နှစ်ရှည်သီးနှံစီးပွားဖြစ်စိုက်ပျိုးနိုင်သော အီကွေတာနှင့် နီးသည့်ဒေသဖြစ်သည့်အတွက် အိမ်နီးချင်းနိုင်ငံသို့ လယ်ယာဥယျာဉ်ခြံသီးနှံ တင်ပို့နိုင်သော အခွင့်အရေး ရှိနေသော်လည်း ထားဝယ်ဈေးတွင် ထိုင်းနိုင်ငံမှ သီးနှံအမည်စုံလတ်လတ်ဆတ်ဆတ် နေ့စဉ် ဝင်ရောက်နေသောမြင်ကွင်းကိုလည်း မြင်ခဲ့ရပါသည်။

ပြောင်းလဲလာသည်မှာ မော်တော်ကားလမ်းများ ချောမွေ့ကောင်းမွန်နေပြီး ရန်ကုန်မှမြိတ်၊ ကော့သောင်းအထိ ခရီးပေါက်နေပြီ။

ရေလမ်းမှအမြန်ရေယာဉ်များထက် မော်တော်ကားများအသုံးများလာသည်။ လေကြောင်းခရီးကလည်း စရိတ်ကြီးမြင့်သဖြင့် လူအများမစီးနိုင်ကြသေး။ ထို့ကြောင့် စိုက်ပျိုးရေးထွက်ကုန်များကို ကားလမ်းမှ ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးသို့ ပို့နိုင်မည်။ မိတ်ဆွေတစ်ဦးသည် မြိတ်မှ မော်လမြိုင်သို့ ကားဖြင့်နေ့ချင်းပေါက်သွားခဲ့သည်။ ရန်ကုန်နှင့် ထားဝယ်ကားလမ်းခရီးမှာလည်း တစ်ညသာကြာသည်။ ပြည်မမှကုန်များ ထားဝယ်သို့ အမြန်စီးဆင်းနေပြီ။ ရေမြေရာသီဥတုအခြေအနေကောင်းရှိသော ထားဝယ်ဒေသသည် ဆီအုန်း၊ ရော်ဘာ၊ ကွမ်းသီး၊ ကိုကိုး၊ သရက်၊ ငရုတ်ကောင်း၊ လေးညှင်း၊ စင်ကိုနာ၊ သီဟိုဠ်သရက်၊ ဒူးရင်း၊ မင်းကွတ်၊ အုန်းမှအစ ဟင်းသီးဟင်းရွက်မျိုးစုံကို ဒေသတွင်းစီးပွားဖြစ်စိုက်ပျိုးနိုင်သော ဒေသကြီးတစ်ခုဖြစ်နေပါက အခြားသောတိုင်းဒေသကြီး၊ ပြည်နယ်များသို့ ကားလမ်းမှတင်ပို့နိုင်ပြီး အိမ်နီးချင်းနိုင်ငံသို့ အော်ဂဲနစ်သီးနှံများ ပြန်လည်တုံ့ပြန်ပို့နိုင်လာလိမ့်မည်ဟု အတွေးဝင်ကာ အိမ်ပြန်ခရီးနှင်ခဲ့ပါတော့သည်။ လှလိုက်တဲ့တနင်္သာရီ။ ■




**တစ်**နေ့တာတွင် အကြောင်းအရာမျိုးစုံဖြင့် လုပ်ငန်းခွင်တွင် လည်ပတ်လှုပ်ရှားနေရသည့် ကျွန်ုပ်တို့၏အချိန်ဇယားထဲတွင် စိတ်ရောကိုယ်ပါ အေးချမ်းသာယာစေဖို့ စိတ်အပန်းဖြေချိန်လေးအနည်းငယ် မဖြစ်မနေထည့်သွင်းပေးရန် လိုအပ်၏။ စိတ်ရော ကိုယ်ပါ အနားယူလိုက်ခြင်းဖြင့် တစ်နေ့တာလုံး ကြုံတွေ့ခဲ့ရသည့် စိတ်ဖိစီးမှုများမှ လွန်မြောက်စေရန် အထောက်အကူဖြစ်စေသည့်အပြင် စိတ်ရောကိုယ်ပါ လန်းဆန်းတက်ကြွစေ၏။ ဆေးဖက်ဝင်ရန့်မွှေးဆီများသည် လူတစ်ဦးချင်းစီအတွက် ရုပ်ခန္ဓာနှင့် စိတ်နှလုံးကို အေးချမ်းမှု ပေးစွမ်းနိုင်၏။ သို့မှသာ လူတစ်ဦးချင်းစီအတွက် ကျန်းမာပြီး ရွှင်လန်းတက်ကြွသည့် လူနေမှုဘဝကို ရရှိစေမည်ဖြစ်၏။

စိတ်အပန်းပြေစေနိုင်သည့် ဆေးဖက်ဝင်ရန့်မွှေးဆီများကို ကမ္ဘာအနှံ့ရှိ စပါး (SPA) ဟု လူသိများကြသော အလှအပနှင့် ကျန်းမာရေး ဝန်ဆောင်မှုပေးသောခန်းမများတွင် တွင်ကျယ်စွာ အသုံးပြုခဲ့ကြ၏။ ယင်းခန်းမတွင် ဆေးဖက်ဝင်ရန့်မွှေးဆီများကို ရေနွေးငွေ့ပျံစက်မှုတစ်ဆင့် အငွေ့ထုတ်လွှတ်ပေးထားရုံမျှသာမက ခန္ဓာကိုယ်အပေါ်ယံအရေပြားတွင် လိမ်းကျံရသော အရေပြားထိန်းသိမ်းသည့် အလှဆီထုတ်ကုန်များ၊ နှိပ်နယ်ရာတွင်အသုံးပြုရသော အဆီများနှင့် စပါးပြုလုပ်ရာတွင် လိုအပ်သည့် ပစ္စည်းများ အစရှိသဖြင့် အသုံးပြုလာကြ၏။ ယနေ့ခေတ်တွင် စပါးခန်းမသို့သွားရောက်ကာ ဆေးဖက်ဝင်ရန့်မွှေးဆီအသုံးပြုပြီး အလှအပနှင့်ကျန်းမာရေးဆိုင်ရာကုထုံးများခံယူကြသကဲ့သို့ မိမိကိုယ်တိုင် လိုအပ်သည့် ရန့်မွှေးဆီများကို ဝယ်ယူထားပြီး အိမ်တွင် အားလပ်သည့်အချိန်တွင် အချိန်အခါမရွေးကုထုံးကို ကိုယ်တိုင်ပြုလုပ်ခံယူနိုင်သည့် နည်းလမ်းကောင်းများလည်း ရှိလာပြီဖြစ်သဖြင့် စာဖတ်သူများအတွက် မျှဝေလိုပါသည်။

## အိမ်တွင်းစပါးကုထုံးအတွက် လိုအပ်သော ဆေးဖက်ဝင်ရန့်မွှေးဆီများ

### စပါးလင်မွှေးဆီ Citronella Essential Oil

စပါးလင်မွှေးဆီသည် ဘက်တီးရီးယားများကို ဆန့်ကျင်နိုင်စွမ်း၊ စိတ်ညှိုးနွမ်းမှုကို ဆန့်ကျင်နိုင်စွမ်း၊ အနာရင်းခြင်းကို ဆန့်ကျင်နိုင်စွမ်း၊ ကိုယ်လက်ရောင်ရမ်းနာဝေဒနာကို ဆန့်ကျင်နိုင်စွမ်းရှိသည့်အပြင် အနံ့အသက်ပျောက်စေနိုင်ခြင်း၊ ခွန်အားကို တိုးစေခြင်း၊ ဆီးရွှင်စေခြင်း၊ မှိုရောဂါကို တိုက်ဖျက်နိုင်စွမ်းရှိ၏။ စပါးလင်မွှေးဆီကို အိမ်တွင်းစပါး ကုထုံးအတွက် အသုံးပြုမည်ဆိုပါက စိုးရိမ်စိတ်များ၊ စိတ်ဓာတ်ကျခြင်းနှင့် စိတ်ဖိစီးမှုများမှ ကင်းဝေးစေနိုင်ခြင်းကို ရရှိစေမည်ဖြစ်၏။ ပျော်ရွှင်ခြင်းနှင့် မျှော်လင့်ချက်ရောင်ခြည်တို့ဖြင့် စိတ်ရွှင်လန်းတက်ကြွမှုကို ရရှိစေမည့်အပြင် အနံ့အသက်ဆိုးများကို ဖယ်ရှားပေးခြင်း၊ အင်းဆက်ပိုးများကို ဆန့်ကျင်စေခြင်းနှင့် ကိုယ်တွင်းအဆိပ်အတောက်များကို ဖယ်ရှားပေးနိုင်၏။

စပါးလင်မွှေးဆီကို အရေပြားထိန်းသိမ်းခြင်းအတွက် လွယ်ကူကောင်းမွန်သည့် အိမ်တွင်းကုထုံးတစ်လက်အဖြစ် အသုံးပြုနိုင်၏။ ထို့မျှသာမက အရေပြားနီပြီးရောင်ရမ်းခြင်း၊ နှင်းခူနာ၊ အိုကွက်များထခြင်း၊ မှိုရောဂါစွဲကပ်ခြင်း၊ ဝက်ခြံထွက်ခြင်း အစရှိသည့် အရေပြားဆိုင်ရာရောဂါများအတွက်လည်း အထောက်အကူပြု၏။

သို့ဖြစ်ရာ စိတ်ဖိစီးမှုများလျော့ပါး သက်သာစေရန်နှင့် အရေပြားထိန်းသိမ်းခြင်းတို့အတွက် စပါးလင်မွှေးရန့်မွှေးဆီကို အိမ်တွင် အလွယ်တကူ အသုံးပြုပြီး ကျန်းမာလှပသည့်ဘဝကို ပိုင်ဆိုင်နိုင်မည်ဖြစ်၏။

စပါးလင်မွှေးဆီကို သစ်ကတိုးဆီ၊ ကလျာဏီဆီ၊ ယူကလစ်ဆီ၊ ကြွေပန်းဆီ၊ လာဗင်ဒါဆီ၊ ရှောက်/သံပရာဆီ၊ ပက်ပါမင့်ဆီ၊ ရို့စ်မယ်ရီဆီ၊ လက်ဖက်ပင်ဆီ အစရှိသည့် ရန့်မွှေးဆီများအနက် တစ်မျိုးမျိုးနှင့် ရောစပ်အသုံးပြုနိုင်၏။

### စပါးလင်မွှေးဆီအသုံးပြုပုံ

ရန့်မွှေးကုထုံးအတွက် စပါးလင်မွှေးဆီကို အသုံးပြုမည်ဆိုပါက ရေနွေးငွေ့ရှူရှိုက်ခြင်းဖြင့် စိတ်ဖိစီးမှုကို လျော့ကျစေပြီး ကောင်းမွန်စွာ အိပ်စက်အနားယူနိုင်ကာ ကိုယ်ရော စိတ်ပါ အပန်းပြေစေနိုင်၏။ ရောစပ်ထားပြီးသည့် စပါးလင်မွှေးဆီကို ကိုယ်လက်တောင့်တင်းနေသည့် အရေပြားပေါ်တွင် အနည်းငယ်လိမ်းကျံပြီး အသာအယာနှိပ်နယ်ပေးခြင်းဖြင့် ဝေဒနာကို သက်သာစေနိုင်၏။ ပေါင်းခံရေနှင့် စပါးလင်မွှေးဆီတို့ကို စိတ်စွမ်းအင်တိုးတက်ကောင်းမွန်လာစေရန် အဆိပ်ပြေစေသည့် ဖျော်ရည်အဖြစ် ဖျော်စပ်သောက်သုံးမည်ဆိုပါက ပွက်ပွက်ဆူပြီး ရေတစ်ဖန်ခွက်အတွင်းသို့ စပါးလင်မွှေးဆီ တစ်စက် နှစ်စက်ခန့်ထည့်ပြီး ပျားရည်အနည်းငယ်နှင့် သံပရာရည်အနည်းငယ်ထည့်ဖျော်ပြီး သောက်သုံးပေးခြင်းဖြင့် ကိုယ်ခန္ဓာအတွင်းရှိ အဆိပ်အတောက်များ၊ အဆီပိုများ၊ ယူရစ်အက်စစ်နှင့် ဆိုဒီယမ်ဓာတ်များကို ဖယ်ရှားပေးနိုင်စွမ်းရှိ၏။ အသားအရေထိန်းသိမ်းခြင်းအတွက် စပါးလင်မွှေးဆီ တစ်စက် နှစ်စက်ခန့်ကို အုန်းဆီများများနှင့်ရောစပ်ပြီး အရေပြားပေါ်တွင် လိမ်းကျံပေးပြီး အသာအယာ နှိပ်နယ်ပေးနိုင်၏။ မျက်နှာသစ်ချိန်နှင့် ရေချိုးချိန်တွင်လည်း အသုံးပြုမည့် ရေထဲတွင် စပါးလင်မွှေးဆီအနည်းငယ်ကို ထည့်သွင်းအသုံးပြုနိုင်၏။ သန့်ရှင်းသည့်ဂွမ်းစပေါ်သို့ စပါးလင်မွှေးဆီတစ်စက်ကိုချပြီး ထိခိုက်ဒဏ်ရာရပြီး အမာရွတ်ကျန်သည့် နေရာတွင် လိမ်းကျံပေးခြင်းဖြင့် အမာရွတ်များကို တဖြည်းဖြည်း ပျောက်ကင်းစေနိုင်၏။

### ယူကလစ်ရန့်မွှေးဆီ

ယူကလစ်ဆီသည် ကိုယ်လက်ရောင်ရမ်းနာကို ဆန့်ကျင်နိုင်ခြင်း၊ ချောင်းတဟွတ်ဟွတ်ဆိုးခြင်းကို ဆန့်ကျင်နိုင်စွမ်း၊ နှာခေါင်းပိတ်ခြင်းကို ဆန့်ကျင်နိုင်ခြင်း၊ အနာရင်းခြင်းကို ဆန့်ကျင်နိုင်ခြင်းနှင့် ဘက်တီးရီးယားပိုးများကို ဆန့်ကျင်နိုင်စွမ်းရှိ၏။ ထို့မျှသာမက အနာအကျက်မြန်ခြင်း၊ ထိခိုက်ရှနာများ၊ ပွန်းပဲ့ဒဏ်ရာများ၊ အင်းဆက်ပိုးများ ကိုက်ခြင်းနှင့် အဆိပ်ဆူးစူးခြင်း၊ ပျားတုပ်ခံရခြင်း အစရှိသည့် ဝေဒနာများသက်သာစေရန် အတွက်လည်း အထောက်အကူဖြစ်စေ၏။ အသက်ရှူလမ်းကြောင်းဆိုင်ရာ ဝေဒနာများကိုလည်း သက်သာစေနိုင်၏။ ထို့ပြင် ကြွက်သားများနာကျင်သည့်အခါ ယူကလစ်ဆီကို လိမ်းကျံပြီး နှိပ်နယ်ပေးခြင်းဖြင့် ဝေဒနာကို သက်သာစေနိုင်၏။ ယင်းအဆီကို အရေပြားရောဂါကူးစက်ခြင်းကို တိုက်ဖျက်ရာတွင် အသုံးပြုပါက ဝေဒနာကို အလျင်အမြန်သက်သာစေနိုင်၏။

ယူကလစ်ရန့်မွှေးဆီကို ရေနွေးငွေ့ထုတ်လွှတ်သည့်စက်အတွင်း ထည့်သွင်းအသုံးပြုပါက စိတ်ပင်ပန်းနွမ်းလျခြင်းဝေဒနာမှ သက်သာစေနိုင်၏။ စိတ်ကို အေးမြစေပြီး ရွှင်လန်းတက်ကြွစေနိုင်သည့်အတွက် စိတ်ရောကိုယ်ပါ အားသစ်လောင်းသကဲ့သို့ဖြစ်ခြင်းကို ပေးစွမ်းနိုင်၏။ စိတ်ဖိစီးမှုများခြင်းကြောင့် စိတ်ကျဝေဒနာခံစားနေရသူများနှင့် စိတ်မတည်မငြိမ်ဖြစ်စေသူများအတွက် အကောင်းဆုံးသော အိမ်တွင်းကုထုံးဆေးတစ်လက်ဖြစ်၏။

ယူကလစ်ရန့်မွှေးဆီကို စမုန်ဖြူဆီ၊ ရို့မယ်ရီဆီ၊ ကြွေပန်းဆီ၊ လာဗင်ဒါဆီ၊ တောင်ကတိုးဆီ၊ စန်ဒကူးဆီနှင့် ရှောက်/သံပရာဆီတို့နှင့် ရောစပ်ပြီး အသုံးပြုနိုင်၏။

### ယူကလစ်ရန့်မွှေးဆီ အသုံးပြုပုံ

ရန့်မွှေးကုထုံးဖြင့် ယူကလစ်ဆီကို အသုံးပြုမည်ဆိုပါက သင့်အိမ်ရှိ ရေနွေးငွေ့ထုတ်လွှတ်သည့်စက်ထဲတွင် ယူကလစ်ဆီအနည်းငယ်ထည့်ပြီး ထွက်ရှိလာသည့် မွှေးရန့်ကို ရှူရှိုက်ခြင်းဖြင့် စိတ်စွမ်းအင်တိုးတက်ကောင်းမွန်လာစေနိုင်၏။ အသက်ရှူစနစ်ကို ပိုမိုအားကောင်းလာစေသည့်အပြင် အသက်ရှူလမ်းကြောင်းတစ်လျှောက်ကိုလည်း သန့်စင်စေ၏။ စိတ်စွမ်းအင်ကို ပြည့်ဝစေပြီး စိတ်ကို နုပျိုစေ၏။ အာနိသင်လျော့ချပြီးသား ယူကလစ်ရန့်မွှေးဆီ တစ်စက် နှစ်စက်ခန့်ကို ခန္ဓာကိုယ်တွင် နာကျင်ခြင်းဝေဒနာ ခံစားနေရသည့်နေရာများ၊ အဆစ်အမြစ်ရောင်ရမ်းခြင်းနှင့် ကြွက်သားများ နာကျင်ကိုက်ခဲ့သည့်နေရာများတွင် လိမ်းကျံပြီး အသာအယာနှိပ်နယ်ပေးခြင်းဖြင့် ဝေဒနာကို အမြန်ဆုံးသက်သာပျောက်ကင်းစေနိုင်၏။ ယူကလစ်ဆီကို သံလွင်ဆီ (သို့မဟုတ်) အုန်းဆီဖြင့် ရောစပ်ပြီး ဦးရေပြားအနှံ့လိမ်းကျံပြီး အသာအယာနှိပ်နယ်ပေးခြင်းဖြင့် ဖောက်ထခြင်းဝေဒနာကို သက်သာစေနိုင်ခြင်းနှင့် ဦးရေပြား ခြောက်သွေ့ခြင်းကြောင့် ခေါင်းယားယံခြင်းဝေဒနာကိုပါ သက်သာစေနိုင်၏။ ယူကလစ်ဆီကို ပေါင်းခံရေဖြင့်ရောစပ်ပြီး စပရေးဖျန်းဘူးအတွင်းသို့ ထည့်ပြီး သင့်အိပ်ခန်းအတွင်း ဖျန်းပက်ပေးခြင်းဖြင့် နှာခေါင်းပိတ်ခြင်းဝေဒနာကို သက်သာစေနိုင်သည့်အပြင် စိတ်ရွှင်လန်းတက်ကြွမှုကို ခံစားရစေ၏။ ထို့မျှသာမက သင့်အခန်းအတွင်းရှိ လေဖြင့်ဆောင်ယူရောက်ရှိလာသော ဘက်တီးရီးယားပိုးများကိုလည်း ရှင်းလင်းပြီးသား ဖြစ်စေ၏။

### ထင်းရှူးရန့်မွှေးဆီ

ထင်းရှူးရန့်မွှေးဆီကို ရေနွေးငွေ့ပျံသည့်စက်ထဲသို့ အစက်ချထည့်ပြီး ထွက်ရှိလာသည့် ရန့်ကို ရှူရှိုက်ပေးခြင်းဖြင့် အသက်ရှူလမ်းကြောင်းနှင့် ကိုယ်ခံစွမ်းအားစနစ်တို့ကို အထောက်အကူ ဖြစ်စေသည့်အပြင် စိတ်မတည်ငြိမ်ခြင်းနှင့် စိုးရိမ်သောကရောက်နေခြင်းတို့ကို သက်သာစေနိုင်စွမ်းသော သတ္တိကိုပေး၏။ စိတ်ဖိစီးခြင်းနှင့် ထိတ်လန့်

စာ – ၁၈ သို့

စာ – ၈ သစ်သီးပင်များမှ

### စိမ်ပေးခြင်း

နိုက်ထရစ်အောက်ဆိုဒ် (Nitrie oxide) နှင့် အီသနော (Ethynal) များကို အသုံးပြုကြသည်။ အသီးများကိုနှေးသောနှုန်းထားဖြင့် ဖြည်းဖြည်းအေးစေခြင်း (Gridudl cooling) များလည်း အသုံးပြုသော နည်းတစ်နည်းဖြစ်သည်။ ဤသို့ဖြည်းဖြည်းအေးစေခြင်းမှာ အအေးခန်းအတွင်း အအေးကြောင့် ပျက်စီးမှုကို လျော့နည်းစေသည်။ တစ်ရက်လျှင် ၂ ဒီဂရီစင်တီဂရိတ်အပူလျှော့ခြင်းနည်းဖြင့် ခရမ်းချဥ်သီးများကို အအေးခန်းတွင် ပို၍ အချိန်ကြာမြင့်စွာ သိုလှောင်ထားနိုင်သည်။ အရွက်များကို ပုံမှန်အနေအထားထက် ပို၍သက်တမ်းရှည်စေသော ဖိစီးဟိုမုန်းများမှာ မီသိုင်းဂျာစမောနစ် (Methyl Jasmomale) ဖြစ်သည်။ ထိုဖိစီးဟိုမုန်းကို ထောပတ်သီး၊ ဂရိတ်ဖရသီး၊ ငရုတ်ချိုသီးများကို သိုလှောင်ရာတွင် အသုံးပြုသည်။ လျာစမောနစ်အက်ဆစ်ကဲ့သို့ပင် အခြားဖိစီးဟိုမုန်းတစ်မျိုးမှာ အဗ်စစ်စစ်အက်ဆစ် (Alsicic Acid - ABA) ဖြစ်သည်။ ခူးဆွတ်ချိန်လွန်ကာလတွင် အသုံးပြုသော ဖိစီးခြင်းကို ဟန့်တားသည့် နည်းပညာများ အမျိုးမျိုးရှိရာတွင် နည်းတစ်မျိုးစီကို သီးခြား အသုံးပြုသကဲ့သို့ နည်းနှစ်မျိုး၊ သုံးမျိုးကို ပေါင်းစပ်အသုံးပြုခြင်းမျိုးလည်း ရှိပါသည်။

**ဦးဖရက်သိန်းဖေ**

# ပြည်တွင်းသီးနှံဈေးကွက်အခြေအနေ (လက်ကားဈေးနှုန်းများ) (ကျပ်)

## ရန်ကုန်-မန္တလေးဈေးကွက်

(ဘုရင့်နောင်ကုန်စည်ဒိုင်မှ ဈေးနှုန်းများသည် တစ်ပိဿာပေါ်အခြေခံ၍ပြန်လည်တွက်ချက်ထားပါသည်။)

| ဆန်(အလတ်စ) | ရေတွက်ပုံ | ရန်ကုန်(ဘုရင့်နောင်ဆန်ပွဲရုံများ) ယခုအပတ် ၁၀-၄-၁၉ | ယခင်အပတ် ၃-၄-၁၉ | တက်/ကျ | မန္တလေး(ကိုင်းတန်းဈေး) ယခုအပတ် ၁၀-၄-၁၉ | ယခင်အပတ် ၃-၄-၁၉ | တက်/ကျ |
|---|---|---|---|---|---|---|---|
| ဆန်(ရွှေဘိုပေါ်ဆန်း) (အလတ်စ) | တစ်တင်းခွဲ | ၅၀၀၀၀ | ၅၀၀၀၀ | | ၄၉၀၀၀ | ၄၈၅၀၀ | တက် |
| ဆန်(ဖျာပုံပေါ်ဆန်း)(အလတ်စ) | တစ်တင်းခွဲ | ၃၈၀၀၀ | ၃၈၀၀၀ | | ၄၄၀၀၀ | ၄၄၀၀၀ | |
| ဆန်(မနောသုခ)(အလတ်စ) | တစ်တင်းခွဲ | ၂၅၀၀၀ | ၂၅၀၀၀ | | ၂၆၀၀၀ | ၂၅၅၀၀ | တက် |
| ဆန်(ဧယာ)(အလတ်စ) | တစ်တင်းခွဲ | ၁၇၆၀၀ | ၂၀၀၀၀ | ကျ | ၂၂၅၀၀ | ၂၂၅၀၀ | |
| ဆန်(ဧည့်မထ)(အလတ်စ) | တစ်တင်းခွဲ | ၁၇၆၀၀ | ၂၀၀၀၀ | ကျ | | | |
| ဆန် (ငစိန်) (အလတ်စ) | တစ်တင်းခွဲ | ၁၉၅၀၀ | ၁၉၅၀၀ | | ၂၂၀၀၀ | ၂၁၀၀၀ | တက် |
| ဂျုံမှုန့် | ၂၅ ပိဿာ | ၂၇၅၀၀ | ၂၇၅၀၀ | | | | |

| စားဖိုဆောင်သီးနှံများ | | ရန်ကုန်(ဘုရင့်နောင်ကုန်စည်ဒိုင်) | | | မန္တလေး(ကိုင်းတန်းဈေး) | | |
|---|---|---|---|---|---|---|---|
| ကြက်သွန်ခြောက် (ရှည်) | ပိဿာ | ၃၉၅၀ | ၃၇၂၅ | တက် | ၄၇၅၀ | ၄၄၀၀ | တက် |
| ကြက်သွန်ခြောက် (လတ်) | ပိဿာ | ၄၃၇၅ | ၃၇၀၀ | တက် | ၄၇၅၀ | ၄၅၀၀ | တက် |
| ကြက်သွန်ခြောက် (အပွ) | ပိဿာ | ၆၀၀၀ | ၆၇၅၀ | ကျ | ၁၀၀၀၀ | ၉၅၀၀ | တက် |
| ကြက်သွန်နီ (အထူး ၄စမ) | ပိဿာ | ၆၇၅ | ၆၁၃ | တက် | ၆၀၀ | ၅၀၀ | တက် |
| ကြက်သွန်နီ(အလတ်၃-၄စမ) | ပိဿာ | ၆၅၀ | ၅၈၈ | တက် | ၅၂၅ | ၄၀၀ | တက် |
| ကြက်သွန်နီ (အသေး ၂စမ) | ပိဿာ | ၅၈၈ | ၅၅၀ | တက် | ၄၅၀ | ၃၀၀ | တက် |
| ကြက်သွန်ဖြူ (ရှမ်း) | ပိဿာ | ၁၂၀၀ | ၁၁၂၅ | တက် | ၄၀၀ | ၄၀၀ | |
| ကြက်သွန်ဖြူ(ကြူကုတ်) | ပိဿာ | ၂၄၆၃ | ၂၃၅၀ | တက် | ၂၃၀၀ | ၂၄၀၀ | ကျ |
| ကြက်သွန်ဖြူ(မြေပြန့်) | ပိဿာ | | | | ၁၅၀၀ | ၁၃၆၇ | တက် |
| အာလူး (အိုကေ) | ပိဿာ | ၆၅၀ | ၆၂၀ | တက် | ၆၀၀ | ၅၅၀ | တက် |
| အာလူး (အေဝမ်း) | ပိဿာ | ၅၃၀ | ၅၂၀ | တက် | ၄၅၀ | ၄၀၀ | တက် |
| ချင်း | ပိဿာ | ၁၈၀၀ | ၁၈၀၀ | | ၁၈၀၀ | ၁၈၀၀ | |

| ဟင်းသီးဟင်းရွက်များ | | ရန်ကုန်(သီရိမင်္ဂလာဈေး) | | | မန္တလေး(ကိုင်းတန်းဈေး) | | |
|---|---|---|---|---|---|---|---|
| ခရမ်းချဉ် (မြေပြန့်) | ပိဿာ | ၁၁၁၁ | ၁၁၁၁ | | ၁၀၀၀ | ၆၀၀ | တက် |
| ဂေါ်ဖီထုပ် (မြေပြန့်) | ထုပ် | ၆၀၀ | ၆၀၀ | | ၂၂၀ | ၂၅၀ | ကျ |
| ပန်းမုန်လာ (မြေပြန့်) | ထုပ် | ၄၀၀ | ၄၅၀ | ကျ | | | |
| မုန်လာဥနီ (ရှမ်း) | ပိဿာ | ၁၂၀၀ | ၁၂၀၀ | | ၆၀၀ | ၇၀၀ | ကျ |
| သခွားသီး | ၁၀၀ လုံး | ၁၅၀၀၀ | ၁၀၀၀၀ | တက် | ၁၀၀၀၀ | ၆၀၀၀ | တက် |
| ငရုတ်စိ (မိုးထောင်) | ပိဿာ | ၈၀၀ | ၁၀၀၀ | ကျ | | | |
| ငရုတ်စိ (ပီနန်) | ပိဿာ | ၃၅၀၀ | ၂၈၀၀ | တက် | | | |
| ငရုတ်စိ (အရှည်) | | | | | ၁၀၀၀ | ၁၀၅၀ | ကျ |
| ငရုတ်စိ (လတ်) | | | | | ၁၃၀၀ | ၁၃၀၀ | |
| ငရုတ်စိ (လုံး) | | | | | ၁၅၀၀ | ၁၆၀၀ | ကျ |
| စားပြောင်း | ၁၀၀ဖူး | ၁၅၀၀၀ | ၂၀၀၀၀ | ကျ | ၁၀၀၀၀ | ၁၃၀၀၀ | ကျ |
| ရုံးပတီသီး | ၁၀၀ တောင့် | ၁၅၀၀ | ၁၀၀၀ | တက် | | | |
| ရုံးပတီသီး | ပိဿာ | | | | ၁၂၀၀ | ၁၆၀၀ | ကျ |
| ဘူးသီး | လုံး | ၁၆၀၀ | ၁၀၀၀ | တက် | | | |
| ကြက်ဟင်းခါးသီး | ၁၀၀ လုံး | | ၁၅၀၀၀ | | | | |
| ဂေါ်ရခါး | ၁၀လုံး | ၁၃၀၀ | ၁၅၀၀ | ကျ | ၉၀၀ | ၁၁၀၀ | ကျ |
| ဘိုစားပဲ | ပိဿာ | | | | ၁၂၀၀ | ၁၀၅၀ | တက် |
| မုန်လာဥဖြူ | ၁၀လုံးစည်း | | | | ၃၀၀ | ၂၆၀ | တက် |
| မုန်လာဥဖြူ | ပိဿာ | ၁၂၀၀ | ၁၀၀၀ | တက် | | | |
| ရွှေဖရုံသီး | လုံး | ၂၀၀၀ | ၂၀၀၀ | | | | |

| သစ်သီးဝလံများ | | ရန်ကုန်(သီရိမင်္ဂလာဈေး) | | | မန္တလေး(ကိုင်းတန်းဈေး) | | |
|---|---|---|---|---|---|---|---|
| ငှက်ပျော (သီးမွှေး) | ဖီး | ၁၈၀၀ | ၂၀၀၀ | ကျ | ၄၀၀ | ၄၀၀ | |
| ငှက်ပျော (ဖီးကြမ်း) | ဖီး | ၁၆၀၀ | ၁၅၀၀ | တက် | ၅၀၀ | ၅၀၀ | |
| ငှက်ပျော (ရခိုင်) | ဖီး | ၁၀၀၀ | ၁၀၀၀ | | ၅၀၀ | ၅၀၀ | |
| နာနတ်သီး | တစ်လုံး | ၁၀၀၀ | ၇၀၀ | တက် | | | |
| စတော်ဘယ်ရီ | ခြင်း | ၆၅၀ | ၆၀၀ | တက် | ၄၀၀ | ၃၀၀ | တက် |
| စပျစ်သီး (နီညို) | ပိဿာ | ၂၀၀၀ | ၂၀၀၀ | | ၂၁၅၀ | ၂၂၀၀ | ကျ |
| လိမ္မော်သီး | ပိဿာ | | | | | | |
| သခွားမွှေး | ၁လုံး | | | | | | |
| ဖရဲ | ၁လုံး | | | | | | |
| ထောပတ်သီး | ၁၀ လုံး | ၁၀၀၀၀ | ၁၂၀၀၀ | ကျ | ၆၇၅၀ | ၇၅၀၀ | ကျ |
| ပန်းသီး(တရုတ်) | တစ်သေတ္တာ | ၁၄၀၀၀ | ၁၃၀၀၀ | တက် | | | |
| ပန်းသီး(တရုတ်) | ၁၀ လုံး | | | | ၁၇၅၀ | ၂၀၀၀ | ကျ |

| စားသုံးဆီ | ရန်ကုန်(ညောင်ပင်လေးဈေး) | | |
|---|---|---|---|
| စားအုန်းဆီ (ကုမ္ပဏီ) | ပိဿာ | ၁၅၄၀ | တက် |
| စားအုန်းဆီ (လက်ကား) | ပိဿာ | ၁၅၉၀ | တက် |
| မြေပဲဆီ (ရန်ကုန်-ရှယ်) | ပိဿာ | ၆၀၀၀ | |
| မြေပဲဆီ (နယ်မှလာသောဆီ) | ပိဿာ | ၅၆၀၀ | |
| မြေပဲဆီ (ရိုးရိုး) | ပိဿာ | ၃၃၀၀ | |
| နှမ်း (အကြော်ခံ) | ပိဿာ | ၆၈၀၀ | |
| နှမ်း (ရိုးရိုး) | ပိဿာ | ၅၃၀၀ | |

| မန္တလေး(ကုန်စည်ဒိုင်) | | | | |
|---|---|---|---|---|
| နံနံစေ့ | ပိဿာ | ၁၁၁၀၀ | ၁၁၀၀၀ | တူ |
| စမုန်နက် | ပိဿာ | ၂၅၅၀ | ၂၅၅၀ | |
| ပဲဖတ် | ပိဿာ | ၁၁၂၅ | ၁၁၂၅ | |
| နှမ်းဖတ် | ပိဿာ | ၁၁၀၀ | ၁၁၀၀ | |
| **အခြားကုန်စည်ဈေးနှုန်းများ** | | | | |
| မြေပဲဆီ | ပိဿာ | ၆၀၀၀ | ၆၀၀၀ | တူ |
| နှမ်းဆီ | ပိဿာ | ၇၂၀၀ | ၇၂၀၀ | |
| စားအုန်းဆီ | ပိဿာ | ၁၆၄၅ | ၁၆၁၀ | တက် |

| ပဲ မျိုး စုံ (၃ တင်းအိတ်) | | ယခုအပတ် ၁၀-၄-၁၉ | ယခင်အပတ် ၃-၄-၁၉ | တက်/ကျ |
|---|---|---|---|---|
| **ရန်ကုန်(ဘုရင့်နောင်ကုန်စည်ဒိုင်)** | | | | |
| အစေ့ထုတ်ပြောင်း | ၅၄ ပိဿာ | ၂၆၀၅၅ | ၂၆၀၅၅ | |
| မတ်ပဲ (သဘော်တင်) | မ တန် | ၇၅၇၀၀၀ | ၇၃၂၀၀၀ | တက် |
| ပဲတီရွှေဝါ | ၆၀ ပိဿာ | ၁၀၄၁၀၀ | ၁၀၂၆၀၀ | တက် |
| ပဲလွန်းဖြူ | ၆၀ ပိဿာ | ၆၁၉၅၀ | ၆၁၀၅၀ | တက် |
| ကုလားပဲ ( လုံး/ဝါ/ကြီး) | ပိဿာ | ၁၄၀၀ | ၁၃၅၀ | တက် |
| ပဲစင်းငုံ (သဘော်တင်) | မ တန် | ၈၃၈၀၀၀ | ၈၂၅၀၀၀ | တက် |
| ဘိုကိတ် | ၆၀ ပိဿာ | ၅၀၅၅၀ | ၅၁၀၀၀ | ကျ |
| ပဲပုပ် (မြန်မာ) | ၆၀ ပိဿာ | ၆၂၅၅၀ | ၆၂၅၅၀ | |
| ထောပတ်ပဲ | ၆၀ ပိဿာ | ၁၀၉၅၀၀ | ၁၂၀၀၀၀ | ကျ |
| **မန္တလေး(ကုန်စည်ဒိုင်)** | | | | |
| အစေ့ထုတ်ပြောင်း | ၅၄ ပိဿာ | ၂၀၈၃၃ | ၂၀၅၀၀ | တက် |
| ဂျုံ (မုံရွာ) | ၆၀ ပိဿာ | ၅၄၀၀၀ | ၅၄၀၀၀ | တူ |
| ဂျုံ (ရှမ်း) | ၆၀ ပိဿာ | ၄၄၃၃၃ | ၄၅၀၀၀ | ကျ |
| မတ်ပဲ (ပြည်တွင်း) | ၆၀ ပိဿာ | ၇၃၀၀၀ | ၇၂၅၀၀ | တက် |
| ပဲတီစိမ်း (ရွှေဝါ) | ၅၆ .၂၅ပိဿာ | ၁၁၆၆၆၇ | ၁၁၈၀၀၀ | ကျ |
| ပဲပုပ် (မြန်မာ) | ၆၀ ပိဿာ | ၅၈၃၃၃ | ၅၇၀၀၀ | တက် |
| ပဲပုပ် (ရှမ်း) | ၆၀ ပိဿာ | ၅၈၀၀၀ | ၅၉၀၀၀ | ကျ |
| ပဲစင်းငုံ(နီ) | ၆၀ ပိဿာ | ၈၇၀၀၀ | ၈၅၀၀၀ | တက် |
| ပဲလွန်းဖြူ | ၆၀ ပိဿာ | ၆၅၅၀၀ | ၆၅၅၀၀ | တူ |
| ကုလားပဲ (လုံးဝါကြီး) | ၃တင်း (၅၆.၂၅ ပိဿာ) | ၇၈၀၀၀ | ၇၉၀၀၀ | ကျ |
| ကုလားပဲ (လုံးဖြူကြီး) | ၃တင်း (၅၆.၂၅ ပိဿာ) | ၇၆၀၀၀ | ၇၇၀၀၀ | ကျ |
| စားတော်ပဲ (ကျွန်း) | ၅၉ .၂၅ ပိဿာ | ၇၉၀၀၀ | ၈၁၀၀၀ | ကျ |
| ပဲလွမ်းပြာ | ၃ တင်း (၅၄ ပိဿာ) | ၄၉၀၀၀ | ၅၁၀၀၀ | ကျ |
| ပဲကြီး (လုံးကြီး) | ၅၅ .၂၅ ပိဿာ | ၉၁၆၆၇ | ၉၁၀၀၀ | တက် |
| ပဲယင်း | ၆၀ ပိဿာ | ၇၃၅၀၀ | ၇၀၀၀၀ | တက် |
| ထောပတ်ပဲ(လုံးကြီး) | ၅၆ .၂၅ ပိဿာ | ၁၀၄၅၀၀ | ၁၀၅၅၀၀ | ကျ |
| မြေပဲဆန် (လုံးဆန်) | ၁၀၀ ပိဿာ | ၃၀၂၅၀၀ | ၃၁၃၃၃၃ | တက် |
| မြေပဲဆန် (ဆီဆန်) | ၁၀၀ ပိဿာ | ၂၇၆၆၆၇ | ၂၇၆၆၆၇ | တူ |
| ပန်းနှမ်း | ၄၅ ပိဿာ | ၆၃၀၀၀ | ၆၃၅၀၀ | ကျ |
| နေကြာ | ၂၇ ပိဿာ | ၄၅၅၀၀ | ၄၅၅၀၀ | တူ |
| နှမ်းနက် | ၄၅ ပိဿာ | ၁၈၂၅၀၀ | ၁၈၂၅၀၀ | တူ |

## ပခုက္ကူဈေးကွက်

| သီးနှံ | ရေတွက်ပုံ | ၁၀-၄-၁၉ | တက်/ကျ |
|---|---|---|---|
| **ဆန် (အလတ်စ)** | | | |
| မနောသုခ | တစ်တင်းခွဲ | ၂၃၇၅၀ | ကျ |
| ဧယာ | တစ်တင်းခွဲ | ၂၂၂၀၀ | ကျ |
| အစေ့ထုတ်ပြောင်း | ပိဿာ | ၄၁၁ | တက် |
| **ပဲမျိုးစုံ** | | | |
| ပဲစင်းငုံ (အနီ) | ပိဿာ | ၁၄၅၀ | တက် |
| ကုလားပဲ (လုံးဝါကြီး) | ပိဿာ | ၁၄၀၅ | ကျ |
| ကုလားပဲ (လုံးဖြူကြီး) | ပိဿာ | ၁၃၂၁ | တက် |
| ထောပတ်ပဲ | ပိဿာ | ၁၇၇၇ | တက် |
| စွန်တာနီ | ပိဿာ | ၈၉၀ | တက် |
| **ဆီထွက်သီးနှံ** | | | |
| မြေပဲဆန် (လုံးဆန်) | ပိဿာ | ၂၉၅၀ | ကျ |
| မြေပဲဆန် (ဆီဆန်) | ပိဿာ | ၂၇၇၅ | |
| **စားဖိုဆောင်သီးနှံ** | | | |
| ကြက်သွန်နီ (ကြီး) | ပိဿာ | ၄၁၃ | |
| ကြက်သွန်နီ (လတ်) | ပိဿာ | ၃၆၃ | ကျ |
| **စားသုံးဆီ** | | | |
| မြေပဲဆီ (ရှယ်) | ပိဿာ | ၅၅၀၀ | |
| နှမ်းဆီ (ရှယ်) | ပိဿာ | ၆၇၀၀ | |
| စားအုန်းဆီ (ရိုးရိုး) | ပိဿာ | ၁၆၈၀ | တက် |

## မြင်းခြံဈေးကွက်

| အမျိုးအမည် | ရေတွက်ပုံ | ၁၀-၄-၂၀၁၉ | တက်/ကျ |
|---|---|---|---|
| **ဆန်နှင့် အစေ့ထုတ်ပြောင်း** | | | |
| ပေါ်ဆန်း | တစ်တင်းခွဲ | ၄၂၅၀၀ | – |
| မနောသုခ | တစ်တင်းခွဲ | ၂၄၇၅၀ | – |
| ပြောင်း (စီပီ) | ပိဿာ | ၄၀၅ | ကျ |
| **ပဲမျိုးစုံ** | | | |
| ပဲပုပ် | ပိဿာ | ၁၀၅၀ | တက် |
| ပဲစင်းငုံ (အနီ) | ပိဿာ | ၁၄၃၀ | တက် |
| ကုလားပဲလုံးဝါ (ကြီး) | ပိဿာ | ၁၃၈၅ | ကျ |
| ထောပတ်ပဲ (သေး) | ပိဿာ | ၁၇၀၀ | ကျ |
| **ဆီထွက်သီးနှံ** | | | |
| မြေပဲ (လုံးဆန်) | ပိဿာ | ၃၀၅၀ | – |
| မြေပဲ (ဆီဆန်) | ပိဿာ | ၂၈၀၀ | – |
| နှမ်းညို | ပိဿာ | ၃၃၀၀ | ကျ |
| **စားဖိုဆောင်သီးနှံ** | | | |
| ငရုတ်ခြောက် (လတ်) | ပိဿာ | ၅၇၅၀ | – |
| ကြက်သွန်နီ (လတ်) | ပိဿာ | ၄၁၃ | တက် |
| ကြက်သွန်ဖြူ (ကြူကုတ်) | ပိဿာ | ၁၇၅၀ | – |
| ကြက်သွန်ဖြူ (ရှမ်း) | ပိဿာ | ၁၁၀၀ | တက် |
| ကြက်သွန်ဖြူ (မြေပြန့်) | ပိဿာ | ၁၂၀၀ | ကျ |
| **စားသုံးဆီ** | | | |
| မြေပဲဆီ | ပိဿာ | ၅၇၅၀ | – |
| နှမ်းဆီ | ပိဿာ | ၇၀၀၀ | – |

## မော်လမြိုင်ဈေးကွက်

| အမျိုးအမည် | ရေတွက်ပုံ | ၁၀-၄-၂၀၁၉ | တက်/ကျ |
|---|---|---|---|
| ရာဘာ (RSS-3) | ၁ပေါင် | ၈၁၀ | တက် |
| **ဆန်** | | | |
| ပေါ်ဆန်း (ရွှေဘို ) | တစ်တင်းခွဲ | ၅၅၀၀၀ | |
| ပေါ်ဆန်း (ဒေသ) | တစ်တင်းခွဲ | ၃၅၅၀၀ | |
| ဧည့်မထ | တစ်တင်းခွဲ | ၁၉၅၀၀ | |
| ကောက်ကြီး (အလတ်စ) | တစ်တင်းခွဲ | ၂၉၅၀၀ | |
| **ပဲမျိုးစုံ** | | | |
| မတ်ပဲ | ပိဿာ | ၁၁၅၀ | |
| ပဲတီစိမ်း | ပိဿာ | ၁၄၀၀ | |
| **စားသုံးဆီ** | | | |
| မြေပဲဆီ (ရှယ်) | ပိဿာ | ၆၁၀၀ | |
| စားအုန်းဆီ (ရိုးရိုး) | ပိဿာ | ၁၈၀၀ | |
| ပုစွန်ခြောက်ပုံး | ၁၀ ပိဿာ | ၂၃၂၀၀ | |
| အခြားတံဆိပ်ပုံးများ | ၁၀ ပိဿာ | ၁၇၈၀၀ | |
| **စားဖိုဆောင်သီးနှံ** | | | |
| ငရုတ်ခြောက် (လတ်) | ပိဿာ | ၄၃၂၅ | တက် |
| ကြက်သွန်နီ (အလတ်) | ပိဿာ | ၅၂၅ | |
| ကြက်သွန်ဖြူ (ရှမ်း) | ပိဿာ | ၁၃၅၀ | တက် |
| ကြက်သွန်ဖြူ (ကြူကုတ်) | ပိဿာ | ၂၅၅၀ | တက် |
| အာလူး (အိုကေ) | ပိဿာ | ၆၅၀ | |
| အာလူး (အေဝမ်း) | ပိဿာ | ၆၅၀ | |
| **ဟင်းသီးဟင်းရွက်** | | | |
| ခရမ်းချဉ် (ဒေသ) | ပိဿာ | ၇၅၀ | တက် |
| ပန်းဂေါ်ဖီ (မြေပြန့်) | ပွင့် | ၆၀၀ | တက် |
| ဂေါ်ဖီထုပ် (မြေပြန့်) | ၂၀ ပိဿာ | ၁၀၀၀၀ | တက် |
| မုန်လာဥနီ (အောင်ပန်း) | ပိဿာ | ၁၂၀၀ | |
| ချင်း | ပိဿာ | ၁၅၅၀ | ကျ |
| **သစ်သီးဝလံ** | | | |
| မင်းကွတ်သီး | ၁၀ လုံး | ၁၅၀၀ | ကျ |
| ကျွဲကောသီး(ပန်းရောင်) | ၁၀ လုံး | ၂၃၀၀၀ | |
| ကျွဲကောသီး(အဖြူ) | ၁၀ လုံး | ၁၀၀၀၀ | |

## မုံရွာမြို့ ကုန်စည်ဒိုင်

| သီးနှံ | ရေတွက်ပုံ | ၇-၄-၂၀၁၉ | တက်/ကျ |
|---|---|---|---|
| **ဆန် (အလတ်စ)** | | | |
| မနောသုခ | တစ်တင်းခွဲ | ၂၆၀၀၀ | |
| ရေမင်း | တစ်တင်းခွဲ | ၃၅၇၅၀ | |
| အိုင်အာ – ၇၄၇ | တစ်တင်းခွဲ | ၂၅၅၀၀ | |
| **ဟင်းသီးဟင်းရွက်** | | | |
| ခရမ်းချဉ် (ဒေသ) | ၂၀ ပိဿာ | ၂၀၀၀၀ | တက် |
| **စားသုံးဆီ** | | | |
| မြေပဲဆီ | ပိဿာ | ၅၈၀၀ | |
| နှမ်းဆီ | ပိဿာ | ၆၆၀၀ | |
| စားအုန်းဆီ | ပိဿာ | ၁၆၆၀ | တက် |
| **ဆီထွက်သီးနှံ** | | | |
| မြေပဲဆန် (လုံးဆံ) | ပိဿာ | ၂၈၀၀ | ကျ |
| မြေပဲဆန် (ဆီဆံ) | ပိဿာ | ၂၇၀၀ | |
| နှမ်းဝါ | ၁၅ ပိဿာ | ၅၂၀၀၀ | |
| နှမ်းနီ | ၁၅ ပိဿာ | ၅၃၀၀၀ | |
| နှမ်းနက် | ၁၅ ပိဿာ | ၇၅၀၀၀ | တက် |
| ပန်းနှမ်း | ၁၅ ပိဿာ | ၁၉၅၀၀ | ကျ |
| မုန်ညင်းစေ့ | ၁၆ ပိဿာ | ၂၂၅၀၀ | |
| **နံစားသီးနှံ** | | | |
| အစေ့ထုတ်ပြောင်း | ၁၈ ပိဿာ | ၇၀၀၀ | |
| ဂျုံဖြူသန့် | ၂၀ ပိဿာ | ၁၇၂၅၀ | ကျ |
| ဂျုံထွက်တိုး | ၂၀ ပိဿာ | ၁၅၀၀၀ | ကျ |
| **ပဲမျိုးစုံ** | | | |
| မတ်ပဲ | ၂၀ ပိဿာ | ၂၃၀၀၀ | |
| ပဲတီစိမ်း (ကြီး) | ၁၉ ပိဿာ | ၃၁၂၅၀ | |
| ပဲပုပ် | ၂၀ ပိဿာ | ၁၉၂၅၀၀ | တက် |
| ပဲစင်းငုံ (နီ) | ၂၀ ပိဿာ | ၂၉၀၀၀ | တက် |
| ကုလားပဲလုံးဝါကြီး | ၁၉ ပိဿာ | ၂၃၅၀၀ | ကျ |
| ကုလားပဲလုံးဖြူကြီး | ၁၉ ပိဿာ | ၂၅၂၀၀ | ကျ |
| စားတော်ပဲ | ၂၀ ပိဿာ | ၂၈၀၀၀ | |
| ပဲလွမ်းပြာ | ၁၈ ပိဿာ | ၁၈၀၀၀ | |
| ထောပတ်ပဲ | ၁၈ ပိဿာ | ၃၂၅၀၀ | ကျ |
| နံနံစေ့ | ၁၈ ပိဿာ | ၁၀၀၀၀ | ကျ |

| သကြားဈေးနှုန်း | ရန်ကုန် ၁၀-၄-၁၉ | ရန်ကုန် ၃-၄-၁၉ | မန္တလေး ၁၀-၄-၁၉ | မန္တလေး ၃-၄-၁၉ |
|---|---|---|---|---|
| သကြား(အထက်စ)ပိဿာ | ၁၂၀၀ | ၁၂၀၀ | ၁၀၂၀ | ၁၀၃၀ |
| သကြား(အလတ်စ)ပိဿာ | ၁၁၅၀ | ၁၁၅၀ | – | – |
| သကြား(အောက်စ)ပိဿာ | ၁၁၀၀ | ၁၁၀၀ | ၁၀၀၀ | ၁၀၁၀ |

## ပုသိမ်ဈေးကွက်

ဆန်စက်ပိုင်များ၏ စပါးဝယ်ဈေးနှင့် ဆန်ကုန်သည်များ၏ ဆန်လက်ကားရောင်းဈေး — စပါးတစ်တင်း= ၄၆ပေါင်

| အမျိုးအမည် | ရေတွက်ပုံ | ၁၀-၄-၂၀၁၉ | တက်/ကျ | | ရေတွက်ပုံ | ၁၀-၄-၂၀၁၉ | တက်/ကျ |
|---|---|---|---|---|---|---|---|
| **စပါး (ပထမတန်းစား)** | | | | **ဆန် (ထိပ်စ)** | | | |
| ရေဝတီပေါ်ဆန်း | ၁၀၀ တင်း | ၁၀၅၁၄၂၈ | | | တစ်တင်းခွဲ | ၄၁၀၀၀ | |
| ပေါ်ဆန်းရင် | ၁၀၀ တင်း | ၉၄၆၂၈၅ | | | တစ်တင်းခွဲ | ၃၉၀၀၀ | တက် |
| ကောက်ညှင်းဖြူ | ၁၀၀ တင်း | ၁၁၃၉၀၄၇ | | | တစ်တင်းခွဲ | ၄၇၀၀၀ | |
| ဖျာပုံပေါ်ဆန်း | ၁၀၀ တင်း | ၉၄၆၂၈၅ | | | တစ်တင်းခွဲ | ၃၉၀၀၀ | တက် |
| **စပါး (ဒုတိယတန်းစား)** | | | | **ဆန် (အလတ်စ)** | | | |
| ရွှေသွယ်လေး | ၁၀၀ တင်း | ၇၈၂၀၀၀ | | | တစ်တင်းခွဲ | ၃၁၀၀၀ | |
| ရေမင်း | ၁၀၀ တင်း | ၇၈၂၀၀၀ | | | တစ်တင်းခွဲ | ၃၁၀၀၀ | |
| မနောသုခ | ၁၀၀ တင်း | ၆၁၁၈၀၀ | | | တစ်တင်းခွဲ | ၂၂၅၀၀ | |
| မီးကောက် | ၁၀၀ တင်း | ၅၉၈၀၀၀ | | | တစ်တင်းခွဲ | ၂၃၀၀၀ | |
| သီးထပ်ရင် | ၁၀၀ တင်း | ၄၇၈၄၀၀ | ကျ | | တစ်တင်းခွဲ | ၁၉၅၀၀ | တက် |

## မန္တလေးဈေးကွက် ရောင်းဝယ်ဖောက်ကားမှု အခြေအနေ

မန္တလေးဈေးကွက်တွင် ယခုအပတ် ရောင်းဝယ်ဖောက်ကားမှုအခြေအနေများကို လေ့လာပါက သင်္ကြန်အခါနီးသဖြင့် ပြည်ပဝယ်လက်မရှိခြင်း၊ ပို့ထားသောကုန်များအတွက် ငွေကြေးမရှင်းရသေးသဖြင့် ထပ်မံတင်ပို့မှုရပ်ဆိုင်းထားခြင်းတို့ကြောင့် အရောင်းအဝယ်အေးနေပါသည်။

မတ်ပဲ၊ ပဲစင်းငုံ(နီ)၊ ပဲကြီး၊ ပဲယင်း၊ မြေထောက်ပဲ၊ မြေပဲ(လုံးဆန်)တို့မှာ ဈေးမြင့်နေပြီး ပဲတီစိမ်း၊ စားတော်ပဲ၊ ထောပတ်ပဲ၊ ကုလားပဲ (လုံးဝါကြီး/လုံးဖြူကြီး)တို့မှာ ဈေးနိမ့်နေပါသည်။ မတ်ပဲနှင့် ပဲစင်းငုံ(နီ)တို့မှာ အိန္ဒိယမှ ကန့်သတ်ထားသဖြင့် သီးနှံပြောင်းလဲစိုက်ပျိုးမှုများရှိသဖြင့် ယခင်နှစ်များထက် အထွက်နှုန်းလျော့နည်းခြင်း၊ ယခုအခါ အိန္ဒိယမှပြန်လည်ဝယ်ယူမည်ဟူသော သတင်းကြောင့် ယခင်အပတ်ထက် ဈေးမသိမသာမြင့်နေပါသည်။ ပဲကြီးနှင့်ပဲယင်းမှာ တရုတ်ဝယ်လက်ဝယ်ယူမှုရှိခြင်းကြောင့် လှောင်သမား အဝယ်လိုက်ကာ ပဲယင်း ယခင်အပတ် ၇၀၀၀၀ မှ ၇၃၅၀၀ သို့ ဈေးမြင့်သွားပါသည်။ မြေထောက်ပဲမှာလည်း စိုက်ဧကနည်း စိုက်ပျိုးရာဒေသ အထွက်နည်းခြင်း၊ အဝင်နည်းခြင်း၊ တရုတ်ဝယ်လက်ရှိခြင်းကြောင့် ယခင်အပတ် ၁၀၆၀၀၀ မှ ၁၁၂၁၆၀ သို့ ဈေးမြင့်သွားပါသည်။ ပဲတီစိမ်းဈေးနိမ့်ရခြင်းမှာ သင်္ကြန်အခါနီးသဖြင့် မူဆယ်ဂိတ်မှ တင်ပို့သော တရုတ်ဝယ်လက်အဝယ်မရှိခြင်းကြောင့် အရောင်းအဝယ်အေးကာ ဈေးနိမ့်ရခြင်းဖြစ်ပါသည်။ ကုလားပဲ (လုံးဝါကြီး/လုံးဖြူကြီး)တို့မှာ ရန်ကုန်ဝယ်လက်မရှိခြင်း၊ မြို့တွင်းသုံးခွဲစက်သမားနှင့် ပဲကြော်/လှော် လုပ်ငန်းရှင်များ အဝယ်နည်းသွားခြင်းကြောင့် ဈေးနိမ့်ရခြင်းဖြစ်ပြီး၊ စားတော်ပဲ (ကျွန်း)မှာ အသစ်များ ဝင်ရောက်မှုရှိခြင်း၊ စားတော်ပဲ ကနေဒါမျိုးလည်း ဝင်ရောက်မှုရှိခြင်း၊ လက်လီသမား ဝယ်ယူမှုသာရှိခြင်းတို့ကြောင့် ယခင်အပတ် ၅၉ ဒသမ ၂၅ ပိဿာလျှင် ၈၀၀၀၀ မှ ယခုအပတ် ၇၉၀၀၀ ထိ ဈေးနိမ့်သွားကြောင်း သိရပါသည်။

စားဖိုဆောင်သီးနှံအနေဖြင့် ငရုတ်ခြောက် (ရှည်/လတ်/ပွ)၊ ကြက်သွန်နီ (ကြီး/လတ်/ငယ်)၊ အာလူး (အိုကေ/အေဝမ်း)၊ ကြက်သွန်ဖြူ (မြေပြန့်)တို့မှာ ဈေးမြင့်နေပြီး၊ ကြက်သွန်ဖြူ (ကြူကုတ်)နှင့် အာလူး (ဆွဲသီး)မှာ ဈေးနိမ့်နေပြီး၊ ဂျင်းဈေးမှာ တည်ငြိမ်နေပါသည်။ ငရုတ်ခြောက် (ရှည်/လတ်/ပွ) ဈေးမြင့်ရခြင်းမှာ သင်္ကြန်နားနီး၍ လက်လီသမား အဝယ်များခြင်း၊ ငရုတ်ခြောက် (ရှည်)မှာ ရေဝတီတိုင်း၊ မကွေးတိုင်း၊ ပခုက္ကူတို့မှ ဝင်ရောက်ပြီး၊ ငရုတ်ခြောက် (လတ်)မှာ ပခုက္ကူနှင့် စစ်ကိုင်း၊ မအူပင်ရွာတို့မှ လည်းကောင်း၊ ငရုတ်ခြောက် (ပွ)မှာ ရေဝတီတိုင်းနှင့် ပဲခူးတိုင်းမြို့နယ်များမှ ဝင်ရောက်ပါသည်။ ယခင်ဝင်ရောက်နေကျဒေသများထက် သယ်ယူစရိတ်ပိုများခြင်း၊ ဒေသအလိုက် အရည်အသွေးပေါ်မူတည်၍ ဈေးကွာခြားခြင်း၊ ငရုတ်ခြောက် (လတ်)အား အညာကြွေ ဝယ်ယူမှုရှိခြင်းတို့ကြောင့် သုံးမျိုးလုံးဈေးမြင့်နေပါသည်။ ကြက်သွန်နီ (ကြီး/လတ်/ငယ်) သုံးမျိုးလုံးဈေးမြင့်ရခြင်းမှာ သင်္ကြန်နားနီးကားများ မထွက်တော့သဖြင့် အဝင်နည်းသွားခြင်း၊ သင်္ကြန်နားနီး၍ ဝယ်လိုအားများခြင်း၊ ထပ်မံဝယ်ယူမှုမရှိဘဲ မိုးမိတ်၊ လုံးခင်း၊ ဖားကန့်သို့ တင်ပို့မှုပုံမှန်ရှိခြင်းကြောင့် ယခင်အပတ် ကြက်သွန်နီ (ကြီး) တစ်ပိဿာ ၅၀၀ မှ ၆၀၀ သို့ လည်းကောင်း၊ လတ် တစ်ပိဿာ ၄၀၀ မှ ၅၂၅ သို့ လည်းကောင်း၊ သေးတစ်ပိဿာ ၃၀၀ မှ ၄၅၀ သို့ ဈေးမြင့်သွားပါသည်။ အာလူး (အိုကေ/အေဝမ်း/ဆွဲသီး)မှာလည်း အသစ်အဝင်နည်းပြီး၊ သင်္ကြန်စာ ဝယ်ယူမှုများသဖြင့် ဈေးအနည်းငယ်မြင့်သွားပါသည်။

ဟင်းသီးဟင်းရွက်ဈေးနှုန်းအနေဖြင့် အင်းလေးခရမ်းချဉ်သီးများမှာ သင်္ကြန်ပြီးမှ ဝင်ရောက်မည် ဖြစ်သော်လည်း အောင်ပန်းဘက်မှ အသီးများမှာ အင်းသီးနှင့်တူပြီး အရည်အသွေးကောင်းပြီး ထိုင်ဝမ်သီးများမှာလည်း အရည်အ သွေးကောင်းခြင်း၊ သင်္ကြန်နားနီး၍ လားရှိုးတင်ပို့ရမှုများခြင်း၊ ဗမာသီးများလည်း အဝင်နည်းသွားခြင်းတို့ကြောင့် ယခင်အပတ်ထက် ဈေးမြင့်သွားပါသည်။ ပန်းမုန်လာ ဈေးနှုန်းမှာလည်း ရာသီကုန်၊ အဝင်နည်းခြင်းကြောင့် ယခင်အပတ် တစ်ပွင့်လျှင် ၃၅၀ မှ ၅၀၀ သို့ ဈေးမြင့် သွားပါသည်။

သစ်သီးဝလံဈေးနှုန်းအနေဖြင့် သံပရာသီး၊ ဖရဲနှင့် သခွားမွှေးတို့မှာ ဈေးမြင့်နေပါသည်။ သံပရာသီးဈေးမြင့်ရခြင်းမှာ မတ္တရာ၊ မြစ်ငယ်တို့မှ အပင်အားယူချိန်ဖြစ်၍ အဝင်နည်းသဖြင့် ဈေးမြင့်နေရာမှ ယခင်အပတ်က မုံရွာ သီးများ ဝင်ရောက်မှုများသဖြင့် ဈေးနိမ့်သွားပါသည်။ ယခုအပတ်တွင် မတ္တရာ၊ မြစ်ငယ်သီးများသာ ရှိတော့သဖြင့် ယခင်အပတ် ၁၀ လုံး ၄၀၀ မှ ၁၀၀၀ သို့ ဈေးမြင့်သွားပါသည်။ ဖရဲနှင့်သခွားမွှေး ဈေးမြင့်ရခြင်းမှာ မူဆယ်ကားဂိတ်မှ တင်ပို့မှုနည်းပြီး၊ ဈေးကွက်အတွင်း အရည်အသွေးကောင်းများ ဝင်ရောက်မှုများသဖြင့် ဈေးနိမ့်ရာမှ ယခုအပတ်တွင် ရာသီဥတုကြောင့် လက်လီအဝယ်များခြင်း၊ တရုတ်ပြည်၌ ဖရဲသီးနှင့်သခွားမွှေးမထွက်သေးသဖြင့် ပြင်ဦးလွင် အုန်းမသီး၊ အုန်းမခါးမှထွက်သော ဖရဲများအား သီပေါ၊ ကျောက်မဲမှတစ်ဆင့် မူဆယ်သို့ တစ်နေ့လျှင် ကားစီးရေ ၂၀၀ ခန့် တင်ပို့မှုရှိနေခြင်းကြောင့် ဈေးကွက်သို့ အဝင်နည်းကာ ယခင်အပတ် ဖရဲသီး တစ်လုံးလျှင် ၈၀၀ မှ ၉၀၀ သို့လည်းကောင်း၊ သခွားမွှေး တစ်လုံးလျှင် ၄၀၀ မှ ၆၃၀ သို့ ဈေးမြင့်သွားသည်ကို တွေ့ရပါသည်။

ခင်မေကြည် (MIS)

# ပြည်တွင်း၊ ပြည်ပသီးနှံဈေးကွက်အခြေအနေ

## နေပြည်တော်ဈေးကွက်လယ်ယာထွက်ကုန်ဈေးနှုန်းများ

တနင်္ဂနွေနေ့တိုင်း ကောက်ယူသည်

| | | ပျဉ်းမနား ၇-၄-၁၉ | တက်/ကျ | တပ်ကုန်း ၇-၄-၁၉ | တက်/ကျ | လယ်ဝေး ၇-၄-၁၉ | တက်/ကျ |
|---|---|---|---|---|---|---|---|
| ဆန် (အလတ်စ) (တစ်တင်းခွဲပိဿာ၃၀) | ပေါ်ဆန်း | ၄၈၀၀၀ | တက် | ၄၂၀၀၀ | | ၄၃၀၀၀ | တူ |
| | မနောသုခ (ရန်ကုန်) | ၂၇၀၀၀ | | ၂၅၀၀၀ | | ၂၆၀၀၀ | |
| | မနောသုခ (ဒေသ) | ၂၇၀၀၀ | | ၂၃၀၀၀ | | ၂၆၀၀၀ | |
| | သုခထွန်း (ဒေသ) | ၂၅၀၀၀ | | ၂၂၀၀၀ | | ၂၅၀၀၀ | |
| | ဧယာ | ၂၆၀၀၀ | | ၂၂၀၀၀ | | ၂၆၀၀၀ | |
| စားဖိုဆောင်သီးနှံ (ပိဿာ) | ငရုတ်ခြောက် (ရှည်) | ၄၅၀၀ | ကျ | ၄၈၀၀ | | ၅၀၀၀ | ကျ |
| | ငရုတ်ခြောက် (မိုးထောင်) | ၅၀၀၀ | ကျ | ၅၀၀၀ | | ၆၀၀၀ | ကျ |
| | ငရုတ်ခြောက် (ပွ) | ၉၀၀၀ | ကျ | ၇၅၀၀ | တက် | ၁၀၀၀၀ | ကျ |
| | ကြက်သွန်ဖြူ (ရှမ်း-လတ်) | ၁၄၀၀ | ကျ | ၁၈၀၀ | ကျ | ၁၈၀၀ | ကျ |
| | ကြက်သွန်ဖြူ (ကြူကုတ်) | ၃၀၀၀ | တက် | ၂၈၀၀ | တက် | ၃၀၀၀ | တက် |
| | ကြက်သွန်နီ (ကြီး) | ၈၀၀ | | ၈၀၀ | | ၈၀၀ | |
| | ကြက်သွန်နီ (လတ်) | ၇၀၀ | တက် | ၆၀၀ | | ၇၀၀ | တက် |
| | ကြက်သွန်နီ (သေး) | ၆၀၀ | တက် | ၅၀၀ | | ၆၀၀ | တက် |
| | အာလူး (ကြီး) | ၁၂၀၀ | | ၁၀၀၀ | ကျ | ၁၂၀၀ | |
| | အာလူး (လတ်) | ၁၀၀၀ | | ၈၀၀ | ကျ | ၈၀၀ | |
| | အာလူး (သေး) | ၈၀၀ | | ၆၀၀ | ကျ | ၆၀၀ | ကျ |
| စားသုံးဆီ (ပိဿာ) | မြေပဲဆီ (ရှယ်) | ၆၂၀၀ | ကျ | ၆၅၀၀ | | ၆၅၀၀ | တူ |
| | မြေပဲဆီ (ရိုးရိုး) | ၃၅၀၀ | | ၅၅၀၀ | | ၃၅၀၀ | |
| | နှမ်းဆီ (ရှယ်) | ၆၅၀၀ | | ၆၅၀၀ | | ၆၅၀၀ | |
| | စားအုန်းဆီ (ကန်ဆီ) | ၁၇၀၀ | တက် | ၁၇၀၀ | တက် | ၁၈၀၀ | ကျ |
| ဟင်းသီးဟင်းရွက် | ခရမ်းချဉ် (ပိဿာ) | ၁၂၀၀ | တက် | ၁၂၀၀ | တက် | ၁၀၀၀ | တူ |
| | ရွှေပဲသီး (ပိဿာ) | ၂၀၀၀ | ကျ | ၃၀၀၀ | | ၃၅၀၀ | |
| | ဂေါ်ဖီထုပ် (ထုပ်) | ၅၀၀ | တက် | ၄၀၀ | တက် | ၄၀၀ | |
| | ပန်းမုန်လာ (ပွင့်) | ၄၀၀ | | ၄၀၀ | တက် | ၄၀၀ | |
| | ဂျူးမြစ် (ပိဿာ) | ၁၅၀၀ | ကျ | ၂၀၀၀ | တက် | ၂၀၀၀ | |
| | ဂေါ်ရခါးသီး (လုံး) | ၁၅၀ | | ၁၀၀ | တက် | ၁၅၀ | |
| | မုန်လာဥနီ (ရှမ်း) (ပိဿာ) | ၂၀၀၀ | တက် | ၁၂၀၀ | ကျ | ၂၀၀၀ | |
| | ဘိုစားပဲ (ပိဿာ) | ၂၀၀၀ | ကျ | ၁၆၀၀ | | ၂၅၀၀ | ကျ |
| | ငရုတ်စိမ်းပွ (ပိဿာ) | ၂၀၀၀ | ကျ | ၁၈၀၀ | ကျ | ၃၀၀၀ | |
| | ချင်း (ပိဿာ) | ၂၅၀၀ | | ၂၄၀၀ | ကျ | ၂၅၀၀ | ကျ |

## စစ်တွေဈေးကွက်

| အမျိုးအမည် | ရေတွက်ပုံ | ၈-၄-၂၀၁၉ | တက်/ကျ |
|---|---|---|---|
| **လယ်ယာထွက်ကုန်** | | | |
| ပေါ်ဆန်းမွှေးအသစ်(ရှယ်) | ။ | ၄၆၀၀၀ | – |
| မီးဒုံး (အသစ်) | ။ | ၂၉၀၀၀ | – |
| ညှော်မထ | ။ | ၂၉၀၀၀ | – |
| ငစိန် | ။ | ၂၆၀၀၀ | – |
| ကောက်ညှင်းဆန် | ။ | ၄၁၀၀၀ | – |
| ကုလားပဲ | ၁ပိဿာ | ၃၈၀၀ | – |
| မြေပဲဆန် | ၁ပိဿာ | ၃၀၀၀ | – |
| ပဲဆီ | ၁ပိဿာ | ၄၀၀၀ | ကျ |
| စားအုန်းဆီ | ၁ပိဿာ | ၂၅၀၀ | ကျ |
| ကြက်သွန်နီ(ကြီး) | ၁ပိဿာ | ၁၁၀၀ | ကျ |
| ကြက်သွန်နီ (လတ်) | ၁ပိဿာ | ၁၀၀၀ | ကျ |
| ကြက်သွန်ဖြူ | ၁ပိဿာ | ၂၅၀၀ | ကျ |
| ငရုတ်သီး | ၁ပိဿာ | ၈၀၀ | – |
| နနွင်း | ၁ပိဿာ | ၂၅၀၀ | တက် |
| ဂျင်း | ၁ပိဿာ | ၂၅၀၀ | – |
| ခရမ်းသီး | ၁ပိဿာ | ၁၅၀၀ | – |
| ခရမ်းချဉ်သီး | ၁ပိဿာ | ၁၂၀၀ | ကျ |
| အာလူး | ၁ပိဿာ | ၁၅၀၀ | – |
| သကြား (ဖြူ) | ၁ပိဿာ | ၁၅၀၀ | – |
| **အသား/ဥအမျိုးမျိုး** | | | |
| ဝက်သား | ၁ပိဿာ | ၁၁၀၀၀ | – |
| အမဲသား | ၁ပိဿာ | ၁၄၀၀၀ | – |
| ဆိတ်သား | ၁ပိဿာ | ၁၅၀၀၀ | – |
| ကြက်သား(အိမ်ကြက်) | ၁ပိဿာ | ၁၁၀၀၀ | – |
| ကြက်သား(ဥစားကြက်) | ၁ ကီလို | ၉၀၀၀ | – |
| **ရေထွက်ကုန်** | | | |
| ပုစွန်ခြောက်(အသေး) | ၁ပိဿာ | ၂၂၀၀၀ | – |
| ငါးနီတူခြောက်(ရှယ်) | ၁ပိဿာ | ၈၅၀၀ | – |
| ငါးဂျင်လိပ်ခြောက် | ၁ပိဿာ | ၁၀၀၀၀ | – |
| ငါးပိ | ၁ပိဿာ | ၃၆၀၀ | – |

## မြိတ်မြို့ရေထွက်ကုန် ဈေးကွက်အခြေအနေ

| အမျိုးအမည် | ရေတွက်ပုံ | ၈-၄-၂၀၁၉ | တက်/ကျ |
|---|---|---|---|
| **ရေငန်ငါး** | | | |
| ကုလားကုတ် | ၁ ကီလို | ၆၅၀၀ | ကျ |
| ငါးကွမ်းရှပ် (ကြီး) | ၁ ကီလို | ၅၅၀၀ | – |
| ငါးကွမ်းရှပ် (သေး) | ၁ ကီလို | ၄၅၀၀ | တက် |
| ငါးပါးနီ | ၁ ကီလို | ၆၅၀၀ | – |
| ကျောက်ငါး | ၁ ကီလို | ၅၀၀၀ | တက် |
| ကုလားငှ | ၁ ကီလို | ၆၅၀၀ | တက် |
| ဓာဗျက် | ၁ ကီလို | ၂၅၀၀ | တက် |
| ဖလုံး | ၁ ကီလို | ၅၅၀၀ | – |
| ကြိမ်မွေ့တောင်း | ၁ ကီလို | ၆၀၀၀ | တက် |
| ငါးရောင် (ကြီး) | ၁ ကီလို | ၃၅၀၀ | – |
| ငါးရောင် (သေး) | ၁ ကီလို | ၁၅၀၀ | – |
| ငါးသဲတိုး | ၁ ကီလို | ၃၀၀၀ | တက် |
| ကဏ္ဍူရုံ | ၁ ကီလို | ၁၃၀၀၀ | – |
| ကကတစ် | ၁ ကီလို | ၅၀၀၀ | – |
| ငါးလိပ်ကျောက် | ၁ ကီလို | ၆၅၀၀ | တက် |
| ငါးမုတ်မဲ | ၁ ကီလို | ၆၅၀၀ | – |
| ငါးမုတ်ဖြူ | ၁ ကီလို | ၁၀၀၀၀ | တက် |
| သဲကဏန်း | ၁ ကီလို | ၁၃၀၀၀ | – |
| ကင်းမွန် (ကြီး) | ၁ ကီလို | ၈၅၀၀ | တက် |
| ကင်းမွန်(သေး) | ၁ ကီလို | ၄၀၀၀ | – |
| **ရေငန်ပုစွန်** | | | |
| ရေငန်ပုစွန်ကျား (Tiger) | ၁ ကီလို | ၂၂၀၀၀ | – |
| ရေငန်ပုစွန် (Pink) | ၁ ကီလို | ၈၅၀၀ | – |
| ရေငန်ပုစွန်မီးနီ (White) | ၁ ကီလို | ၁၂၀၀၀ | – |
| မျှင်ငါးပိ | ၁ ကီလို | ၃၀၀၀ | တက် |
| ပုစွန်ခြောက် (ကြီး) | ၁ ကီလို | ၃၀၀၀၀ | – |
| ပုစွန်ခြောက် (လတ်) | ၁ ကီလို | ၂၅၀၀၀ | – |
| ပုစွန်ခြောက် (သေး) | ၁ ကီလို | ၂၀၀၀၀ | – |

## တောင်သူထံမှဝယ်ယူသောလယ်ယာထွက်ကုန်ဈေးနှုန်းများ

| ပျဉ်းမနား | ၇-၄-၁၉ | တက်/ကျ |
|---|---|---|
| **ပဲမျိုးစုံ (သုံးတင်းအိတ်)** | | |
| မတ်ပဲ (၆၀ ပိဿာ) | ၇၂၀၀၀ | တက် |
| ပဲတီစိမ်း (၆၀ ပိဿာ) | ၁၀၀၀၀ | တက် |
| **ဆီထွက်သီးနှံ** | | |
| နှမ်းနက် (၄၅ ပိဿာ) | ၂၄၀၀၀၀ | တက် |
| နှမ်းနီ (၄၅ ပိဿာ) | ၁၈၀၀၀ | တက် |
| နေကြာ (ပိဿာ) | ၁၂၀၀ | – |
| မြေပဲ (ဆီဆန်) (ပိဿာ) | ၂၈၀၀ | – |

| တပ်ကုန်း | | |
|---|---|---|
| **ပဲမျိုးစုံ(တစ်တင်း)** | | |
| မတ်ပဲ (၂၀ ပိဿာ) | ၂၀၀၀၀ | တက် |
| ပဲတီစိမ်း (၂၀ ပိဿာ) | ၃၅၀၀၀ | – |
| **ဆီထွက်သီးနှံ** | | |
| နှမ်းနီ (၁၅ ပိဿာ) | ၄၈၀၀၀ | |
| နှမ်းနက် (၁၅ ပိဿာ) | ၇၀၀၀၀ | တက် |
| မြေပဲ (လုံးဆန်) (ပိဿာ) | ၃၃၀၀ | |
| မြေပဲ (ဆီဆန်) (ပိဿာ) | ၂၆၀၀ | |
| မြေပဲ (အတောင့်) (ပိဿာ) | ၁၆၅၀ | |
| နေကြာ (ပိဿာ) | ၁၂၀၀ | |

| လယ်ဝေး | | |
|---|---|---|
| **ပဲမျိုးစုံ** | | |
| မတ်ပဲ (၂၀ပိဿာ) | ၂၀၀၀၀ | တက် |
| **ဆီထွက်သီးနှံ** | | |
| နှမ်းနက် (၁၅ ပိဿာ) | ၈၀၀၀၀ | တက် |
| မြေပဲ (လုံးဆန်) (ပိဿာ) | ၂၈၀၀၀ | – |
| မြေပဲ (ဆီဆန်) (ပိဿာ) | ၂၅၀၀၀ | – |
| မြေပဲ (အတောင့်) (ပိဿာ) | ၁၄၀၀ | – |

## ပြည်မြို့မဈေးကြီး

| အမျိုးအမည် | ရေတွက်ပုံ | ၁၀-၄-၁၉ | တက်/ကျ |
|---|---|---|---|
| **ဆန် (အလတ်စ)** | | | |
| မနောသုခ | တစ်တင်းခွဲ | ၂၀၅၀၀ | |
| အင်းမရဲဘော် | တစ်တင်းခွဲ | ၂၄၀၀၀ | |
| ရွှေဝါထွန်း | တစ်တင်းခွဲ | ၁၉၇၃၃ | ကျ |
| **ပဲမျိုးစုံ** | | | |
| ဘိုကိတ် | ၂၀ ပိဿာ | ၁၇၀၀၀ | |
| မတ်ပဲ | ၂၀ ပိဿာ | ၂၅၀၀၀ | တက် |
| ပဲတီစိမ်း (သေး) | ၂၀ ပိဿာ | ၃၂၃၃၃ | တက် |
| ပဲပုပ် (မြန်မာ) | ၂၀ ပိဿာ | ၂၂၀၀၀ | |
| ပဲစင်းငုံ (အနီ) | ၂၀ ပိဿာ | ၂၉၀၀၀ | တက် |
| ပဲလွမ်းဖြူ | ၂၀ ပိဿာ | ၁၉၀၀၀ | |
| ကုလားပဲ (လုံးဝါကြီး) | ၂၀ ပိဿာ | ၂၈၀၀၀ | ကျ |
| ပဲကြီး (ကြီး) | ၂၀ ပိဿာ | ၃၃၀၀၀ | တက် |
| **ဆီထွက်သီးနှံ** | | | |
| မြေပဲ (လုံးဆန်) | ပိဿာ | ၂၈၅၀ | တက် |
| မြေပဲ (ဆီဆန်) | ပိဿာ | ၂၆၅၀ | တက် |
| နှမ်းနက် | ၄၅ ပိဿာ | ၂၅၀၀၀၀ | တက် |
| နှမ်းနီ | ၄၅ ပိဿာ | ၁၇၅၀၀၀ | |
| **စားဖိုဆောင်သီးနှံ** | | | |
| ငရုတ်ခြောက် (ရှည်) | ပိဿာ | ၃၃၆၇ | |
| ငရုတ်ခြောက် (လတ်) | ပိဿာ | ၄၄၅၀ | ကျ |
| ငရုတ်ခြောက် (ပွ) | ပိဿာ | ၆၅၀၀ | |
| ကြက်သွန်နီ (ကြီး) | ပိဿာ | ၅၁၀ | တက် |
| ကြက်သွန်နီ (လတ်) | ပိဿာ | ၅၁၀ | တက် |
| အာလူး (အိုကေ) | ပိဿာ | ၈၀၀ | တက် |
| အာလူး (အေဝမ်း) | ပိဿာ | ၇၀၀ | တက် |
| ကြက်သွန်ဖြူ (ရှမ်း) | ပိဿာ | ၁၃၀၀ | တက် |
| ကြက်သွန်ဖြူ (ကြူကုတ်) | ပိဿာ | ၂၆၀၀ | တက် |
| ကြက်သွန်ဖြူ (မြေပြန့်) | ပိဿာ | ၁၆၀၀ | |
| ချင်း | ပိဿာ | ၁၇၀၀ | ကျ |
| **စားသုံးဆီ** | | | |
| မြေပဲဆီ (ရှယ်) | ပိဿာ | ၆၀၀၀ | |
| မြေပဲဆီ (ရိုးရိုး) | ပိဿာ | ၅၅၀၀ | |
| နှမ်းဆီ (ရှယ်) | ပိဿာ | ၇၅၀၀ | တက် |
| နှမ်းဆီ (ရိုးရိုး) | ပိဿာ | ၇၃၀၀ | တက် |
| စားအုန်းဆီ | ပိဿာ | ၁၆၁၀ | တက် |

## တောင်ကြီး

| အမျိုးအမည် | ရေတွက်ပုံ | ၁၀-၄-၂၀၁၉ | တက်/ကျ |
|---|---|---|---|
| **ဆန် (အလတ်စ)** | | | |
| ရောဝတီပေါ်ဆန်း | တစ်တင်းခွဲ | ၄၇၀၀၀ | တက် |
| ဖျာပုံပေါ်ဆန်း | တစ်တင်းခွဲ | ၄၅၅၀၀ | တက် |
| ပေါ်ကျွဲ | တစ်တင်းခွဲ | ၃၃၀၀၀ | တက် |
| ဧယာ | တစ်တင်းခွဲ | ၂၆၅၀၀ | |
| မနောသုခ | တစ်တင်းခွဲ | ၃၁၅၀၀ | ကျ |
| အင်းမရဲဘော် | တစ်တင်းခွဲ | ၂၃၅၀၀ | |
| ခေါက်နမ်းခမ်းဆန် | နှစ်တင်း | ၇၆၀၀၀ | တက် |
| **နှံစားသီးနှံ** | | | |
| အစေ့ထုတ်ပြောင်း | ပိဿာ | ၃၈၅ | |
| ဂျုံစေ့ (ရှမ်း) | ပိဿာ | ၉၅၀ | တက် |
| **ပဲမျိုးစုံ** | | | |
| ပဲပုပ် (ရှမ်း) | ပိဿာ | ၁၂၁၇ | ကျ |
| ပဲစင်းငုံ (အနီ) | ပိဿာ | ၁၁၅၀ | |
| **စားဖိုဆောင်သီးနှံ** | | | |
| ကြက်သွန်ဖြူ (ဥလတ်) | ပိဿာ | ၂၀၀ | ကျ |
| ကြက်သွန်ဖြူ (ရှယ်) | ပိဿာ | ၃၆၇ | ကျ |
| **စားသုံးဆီ** | | | |
| မြေပဲဆီ (ရှယ်) | ပိဿာ | ၃၇၀၀ | ကျ |
| နှမ်းဆီ (ရိုးရိုး) | ပိဿာ | ၄၇၃၃ | တက် |
| စားအုန်းဆီ (ရိုးရိုး) | ပိဿာ | ၁၈၅၀ | ကျ |
| **ဆီထွက်သီးနှံ** | | | |
| ပန်းနှမ်း | ပိဿာ | ၁၄၅၀ | တက် |

## ငါးရက်တစ်ဈေး အောင်ပန်းဈေးကွက်

| အမျိုးအမည် | ရေတွက်ပုံ | ၆-၄-၂၀၁၉ | တက်/ကျ |
|---|---|---|---|
| **နှံစားသီးနှံ** | | | |
| အစေ့ထုတ်ပြောင်း | ပိဿာ | ၄၂၀ | တက် |
| ဂျုံစေ့ (ရှမ်း) | ပိဿာ | ၁၀၀၀ | တက် |
| **ဆီထွက်သီးနှံ** | | | |
| ပန်းနှမ်း | ပိဿာ | ၁၂၀၀ | ကျ |
| နေကြာ | ပိဿာ | ၈၅၀ | |
| **စားဖိုဆောင်သီးနှံ** | | | |
| အာလူး (အိုကေ) | ပိဿာ | ၁၀၅၀ | တက် |
| အာလူး (အေဝမ်း) | ပိဿာ | ၈၅၀ | တက် |
| ချင်း (အစို) | ပိဿာ | ၁၅၀၀ | ကျ |
| ကြက်သွန်ဖြူ (အလတ်) | ပိဿာ | ၁၇၀၀ | တက် |
| **ပဲမျိုးစုံ** | | | |
| ပဲပုပ် | ပိဿာ | ၁၁၀၀ | |
| **ဟင်းသီးဟင်းရွက်** | | | |
| ခရမ်းချဉ် (ရှမ်း) | ပိဿာ | ၇၀၀ | ကျ |
| ဂေါ်ဖီထုပ် | ထုပ် | ၃၈၀ | တက် |
| ပန်းမုန်လာ (ရှမ်း) | ပွင့် | ၃၂၀ | ကျ |
| မုန်လာဥနီ | ပိဿာ | ၁၀၀၀ | တက် |
| ဂေါ်ရခါးသီး | လုံး | ၁၀၀ | တက် |
| ဂျူး | ပိဿာ | ၉၀၀ | တက် |
| ရွှေပဲသီး | ပိဿာ | ၂၆၀၀ | တက် |
| ဘိုစားပဲ | ပိဿာ | ၁၈၀၀ | ကျ |
| **သစ်သီးဝလံ** | | | |
| လိမ္မော်သီး | ပိဿာ | ၁၆၀၀ | တက် |
| ထောပတ်သီး | လုံး | ၅၈၀ | တက် |

## ဝက်ပတ်ဈေးကွက်

ပဲခူးတိုင်းဒေသကြီး၊ သဲကုန်းမြို့နယ်

| အမျိုးအမည် | ရေတွက်ပုံ | ၁၀-၄-၁၉ | တက်/ကျ |
|---|---|---|---|
| **ဟင်းသီးဟင်းရွက်** | | | |
| သခွားသီး | ၁၀၀ လုံး | ၆၀၀၀ | တက် |
| ခရမ်းသီး (လတ်) | ၁၀၀ လုံး | ၄၀၀၀ | |
| ငရုတ်သီးစိမ်း (ရှည်) | ပိဿာ | ၆၅၀ | |
| ရုံးပတီသီး | ၁၀၀ တောင့် | ၅၀၀ | |
| ကြက်ဟင်းခါးသီး | ၁၀၀ တောင့် | ၅၀၀၀ | |
| ပဲတောင့်ရှည် (တိုင်ပေ) | စည်း | ၇၀၀ | |
| နံနံ | ပိဿာ | ၁၈၀၀ | တက် |
| ပဲစောင်းလျားသီး | စည်း | ၅၀ | တက် |
| **သစ်သီးဝလံ** | | | |
| ဖရဲသီး | လုံး | ၁၅၀၀ | |

## မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်မှ ရရှိသောဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ၈-၄-၂၀၁၉ | တက်/ကျ |
|---|---|---|---|
| **လယ်ယာထွက်ကုန်** | | | |
| ညှော်မထ(၂၅%) | တန် | ၂၀၆၀ယွမ် | – |
| ပဲပုတ် | တန် | ၃၇၅၀ယွမ် | – |
| ပဲလွမ်းဖြူ | တန် | ၅၂၅၀ယွမ် | – |
| ထောပတ်ပဲ | တန် | ၅၅၀၀ယွမ် | – |
| အစေ့ထုတ်ပြောင်း | တန် | ၁၆၅၀ယွမ် | – |
| မြေပဲဆန် | တန် | ၁၂၅၀၀ယွမ် | – |
| နှမ်း | တန် | ၉၇၅၀ယွမ် | – |
| ကြက်သွန်နီ | တန် | ၃၀၆၄ယွမ် | တက် |
| ကြက်သွန်ဖြူ(ရှမ်း) | ပိဿာ | ၁၄၀၀ကျပ် | – |
| ဖရဲသီး | တန် | ၂၄၇၈ယွမ် | တက် |
| သကြား(ဖြူ) | တန် | ၃၀၈၈ယွမ် | – |
| RSS 3 | တန် | ၈၂၅၀ယွမ် | – |
| **ရေထွက်ကုန်** | | | |
| ကဏန်း (အမာ) | တန် | ၃၇၀၀ဒေါ်လာ | – |
| ငါးရှဉ့် | တန် | ၄၂၀၀ဒေါ်လာ | – |
| **နိုင်ငံခြားငွေလဲလှယ်နှုန်း** | | | |
| အမေရိကန်ဒေါ်လာ | ၁ဒေါ်လာ | ၁၅၀၇ကျပ် | – |
| ယွမ် | ၁ ယွမ် | ၂၂၂ကျပ် | – |

## အိန္ဒိယနိုင်ငံ မွန်ဘိုင်းဈေးကွက်၏ ပဲမျိုးစုံ ဈေးနှုန်းများ

US$/MT   FAQ =Fair Average Quality

| နေ့စွဲ | ပဲစင်းငုံ(အကျား) Tur (Pigeon Pea) FAQ/SQ | မတ်ပဲ Urad(Black Mape) FAQ |
|---|---|---|
| ၂၆.၃.၂၀၁၉ | ၅၈၀ | ၇၀၀ |
| ၂.၄.၂၀၁၉ | ၆၀၂ | ၇၂၆ |

## ပြည်တွင်းဓာတ်မြေဩဇာဈေးနှုန်းများ

၅၀ ကီလိုအိတ်

| အမျိုးအမည် | ၁၀-၄-၂၀၁၉ ရန်ကုန် | မန္တလေး |
|---|---|---|
| **ယူရီးယား** | | |
| ယူရီးယား(တရုတ်) | ၂၆၀၀၀ | ၂၇၃၀၀ |
| **ကွန်ပေါင်း** | | |
| အာမို(၁၆း၁၆း၈း၁၃S)(၄–ရောင်ခြယ်) | ၃၇၅၀၀ | ၄၀၀၀၀ |
| အာမို(၁၅း၁၅း၁၅း၇S) | ၄၀၅၀၀ | ၄၃၀၀၀ |
| ရွှေခြသေ့(၁၅း၇း၈) | | ၂၄၅၀၀ |
| ရွှေခြသေ့(၁၀း၁၀း၅) | | ၁၇၀၀၀ |
| တိုးပွားမန်း(လှည်းယာဉ်)(၁၀း၁၀း၅း၅) | ၁၈၄၀၀ | ၁၇၄၀၀ |
| တိုးပွားမန်း(လှည်းယာဉ်)(၁၅း၁၅း၁၅း၁၀) | ၃၉၅၀၀ | ၃၈၅၀၀ |
| **တီဆူပါ** | | |
| GTSP 46% | ၂၄၀၀၀ | ၂၁၅၀၀ |
| တိုးပွားမန်း(လှည်းယာဉ်) $N+P_2O_5>50\%$ | ၂၄၅၀၀ | ၂၃၅၀၀ |
| **ပိုတက်ရှ်** | | |
| ပိုတက်ရှ် (အိန္ဒိယအနီ) | ၂၇၅၀၀ | ၂၈၀၀၀ |
| **မြန်မာ့သြဘာဓာတ်မြေဩဇာဈေးများ** | | |
| D ပုလဲအလုံးကြီး (၄၆ %) | ၂၇၀၀၀ | ၂၈၀၀၀ |
| ရွှေကောမက် (၂၀း၁၂း၁၂) | ၃၈၂၀၀ | ၃၉၇၀၀ |
| ကောမက်သီးစုံ (၁၀း၁၀း၅) | ၂၇၇၀၀ | ၂၉၂၀၀ |
| Premo | ၄၃၆၀၀ | ၄၇၄၀၀ |

## စက်မှုကုန်ကြမ်းဈေးနှုန်းများ

US$/MT

| | | |
|---|---|---|
| **သကြား** | ၂. ၄. ၂၀၁၉ | ၂၆. ၃. ၂၀၁၉ |
| Refined sugar | ၃၃၁ | ၃၃၃ |
| Raw | ၂၈၃ | ၂၈၂ |
| **ကော်ဖီ** | ၂. ၄. ၂၀၁၉ | ၂၆. ၃. ၂၀၁၉ |
| Columbia Mild | ၂၇၄၃ | ၂၇၃၄ |
| Brazilian Natural | ၂၀၆၀ | ၂၀၇၇ |
| Robustas | ၁၆၃၈ | ၁၆၈၃ |
| **ရာဘာ** | ၂. ၄. ၂၀၁၉ | ၂၆. ၃. ၂၀၁၉ |
| RSS - 1 | ၁၇၉၈ | ၁၈၀၁ |
| RSS - 2 | ၁၇၇၉ | ၁၇၈၂ |
| RSS - 3 | ၁၇၆၂ | ၁၇၆၄ |
| RSS - 4 | ၁၇၅၂ | ၁၇၅၅ |
| RSS - 5 | ၁၇၃၈ | ၁၇၄၁ |
| **စားအုန်းဆီ** | ၂. ၄. ၂၀၁၉ | ၂၂. ၃. ၂၀၁၉ |
| RBD P. OLEIN | ၅၂၄ | ၅၂၂ |

Source: LIFFE, CSCE, ICO, International Rubber Prices (Bangkok), www.cbot.com, Myanmar Kuok Oil & Grains Ltd.

## လားရှိုးဈေးကွက်

| အမျိုးအမည် | ရေတွက်ပုံ | ၁၀-၄-၂၀၁၉ | တက်/ကျ |
|---|---|---|---|
| **ဆန်** | | | |
| ဇောတိကပေါ်ဆန်း | တစ်တင်းခွဲ | ၄၈၀၀၀ | |
| ရွှေဘိုပေါ်ဆန်း | တစ်တင်းခွဲ | ၅၅၀၀၀ | |
| လုံးသွယ်မွှေး | တစ်တင်းခွဲ | ၃၉၀၀၀ | |
| ညှော်မထ | တစ်တင်းခွဲ | ၂၇၇၅ | တက် |
| **စားသုံးဆီ** | | | |
| မြေပဲဆီ | ပိဿာ | ၂၆၀၀ | |
| စားအုန်းဆီ (ပုစွန်နှစ်ကောင်) | ပိဿာ | ၂၀၀၀ | |
| **စားဖိုဆောင်သီးနှံ** | | | |
| ကြက်သွန်နီ (ကြီး) | ပိဿာ | ၆၅၀ | |
| ကြက်သွန်နီ (လတ်) | ပိဿာ | ၆၀၀ | |
| ကြက်သွန်နီ (သေး) | ပိဿာ | ၅၀၀ | |
| ကြက်သွန်ဖြူ (ရှမ်း) | ပိဿာ | ၁၅၀၀ | |
| ကြက်သွန်ဖြူ (တရုတ်) | ပိဿာ | ၂၇၀၀ | တက် |
| အာလူး (အိုကေ) | ပိဿာ | ၆၇၅ | ကျ |

တရုတ်ငွေကြေး ၁ ယွမ်နှင့် ညီမျှသော မြန်မာငွေကျပ် လဲလှယ်နှုန်း = ၂၂၀ • ၂၆ နယ်စပ်ပြောင်းအရောင်းအဝယ်မရှိပါ။

## အမေရိကန် ၁ ဒေါ်လာနှင့်ညီမျှသောငွေကြေးတန်ဖိုး

Source : exchangerate.com

| | | ၂-၄-၂၀၁၉ | ၂၅-၃-၂၀၁၉ |
|---|---|---|---|
| ဥရောပ | (ယူရို) | ၀. ၈၉၂၇၄၂ | ၀. ၈၈၃၄၀၄ |
| ဗြိတိန် | (ပေါင်စတာလင်) | ၀. ၇၆၅၉၃၂ | ၀. ၇၅၇၈၉၅ |
| ဩစတြေးလျ | (ဒေါ်လာ) | ၁. ၄၁၁၇၈၁ | ၁. ၄၀၈၁၄၉ |
| ဂျပန် | (ယန်း) | ၁၁၁. ၃၈၄၁ | ၁၁၀. ၁၀၃၈ |
| တောင်ကိုရီးယား | (ဝမ်) | ၁၁၃၅. ၈၉ | ၁၁၃၄. ၂၅၁ |
| တရုတ် | (ယွမ်) | ၆. ၇၁၉၁၀၅ | ၆. ၇၁၂၂၉၆ |
| အိန္ဒိယ | (ရူပီး) | ၆၈. ၈၉၅၂၉ | ၆၈. ၉၃၄၉၃ |
| ဟောင်ကောင် | (ဒေါ်လာ) | ၇. ၈၅၀၂၄၈ | ၇. ၈၄၈၄၅၁ |
| ဘင်္ဂလားဒေ့ရှ် | (တာကာ) | ၈၄. ၀၀၅၁၅ | ၈၄. ၀၀၅၁၅ |
| တိုင်ဝမ် | (ဒေါ်လာ) | ၃၀. ၈၃၇၅၂ | ၃၀. ၈၃၉၁၇ |
| စင်္ကာပူဒေါ်လာ | (ဒေါ်လာ) | ၁. ၃၅၅၂၄၁ | ၁. ၃၅၀၄၇၆ |
| အင်ဒိုနီးရှား | (ရူပီးယား) | ၁၄၂၁၀. ၁၂ | ၁၄၁၅၉. ၈၃ |
| ဖိလစ်ပိုင် | (ပက်ဆို) | ၅၂. ၄၄၄၀၇ | ၅၂. ၄၇၇၀၂ |
| ထိုင်း | (ဘတ်) | ၃၀. ၇၅၄၉၃ | ၃၀. ၆၃၂၀၂ |
| ဗီယက်နမ် | (ဒေါင်) | ၂၃၂၉၁. ၄၃ | ၂၃၂၉၁. ၄၃ |
| မလေးရှား | (ရင်းဂစ်) | ၈. ၀၈၄၈၇၅ | ၄. ၀၆၈၃၂၉ |
| ကမ္ဘောဒီးယား | (ရီယ်ရယ်) | ၄၀၀၀. ၂၅၈ | ၄၀၀၀. ၂၅၈ |
| ဘရူနိုင်းဒါရုစလမ်(ဒေါ်လာ) | | ၁. ၃၅၅၂၄၁ | ၁. ၃၅၀၄၇၆ |
| လာအို | (ကစ်ပ်) | ၈၅၇၅. ၄၁၆ | ၈၅၇၅. ၄၁၆ |

## ပြည်ပဆန်ဈေးနှုန်း

(US$/MT)   Source: riceonline.com

| | | ၂-၄-၁၉ | ၂၀-၃-၁၉ |
|---|---|---|---|
| ထိုင်း | 100%B | ၄၂၆ | ၄၂၄ |
| | 5% | ၄၁၁ | ၄၀၈ |
| | 25% | ၄၀၃ | ၄၀၀ |
| | Parboiled | ၄၁၇ | ၄၁၄ |
| ဗီယက်နမ် | | | |
| | 5% | ၃၆၀ | ၃၅၀ |
| | 25% | ၃၄၂ | ၃၃၀ |
| အိန္ဒိယ | | | |
| | 5% | ၃၇၅ | ၃၈၀ |
| | 25% | ၃၄၅ | ၃၃၀ |
| | Parboiled | ၃၉၀ | ၄၁၄ |
| ပါကစ္စတန် | | | |
| | 5% | ၃၅၂ | ၃၅၅ |
| | 25% | ၃၂၀ | ၃၂၂ |
| | Parboiled | ၄၁၀ | ၄၁၀ |

## စိုက်ပျိုးစီးပွားတိုးတက်ရေး စိုက်ကွင်းများ အကောင်အထည်ဖော်ရေး မင်းလှတွင် ဆောင်ရွက်



စိုက်ပျိုးစီးပွားတိုးတက်ရေး စိုက်ကွင်းများအကောင်အထည်ဖော်ရေးလုပ်ငန်းကို မတ် ၂၃ ရက်နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး မင်းလှမြို့ ရွှေဝါမြိုင်စိုက်ပျိုးရေးဆိုင်ရာ လူထုအခြေပြုစခန်းတွင်ကျင်းပရာ တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးအောင်ဇော်နိုင် တက်ရောက်အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးလှမြင့်၊ သမဝါယမဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးသူရိန်ချစ်ဆွေ တို့က သက်ဆိုင်ရာလုပ်ငန်းအလိုက် တွေ့ဆုံ ရှင်းလင်းဆွေးနွေးကြသည်။ (ပုံ)

အလားတူ မတ် ၂၄ ရက် နေ့လယ်ပိုင်းက ဝန်ကြီးနှင့်တာဝန်ရှိသူတို့က ပဲခူးတိုင်းဒေသကြီး သမဝါယမ အသင်းစုချုပ် ရှင်စောပုခန်းမတွင် (တောင်ငူ၊ ထန်းတပင်၊ ဒိုက်ဦး၊ ဝေါ)မြို့နယ်များမှ သမဝါယမအသင်း ကိုယ်စားလှယ်များနှင့်တွေ့ဆုံ၍ စိုက်ပျိုးစီးပွားဖွံ့ဖြိုးတိုးတက်ရေးစိုက်ကွင်း လုပ်ငန်းများ အကောင်အထည်ဖော်ရေး ရှေ့ပြေးစီမံကိန်း Pilot Project စီမံချက်များကို ရှင်းလင်းဆွေးနွေးသည်။ ■




## စားသုံးသူဘေးအန္တရာယ်ကင်းရှင်းရေး ထားဝယ်တွင် ဆောင်ရွက်

စားသုံးသူဘေးအန္တရာယ်ကင်းရှင်းရေးအတွက် အသိပညာပေးခြင်းနှင့် စစ်ဆေးခြင်းလုပ်ငန်းကို တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ် ပိန္နဲတောဈေးအတွင်း မတ် ၁၈ နံနက်ပိုင်းက ကွင်းဆင်းဆောင်ရွက်ရာ စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီး သီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်ကြွယ်စန္ဒာက ပိုးသတ်ဆေးဓာတ်ကြွင်းအဓိပ္ပာယ်၊ ပိုးသတ်ဆေးဓာတ်ကြွင်းတွေ့ရှိရသောနေရာများ၊ ဓာတ်ကြွင်းအာနိသင်ဖြစ်ပေါ်ရသည့် အကြောင်းရင်းများကို ပညာပေးဆွေးနွေးသည်။

အလားတူ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန တိုင်းဒေသကြီး တာဝန်ခံ ဒေါက်တာ ဟိန်းမင်းထက်အောင်၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဒေါက်တာ ကြည်ကြည်စိန်၊ စားသုံးသူရေးရာဦးစီးဌာနမှ ဦးကျော်မင်း၊ ဦးသီဟအောင်၊ စည်ပင်သာယာရေးမှ ဦးမျိုးဝင်းလှိုင်၊ ခရိုင်သီးနှံကာကွယ်ရေးတာဝန်ခံ ဦးဝင်းမင်းထွန်း၊ ဒေါ်ခင်ဥမ္မာဌေး၊ ကျန်းမာရေးဦးစီးဌာနမှ ဦးမင်းသူရိန်ကျော်တို့က သက်ဆိုင်ရာ ဘာသာရပ်အလိုက် လုပ်ငန်းအလိုက် ပညာပေးခြင်း၊ စစ်ဆေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ကြသည်။ (ပုံ) ■

## ထောက်ပံ့ကြေးငွေပေးအပ်ပွဲ ကော့မှူးတွင် ကျင်းပ



၂၀၁၈ ခုနှစ် မိုးစပါးရာသီတွင် ရေကြီးနစ်မြုပ်ပျက်စီးမှုကြောင့် နစ်နာခဲ့သည့် တောင်သူလယ်သမားများအား ထောက်ပံ့ကြေးပေးအပ်ပွဲကို မတ် ၂၂ ရက် နေ့လယ်ပိုင်း က ရန်ကုန်တိုင်း ဒေသကြီး ကော့မှူးမြို့နယ် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုခန်းမတွင် ကျင်းပရာ ကျေးရွာအုပ်စု ၂၅ အုပ်စုမှ ကျေးရွာအုပ်စု ထောက်ပံ့ကြေးပေးရေး အဖွဲ့ဝင်များ၊ တောင်သူလယ်သမားများ တက်ရောက်ကြသည်။

အဆိုပါထောက်ပံ့ကြေး ပေးအပ်ပွဲတွင် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဒေါ်သန္တာအေး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇေယျာမြတ်သူ၊ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်လှကြည်တို့က အမှာစကားပြောကြားပြီး ကျေးရွာအုပ်စုထောက်ပံ့ရေး အဖွဲ့များထံသို့ ထောက်ပံ့ကြေးငွေများ ပေးအပ်ကြသည်။ (ပုံ) ■

## ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့ ကွမ်းခြံကုန်းသို့ ကွင်းဆင်း



ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့ ဥက္ကဋ္ဌ ဦးတင်စိန်နှင့်အဖွဲ့ဝင်များသည် မတ် ၂၈ ရက်နံနက်ပိုင်းက ကွမ်းခြံကုန်းမြို့နယ် တစ်ခရိုင်တစ်ရွာ ဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြကျေးရွာ ကံကြီးမကျီးကျေးရွာ၊ နည်းပညာပြန့်ပွားရေး စခန်းတွင် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တောင်သူများနှင့် တွေ့ဆုံဆွေးနွေးသည်။(ပုံ)

အဆိုပါခရီးစဉ်တွင် စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးကျော်ကျော်နှင့် စက်မှုလယ်ယာဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးသောင်းထိုက်တို့က ဌာနအလိုက် လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးကြသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းဆင့်က စံပြကွက် စမ်းသပ်ကွက်များ ဆောင်ရွက်ထားရှိမှု၊ ပေါင်းလိုက်တမန်းနှိုးစက်ဖြင့် ဆောင်ရွက်နေမှု၊ တောင်ပိုင်း အုပ်စုရေတံခါး အပြင်ဘက် ရေငန်ထိန်း၊ ရေသွင်းစနစ်ဖြင့် နွေစပါးစိုက်ပျိုးပြီး စံကွက်ရိတ်သိမ်းရာ တစ်ဧက ၁၀၉ တင်းနှုန်း ထွက်ရှိမှုများကို တင်ပြ ဆွေးနွေးသည်။

ထို့နောက် ဒေသနေ တောင်သူများ၏ လိုအပ်ချက်များကို တိုင်းဒေသကြီး စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့က ပြန်လည်ညှိနှိုင်းဆွေးနွေးကြသည်။ ■

## သီးနှံအလိုက် စံပြကွက် စမ်းသပ်ကွက်လုပ်ငန်းများ စာတမ်းဖတ်ပွဲ ပဲခူးတွင် ကျင်းပ

၂၀၁၈–၂၀၁၉ ခုနှစ် သီးနှံအလိုက် စံပြကွက်စမ်းသပ်ကွက်များ ဆောင်ရွက်ခဲ့ခြင်းအပေါ် တွေ့ရှိချက်သုံးသပ်ချက် အကြံပြုချက်စာတမ်းဖတ်ပွဲကို ဧပြီ ၂ ရက် နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပရာ ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဦးအောင်ဇော်နိုင် တက်ရောက်အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီးဦးစီးမှူး ဦးလှမြင့်က လုပ်ငန်းရည်ရွယ်ချက်များ၊ စီမံချက်များကို ရှင်းလင်းဆွေးနွေးသည်။

အဆိုပါစာတမ်းဖတ်ပွဲသို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးမျိုးသိန်း၊ ငါးလုပ်ငန်းဦးစီးဌာန ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးဇော်လွင်ဝင်း၊ စက်မှုလယ်ယာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်သိန်း၊ တိုင်း/ခရိုင်/မြို့နယ်များမှ လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန ဝန်ထမ်းများ၊ စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများ တက်ရောက်ကြသည်။ (ပုံ)

ဆက်လက်၍ ပဲခူးတိုင်းဒေသကြီး ၂၈ မြို့နယ်မှ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးများက သက်ဆိုင်ရာ မြို့နယ်အလိုက် စာတမ်းများကို ဖတ်ကြားတင်သွင်းကြသည်။ ■



## Fall Army Worm (FAW) တောင်သူပညာပေးပွဲ လောက်ကိုင်တွင် ဆောင်ရွက်



သီးနှံများတစ်ဧကအထွက်နှုန်းတိုးတက်မြင့်မားရေးအတွက် Fall Army Worm (FAW) တောင်သူပညာပေးလုပ်ငန်းကို မတ် ၂၃ ရက်နေ့လယ်က ရှမ်းပြည်နယ်မြောက်ပိုင်း လောက်ကိုင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပရာ ခရိုင်နှင့် မြို့နယ်များမှ စိုက်ပျိုးရေးဝန်ထမ်းများ ထယ်ပါကျိုင်း၊ ဆီအော၊ မိုင်ဆိုင်းကျေးရွာအုပ်စုများမှ တောင်သူများ တက်ရောက်ကြသည်။ (ပုံ)

အဆိုပါပညာပေးဆွေးနွေးပွဲတွင် ပြည်နယ်သီးနှံကာကွယ်ရေးတာဝန်ခံက ငမြောင်တောင်ပိုးကျရောက်ဖျက်ဆီးပုံ၊ ကာကွယ်နှိမ်နင်းခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ပညာပေးဆွေးနွေးသည်။ ■

# သင့်အတွက်ကံကြမ္မာ

## စိုးဝင်းထက်

ဆ/၃၀၊ မယ်စီကုန်းလမ်း၊
၇-ရပ်ကွက်၊ လှိုင်မြို့နယ်။
ဖုန်း-၀၉-၄၄၈၀၃၆၄၉၅

**(၂၄-၄-၂၀၁၉) မှ (၇-၅-၂၀၁၉) ထိ**

**တနင်္ဂနွေ**



ဝန်ထမ်းများ ရာထူးတိုးမည်။ ရွှေ၊ ဆေးဝါး၊ သံထည်၊ သစ်တောထွက်ပစ္စည်းများ ရောင်းဝယ်သူများ အကျိုးရှိမည်။ သူတစ်ပါးကို ဝန်ဆောင်မှုပေးခြင်းဖြင့် အကျိုးရှိမည်။ အချစ်ရေး၊ အိမ်ထောင်ရေး ပုံမှန်ရှိမည်။ မသွားချင်သောခရီး သွားရမည်။ ဖျားနာတတ်သည်။

**ယတြာ။ ။ ဘုရားတွင် ရွှေလှူပေးပါ။**

**တနင်္လာ**



စိုက်ပျိုးရေးအမျိုးမျိုး၊ ရေထွက်ကုန်ပစ္စည်းများ၊ နွား၊ သကြား၊ နို့များနှင့်ပတ်သက်ပြီး အကျိုးရှိမည်။ ခရီးအမျိုးမျိုးသွားရပြီး ခရီးသွားခြင်းဖြင့် အကျိုးရှိမည်။ အသင်းအဖွဲ့အစည်းစုပေါင်းလုပ်ငန်းများ အဆင်ပြေမည်။ အချစ်ကြောင့် ပျော်ရွှင်ချမ်းမြေ့ရမည်။ အစာအိမ်ရောဂါဖြစ်တတ်သည်။

**ယတြာ။ ။ အဖြူပိတ်စတစ်စ လက်ဆောင်ပေးလိုက်ပါ။**

**အင်္ဂါ**



ဆန်စပါး၊ ဆေး၊ သံ၊ သံမဏိ၊ စက်နှင့်စက်ပစ္စည်းအမျိုးမျိုး မီး၊ အပူနှင့်ပတ်သက်၍ အသက်မွေးဝမ်းကျောင်းပြုသူများ အဆင်ပြေမည်။ ယာဉ်ကားအမျိုးမျိုး ဝင်လာမည်။ ဆုံးဖြတ်ချက်များ မှားတတ်သည်။ ငွေမချေးပါနှင့်။ ကျန်းမာရေး အလွန်ညံ့နေသည်။

**ယတြာ။ ။ စွပ်ကျယ် လက်ဆောင်ပေးလိုက်ပါ။**

**ဗုဒ္ဓဟူး**



ကြက်၊ ငှက်သတ္တဝါများ၊ ဆေးဝါး၊ စာပေ၊ ပန်းပု၊ အနုပညာ၊ ခရီးသွားလုပ်ငန်းရှင်များ အကျိုးပေးနေမည်။ အလုပ်၊ အိမ်အပြောင်းအရွှေ့ရှိနေသည်။ မောင်နှမသားချင်းကိစ္စများကြောင့် အလုပ်များနေမည်။ သူတစ်ပါးငွေများသာ ကိုင်နေရမည်။ ကျန်းမာရေး ညံ့တတ်သည်။

**ယတြာ။ ။ လုံချည် လက်ဆောင်ပေးလိုက်ပါ။**

**ကြာသပတေး**



ပေးအပ်သော တာဝန်မှန်သမျှ အောင်မြင်စွာ ထမ်းဆောင်နိုင်မည်။ ဘဏ်လုပ်ငန်း၊ ငွေကြေးလှည့်လည်သုံးစွဲရသော လုပ်ငန်းမှန်သမျှ အဆင်ပြေမည်။ အချစ်ရေး၊ အိမ်ထောင်ရေး အလွန်အဆင်မပြေဖြစ်နေတတ်သည်။ အသင်းအဖွဲ့အစည်းကိစ္စများ ပြဿနာတက်နိုင်သည်။ ကျန်းမာရေးညံ့နေသည်။

**ယတြာ။ ။ ပဝါ လက်ဆောင်ပေးလိုက်ပါ။**

**သောကြာ**



နွားအရောင်းအဝယ်၊ ထန်းလျက်၊ နို့၊ အမွှေးနံ့သာ၊ လက်ဝတ်ရတနာ၊ ပန်းအမျိုးမျိုးစိုက်ပျိုးမှုနှင့် အကျိုးပေးနေမည်။ ဂီတနှင့်ပတ်သက်ပြီး အကျိုးရှိမည်။ အချစ်ရေး၊ အိမ်ထောင်ရေးသာယာနေမည်။ ရသင့်သည့်ငွေများရမည်။ ခန္ဓာကိုယ်အောက်ပိုင်းကို ထိခိုက်တတ်သည်။

**ယတြာ။ ။ ထီး၊ ဖိနပ် လက်ဆောင်ပေးလိုက်ပါ။**

**စနေ**



အုတ်၊ သဲ၊ ကျောက် ဆောက်လုပ်ရေးသုံးပစ္စည်းများ၊ ကန်ထရိုက်အလုပ်များ အဆင်ပြေမည်။ ကြီးကျယ်သော အဆောက်အဦ၊ ကုန်လှောင်ရုံများ ဆောက်ဖြစ်မည်။ ငွေအလုံးအရင်းဖြင့် ဝင်မည်။ အစ်ကိုကြီး၊ အစ်မကြီးများက ကူညီမည်။ မိမိအလုပ်နှင့်အိမ်ကို ထိခိုက်လာသူရှိမည်။ အချစ်ရေး၊ အိမ်ထောင်ရေး ကျန်းမာရေး သင့်သည်။

**ယတြာ။ ။ လျှပ်စစ်ပစ္စည်း လှူပေးပါ။**

---

ကျေးလက်ဟာသ

# ကျွန်တော် သုံးဘီးဆိုင်ကယ်မောင်းပါသည်

**အောင်ကြည်မိုး (စစ်တွေ)**

**ည ၈ နာရီကျော်နေပြီ။ ကျွန်တော်ဆိုင်ကယ် အလုပ်သိမ်းပြီး အိမ်မဝင်နိုင်သေး။ မျက်စိအထူးကုဆေးခန်းတွင်လာပြသည့် ကျွန်တော်တို့ရွာက ရပ်ဆွေရပ်မျိုးတစ်ယောက်ကို အဝေးပြေးကားဂိတ်အနီးက ရပ်ကွက်ထဲသို့ လိုက်ပို့နေရလို့ အိမ်အပြန် နောက်ကျနေသည်။**

အဝေးပြေးကားဂိတ်အလွန် တည်းခိုခန်းတစ်ခုရှေ့မှ စုံတွဲတစ်တွဲလက်တားပြီး ငှားသည်။ အမျိုးသားက အသက် ၄၀ နီးပါး အမျိုးသမီးက ၁၈ နှစ်ထက် ကျော်မယ့်ပုံမပေါ်။ "မြို့ထဲက တည်းခိုခန်းတစ်ခုကို လိုက်ပို့ပါဦးတဲ့"

ကားပေါ်ရောက်ပြီး ခဏအကြာ အမျိုးသားဖြစ်သူက "ကားဆရာဆီက အကူအညီတစ်ခုတောင်းချင်လို့"ဆိုတော့ ကျွန်တော်က "ဘာကူညီပေးရမလဲ"ပြန်ပြောလိုက်ရာ

သူက "ကျွန်တော်တို့က နယ်ကပါ။ အခု ကျွန်တော်တို့ နှစ်ယောက် ခိုးပြေးလာကြတာ။ မိဘတွေ သဘောမတူလို့ မနက်ဖြန် ဆွေမျိုးအိမ်မှာ ခဏသွားရှောင်နေကြမှာ။ သူနဲ့ ကျွန်တော် တရားဝင်လင်မယားဖြစ်အောင် ခင်ဗျားတို့မြို့က တရားရုံးမှာ နှစ်ဦးသဘောတူလက်မှတ်ထိုးဖို့လာကြတာ။ လမ်းမှာ ကားပျက်နေလို့ ရုံးချိန်မမီလိုက်ဘူး။ ဒါကြောင့် ရဲစခန်းတစ်ခုခုမှာ လက်မှတ်သွားထိုးချင်လို့ အသိသက်သေအဖြစ်နဲ့ ကားဆရာက ကူညီပါလားခင်ဗျာ။ ပြီးရင် ကားဆရာ အစ်ကိုကြီးကို ကျွန်တော်ရဲ့ လူပျိုည (Bachelor Night) အဖြစ်နဲ့ ဆိုင်တစ်ဆိုင်မှာ အမှတ်တရပြုစုပါမယ်။ ကျွန်တော်ကလည်း ဘယ်သူ့ကိုမဆို ကူညီချင်စိတ်ရှိပြီး သူပြောတဲ့အစီအစဉ်ထဲမှာ အရက်သောက်ဖို့အစီအစဉ်ပါနေတော့ အလွယ်တကူပဲ ကူညီပေးဖို့ ဆုံးဖြတ်လိုက်တယ်။ လမ်းမှာတွေ့တဲ့ ကျွန်တော်ရဲ့ သောက်ဖော် သောက်ဖက်တစ်ယောက်ကိုပါ အသိသက်သေအဖြစ် လက်မှတ်ထိုးပေးဖို့ တင်ခေါ်ခဲ့သေးသည်။

ထို့ကြောင့် ကျွန်တော်တည်းခိုခန်းကို အရင်မမောင်းသေးဘဲ မြို့ရဲ့အထင်ကရနာရီစင်ကြီးရှိတဲ့ ရဲစခန်းကို မောင်းပါလေတော့သည်။

ရဲစခန်းဝင်ပြီး ကျွန်တော်ကားကို ရပ်ကာစရှိသေး။ နောက်ကားတစ်စီးဝင်လာပြီး အမျိုးသမီးတစ်ယောက် ကပျာကယာ ပြေးဆင်းလာကာ "ရှင့်ကို နောက်မိန်းမတွေ တစ်ယောက်ပြီး တစ်ယောက်ယူတုန်းက ကျွန်မဘာမှမပြောခဲ့ဘူး၊ အခု ကျွန်မတူမအရင်းခေါက်ခေါက်ကိုမှ ခိုးပြေးဖို့ကြံစည်ရက်တယ်၊ မိုက်ရိုင်းလှချည်လားလို့ပြောပြီး ကောင်မလေးဘက်လှည့်ကာ "ဟိုကောင်မကလည်း ကမြင်းလိုက်တာ ယူစရာရှားလို့၊ ငါ့လင်ကိုမှ ကြောင်တောင်နိုက်ရလား" သူတို့အဖွဲ့က နောက်အမျိုးသမီးတစ်ယောက်က "နင့်လင်ကို တစ်လင်တစ်မယားဥပဒေနဲ့ တရားစွဲရမယ်"ပြောလိုက်ရော အရက်သောက်ချင်နေတဲ့ စိတ်တွေ ကြက်ပျောက်ငှက်ပျောက် ဖြစ်မိတယ်။

အခုလို လက်မှတ်မထိုးသေးခင် ရဲစခန်းမှာမတွေ့ဘဲ လက်မှတ်ထိုးပြီး တည်းခိုခန်းမှာသာတွေ့ရင် တစ်လင်တစ်မယားစနစ်ဥပဒေနဲ့ ဟိုကောင်ထောင်ကျသလို ကျွန်တော်လည်း အားပေးအားမြှောက်တရားခံအဖြစ်နဲ့ အချုပ်ခန်းအရင်ရောက်မှာ။ နောက်မှ ရှင်း။

ဒါကြောင့် ရှေးလူကြီးတွေက **ခြေနှစ်ချောင်းမကယ်ကောင်း** ဆိုပြီး ပြောခဲ့ကြတာကိုး။ ဟိုတစ်နေ့က ရင်းနှီးတဲ့ မိတ်ဆွေတစ်ယောက် တရားရုံးမှာ သူ့ရဲ့ချစ်သူနဲ့ အကြင်လင်မယားအဖြစ် လက်မှတ်ထိုးဖို့ ကျွန်တော်တက္ကစီကို အသွားအပြန် ငှားစီးတော့ အသိသက်သေအဖြစ် လက်မှတ်ထိုးပေးဖို့ ပြောလာချိန် ဟိုတစ်ခါကအကြောင်းကို သတိရပြီး တွေးရင်းပြုံးမိပါရဲ့။ ■

---

## စာ – ၁၄ စိတ်လက်ကြည်သာ မှ

ကြောက်ရွံ့ခြင်းဝေဒနာများကိုလည်း လျော့ပါးစေနိုင်၏။ စိတ်လက်ကြည်လင် အေးချမ်းစေသည့်အပြင် ကောင်းမွန်သော စိတ်ပျော်ရွှင်မှုကိုပါ ခံစားရရှိစေနိုင်၏။

ထင်းရှူးဆီကို ဘက်ဂမ်မော့လိမ္မော်ရနံ့မွှေးဆီ၊ ဇာတိပ်ဖိုလ် ရနံ့မွှေးဆီ၊ ကြွေပန်းဆီ၊ စပျစ်ဆီ၊ လာဗင်ဒါဆီ၊ မာဂျိုရမ်ဆီ၊ အိုရီဂါနိုဆီ၊ ကျောက်နှင်းဆီရနံ့မွှေးဆီ၊ ရိုစ်မယ်ရီဆီ၊ လက်ဖက်ပင်ဆီ၊ စမုန်ဖြူဆီ အစရှိသည့် ရနံ့မွှေးဆီတစ်မျိုးမျိုးတို့ဖြင့် ရောစပ်အသုံးပြုနိုင်၏။

### ထင်းရှူးရနံ့မွှေးဆီ အသုံးပြုပုံ

စိတ်ဖိစီးမှုခံစားနေရချိန်တွင် ထင်းရှူးရနံ့မွှေးရှူဆေးဗူးကို တိုက်ရိုက်ရှူပေးခြင်းဖြင့် စိတ်ဝေဒနာကို သက်သာစေနိုင်၏။ ရနံ့မွှေးကုထုံးအရ အသုံးပြုမည်ဆိုပါက ရနံ့မွှေးကုထုံးဖြင့် ထင်းရှူးဆီကို အသုံးပြုမည်ဆိုပါက အိမ်ရှိ ရေနွေးငွေ့ထုတ်လွှတ်သည့်စက်ထဲသို့ ထင်းရှူးဆီ အနည်းငယ်ထည့်ပြီး ထွက်ရှိလာသည့် မွှေးရနံ့ကို ရှူရှိုက်ခြင်းဖြင့် ကိုယ်ရောစိတ်ပါ ကျန်းမာရွှင်လန်းစေခြင်း၊ အသက်ရှူစွမ်းအားကိုကောင်းခြင်းနှင့် စိတ်လက်ပြေလျော့ခြင်းကို အားပေး၏။ အရေပြားယားယံခြင်းဝေဒနာခံစားရပါက ထင်းရှူးဆီ အနည်းငယ်ကို အုန်းဆီဖြင့်ရောစပ်ပြီး အာနိသင်ကိုလျှော့ချပြီး အရေပြားပေါ် တိုက်ရိုက်လိမ်းကျံပေးခြင်းဖြင့် ဝေဒနာကိုသက်သာစေနိုင်၏။ ရေချိုးသည့်အခါ ရေချိုးဇလုံထဲတွင် ရေပူရေအေးရောစပ်ပြီး ထင်းရှူးဆီအစက်အနည်းငယ်ချပြီး စိမ်ပေးခြင်းဖြင့် ကိုယ်ရောစိတ်ပါလန်းဆန်းစေပြီး ခွန်အားကို တိုးစေနိုင်စွမ်း၏။ ကြွက်သားများ မာကျောတောင့်တင်းနေပါက အာနိသင်လျှော့ချထားပြီးသား ထင်းရှူးဆီကို လိမ်းကျံပေးပြီး အသာအယာနှိပ်နယ်ပေးခြင်းဖြင့် ဝေဒနာကိုသက်သာစေနိုင်၏။

**ကြေးမုံငယ်**

---

# စစ်တွေမြို့နယ် ကန့်ကော်ကျွန်းကျေးရွာ မျိုးစေ့ထုတ်လုပ်သူများ အသင်းသို့ IRRI က ထောက်ပံ့ပစ္စည်းများ ပေးအပ်



**စစ်တွေ** မြို့နယ် ကန့်ကော်ကျွန်းကျေးရွာတွင် ဆောင်ရွက်နေသည့် မျိုးစေ့ထုတ်လုပ်သူများအသင်း (SGA)သို့ ဂျပန်နိုင်ငံ၏ အထောက်အပံ့ဖြင့် UN Women က ကြီးကြပ်ကာ IRRI က အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော Joint Programe Inclusive Development and Empowerment of Women in Rakhine State စီမံကိန်း မျိုးစေ့ထုတ်လုပ်ငန်းဆောင်ရွက်နေသူ တောင်သူ ၆၃ ဦးတို့အတွက် လယ်ယာသုံးစက်ကိရိယာများနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်ပွဲကို ၂၉.၃.၁၉ ရက်က အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်းဝင်းတွင် ကျင်းပသည်။

ရှေးဦးစွာ စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးသိုက်စိုးက ရှင်းလင်းပြောကြားပြီး ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် တောင်သူ ၉၈ ဦး တက်ရောက်ကြသည်။

**ပြည်နယ်စိုက်ပျိုးရေး**

# မြေပဲမျိုးသန့်ထုတ် စိုက်ခင်းတောင်သူ ကွင်းသရုပ်ပြပွဲ ဘားအံမြို့နယ် ပေါ့ထော်ကျေးရွာတွင် ကျင်းပ

ဘားအံ ဧပြီ ၂

ကရင် ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန World Vision (Myanmar) နှင့် Austrslian Aid တို့ ပူးပေါင်းဆောင်ရွက်သော မြေပဲမျိုးသန့်ထုတ် စိုက်ခင်း တောင်သူကွင်းသရုပ်ပြပွဲကို ဘားအံမြို့နယ် ပေါ့ထော်ကျေးရွာ တောင်သူ ဦးမြင့်လွင်၏လယ်မြေတွင် ကျင်းပရာ ဦးစောကိုလတ် (ဘားအံတာဝန်ခံ World Vision ) က ကွင်းသရုပ်ပြပွဲကျင်းပရခြင်း ရည်ရွယ်ချက်ကိုလည်းကောင်း၊ စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်မျိုးစေ့တာဝန်ခံ ဒေါ်အေးအေးက မျိုးကောင်း မျိုးသန့်စိုက်ပျိုးထုတ်လုပ်မှုနည်းပညာကို လည်းကောင်း၊ ပြည်နယ်သီးနှံကာကွယ်ရေးတာဝန်ခံ ဦးမင်းချစ်စံက ပိုးမွှားရောဂါကာကွယ်နှိမ်နင်းရေး နည်းပညာများကို လည်းကောင်း၊ ပြည်နယ်မြေအသုံးချရေးတာဝန်ခံ ဒေါ်သင်းသင်းက မြေဆီလွှာနှင့်ပတ်သက်သည့် နည်းပညာများကိုလည်းကောင်း၊ ဦးဌေးဌေ World Vision (Myanmar) က စီမံချက်နှင့် မျိုးသန့်ထုတ်လုပ်မှု ဖြန့်ဖြူးမှုကိုလည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် တောင်သူ ဦးမြင့်လွင်၏ လယ်မြေတွင် စိုက်ပျိုးထားသောမြေပဲ (ဆင်းပဒေသာ – ၁၁) မျိုးအား တစ်ဧကကိုယ်စားပြု ၆ ဒသမ ၆ ပေပတ်လည်ဖြင့် စုပေါင်းစံကွက်ရိတ်သိမ်းကြရာ တစ်ဧကပျမ်းမျှ အစိုချိန်အထွက်နှုန်း ၈၄ တင်း ထွက်ရှိသည်။

အဆိုပါကွင်းသရုပ်ပြပွဲသို့ စိုက်ပျိုးရေးဦးစီးဌာန၊ ပြည်နယ်၊ မြို့နယ်ဝန်ထမ်းများ World Vision (Myanmar) မှ ဝန်ထမ်းများ၊ ပေါ့ထော်၊ မင်းဓိ၊ တောင်စွန်း၊ ပိုင်ရန်း၊ ကော့လိုက်၊ ကော့ထမ္မလိန်း၊ ကော့ဒါန်းမယ်ကျေးရွာများမှ တောင်သူများ စုစုပေါင်း ၆၀ ဦး တက်ရောက်ကြသည်။

ကရင်ပြည်နယ်၏ ၂၀၁၈–၂၀၁၉ ခုနှစ်တွင် မြေပဲ (မိုး၊ ဆောင်း) စိုက်ဧကမှာ စုစုပေါင်း ၃၆၀၃၇ ဧကရှိပြီး ဒေသမျိုး ဂျပန်ကြီး၊ ဂျပန်လေးနှင့် အထွက်ကောင်းမျိုးများဖြစ်သော ဆင်းပဒေသာမျိုးများ စိုက်ပျိုးလျက်ရှိသည်။

**ကရင်ပြည်နယ်စိုက်ပျိုးရေး**






# စကု (၁) ဝါမျိုးကောင်းမျိုးသန့်ကြိတ်ခွဲထုတ်လုပ်မှုစက်ရုံ ဖွင့်လှစ်

မင်းဘူး (စကု) မတ် ၁၉

ဝါမျိုးကောင်းမျိုးသန့်ထုတ်လုပ်နိုင်ရေးအတွက် ဝါကြိတ်ခွဲထုတ်လုပ်မှုစက်ရုံဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီက မင်းဘူး(စကု)မြို့နယ်ရှိ စကု(၁) ဝါကြိတ်စက်ရုံ၌ ကျင်းပရာ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို၊ တိုင်းဒေသကြီး စိုက်ပျိုးရေး မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဦးဝင်းမော်ဌေးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးခင်မောင်ဝင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မင်းဘူးခရိုင်နှင့် မြို့နယ်မှဦးစီးမှူးများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်ဝန်ထမ်းများ၊ တောင်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို၊ တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဦးဝင်းမော်ဌေးတို့က အမှာစကားများ ပြောကြားကြပြီး တိုင်းဒေသကြီးဦးစီးမှူး ဦးခင်မောင်ဝင်းက ဝါကြိတ်ခွဲထုတ်လုပ်မှုစက်ရုံနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် စက်ရုံအတွင်း လှည့်လည်ကြည့်ရှုသည်။

အဆိုပါ ဝါကြိတ်စက်ရုံတွင် ပွတ်လုံး တစ်လုံးတပ် ဝါကြိတ်စင် ၁၄ စင်မှာ ၈ နာရီ တစ်ဆိုင်းလျှင် ဝါပိဿာ ၂၁၀၀ ကြိတ်ခွဲနိုင်ပြီး တစ်ရက်လျှင် သုံးဆိုင်းလည်ပတ်ပါက ဝါပိဿာ ၆၃၀၀ ကြိတ်ခွဲထုတ်လုပ်နိုင်သည်။ ပွတ်လုံးနှစ်လုံးတပ် ဝါကြိတ်စင် ခုနစ်စင်မှာ ရှစ်နာရီ တစ်ဆိုင်းလျှင် ဝါပိဿာ ၃၁၅၀ ကြိတ်ခွဲထုတ်လုပ်နိုင်ပြီး တစ်ရက်သုံးဆိုင်းလည်ပတ်ပါက ဝါပိဿာ ၉၄၅၀ ပိဿာ ကြိတ်ခွဲထုတ်လုပ်နိုင်သည်ဆို၏။ ၁၈၀ ပေါင်ဘေထုပ်စက်မှာ ရှစ်နာရီ တစ်ဆိုင်းလျှင် ဂွမ်းဘေထုပ် ၂၄ ထုပ် ထုတ်လုပ်နိုင်ပြီး တစ်ရက်လျှင် ၇၂ ထုပ် ထုတ်လုပ်နိုင်သည်။ မျိုးဝါစေ့ဆန်ခါချစက်နှစ်လုံးမှာ ရှစ်နာရီ တစ်ဆိုင်းလျှင် မျိုးဝါစေ့ ၃၀၀၀ ပိဿာချ သန့်စင်နိုင်ကြောင်း သိရသည်။

**မော်မော်ဝင်း (တိုင်းစိုက်ပျိုးရေး)**

# တောင်သူများ တစ်နိုင်တစ်ပိုင် တီကျစ်မြေဩဇာ ကုန်ကျစရိတ်သက်သာစွာ ထုတ်လုပ်သုံးစွဲရေး နည်းပညာ ဖြန့်ဝေ

ဘားအံ မတ် ၂၈

သီးနှံများအတွက် သဘာဝမြေဩဇာသည် ကုန်ကျစရိတ်သက်သာကာ သဘာဝပတ်ဝန်းကျင်နှင့်သဟဇာတဖြစ်ခြင်းကြောင့် ရေရှည်တည်တံ့ ခိုင်မြဲသည့် စိုက်ပျိုးရေးနည်းလမ်းတစ်ခု ဖြစ်သည်။

စိုက်ပျိုးရေးသုတေသနဦးစီးဌာန စပါးဇီဝဥယျာဉ် သုတေသနဌာနစုတာဝန်ခံနှင့်သုတေသနပညာရှင်များ အဖွဲ့သည် စပါးပင်တစ်ပင်လုံးပြန်လည်အသုံးချနိုင်ရေးအတွက် စပါးခွံနှင့်ကောက်ရိုးများကို အကျိုးရှိစွာအသုံးပြု၍ တောင်သူများအတွက် ကုန်ကျစရိတ်သက်သာပြီး သီးနှံအထွက်တိုးစေမည့် တီကျစ်သဘာဝမြေဩဇာ (မြေဆွေး) တစ်နိုင်တစ်ပိုင်ထုတ်လုပ်သုံးစွဲနိုင်ရေး အတွက် သုတေသနလုပ်ငန်းများ ဆောင်ရွက်လျက် ရှိသည်။

စပါးဇီဝဥယျာဉ် သုတေသနဌာနစုမှ သုတေသနပညာရှင်များအနေဖြင့် တီကျစ်မြေဆွေးထုတ်လုပ်ရာတွင် တီကောင်များ ပွားများနိုင်ရန်အတွက် အမိုးအကာဖြင့် အရိပ်ရအခြေအနေဖန်တီးပေးကာ အုတ်ကန်ဖြင့်သော်လည်းကောင်း၊ ကုန်ကျစရိတ်သက်သာရန် မိုးကာစ (သို့မဟုတ်) တာပေါ်လင်စဖြင့်သော်လည်းကောင်း ကန်ပြုလုပ်၍ တီမွေးမြူကာ သုတေသနပြုဆောင်ရွက်လျက် ရှိသည်။ တီကျစ်စာမြေဆွေးပြုလုပ်ရာတွင် အသုံးပြုရသည့်တီကောင်မျိုးမှာ အာဖရိကတီမျိုး (African Night Crawler) ကဲ့သို့သော မြေမျက်နှာပြင်အပေါ်ယံတွင်နေလေ့ရှိသည့် တီကောင်မျိုးကို ရွေးချယ်အသုံးပြုရမည်ဖြစ်သည်။ တီကောင်များ၏ အစာအဖြစ် ဆွေးမြည့်ကောက်ရိုးနှင့် ကြိတ်ထားသောစပါးခွံမှုန့်များကို အသုံးပြုရမည်ဖြစ်သည်။ အလျား ၆ ပေ၊ အနံ ၃ ပေနှင့် အမြင့် နှစ်ပေခွဲ အရွယ်အစား




တီမြေဆွေးကန်ပြုလုပ်မည်ဆိုပါက ဆွေးမြည့်ကောက်ရိုး ၃၀ ကီလိုဂရမ် (နှစ်ပိဿာ)၊ ကြိတ်ထားသော စပါးခွံမှုန့် ၁၅ ကီလိုဂရမ် (တစ်ပိဿာ)၊ ငှက်ပျောအူ ၃၀ ကီလိုဂရမ် (နှစ်ပိဿာ)နှင့် နွားချေး ၂၂၅ ကီလိုဂရမ် (၁၆ ပိဿာ)ကို အသုံးပြု၍ တီကောင် ၅၀၀ ကောင်ဖြင့် စတင် မွေးမြူရမည်ဖြစ်သည်။

တီမွေးမြူပြီး သုံးလအတွင်း တီကျစ်မြေဆွေး ၄၀၀ ကီလိုဂရမ် ၂၉ ပိဿာအထိရရှိနိုင်ပြီး အရိပ်အောက်တွင် တီကောင်မွေးမြူခြင်းသည် တီကောင်အရေအတွက် ၁၂ ဆအထိ ပွားများနိုင်ကြောင်း ရှာဖွေတွေ့ရှိသည်။ တီကျစ်မြေဆွေးကိုအသုံးပြုခြင်းဖြင့် သီးနှံပင်၏ အပင်ပေါက်ရာခိုင်နှုန်း၊ အာဟာရထောက်ပံ့မှု၊ သီးနှံပင်အမျိုးမျိုးအတွက် အထွက်နှုန်းနှင့်ကြီးထွားမှု၊ မြေဆီလွှာတည်ဆောက်ပုံကောင်းခြင်း၊ ရေနှင့်အာဟာရဓာတ်များ ထိန်းသိမ်းနိုင်စွမ်းကောင်းခြင်းစသည့်အကျိုးကျေးဇူးများကို ရရှိစေမည်ဖြစ်သည်။ မိုးကာစ (သို့မဟုတ်) တာပေါ်လင်စအသုံးပြုကာ အရိပ်ရအခြေအနေတွင် တီကျစ်မြေဆွေး ထုတ်လုပ်ခြင်းအား တောင်သူများအနေဖြင့် ကျေးရွာအဆင့် လွယ်ကူစွာ ဆောင်ရွက်နိုင်ပြီး နည်းပညာအကူအညီများရယူလိုပါက စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ စပါးဇီဝဥယျာဉ်သုတေသနဌာနစုသို့ လာရောက်လေ့လာနိုင်ကြောင်းနှင့် ဌာနမှဖွင့်လှစ်သည့် တောင်သူပညာပေးသင်တန်းများတွင်လည်း လက်တွေ့ပို့ချကာ နည်းပညာများ ဖြန့်ဝေလျက်ရှိကြောင်း သတင်းရရှိသည်။

တီကျစ်မြေဆွေး၏ ဂုဏ်သတ္တိများမှာ တီမြေဆွေးတွင် နိုက်ထရိုဂျင် ၂ ဒသမ ၅၇ ရာခိုင်နှုန်း၊ ဖော့စဖရပ်စ် ၀ ဒသမ ၃၂ ရာခိုင်နှုန်း၊ ပိုတက်စီယမ် ၀ ဒသမ ၉၁ ရာခိုင်နှုန်း၊ ဆာလ်ဖာ ၀ ဒသမ ၃၅ ရာခိုင်နှုန်းနှင့် အော်ဂဲနစ်ကာဗွန် ၃၃ ရာခိုင်နှုန်းပါဝင်ကြောင်း စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ မြေဆီလွှာသုတေသနဌာနစု၏ ဓာတ်ခွဲစမ်းသပ်ချက်အဖြေများအရ သိရသည်။

**စိုက်ပျိုးရေးသုတေသနဦးစီးဌာန**

သင့်လုပ်ငန်းများ
အောင်မြင်တိုးတက်လိုလျှင်
လယ်ယာစီးပွားသတင်းတွင်
ကြော်ငြာပါ။

# ပွင့်လင်းရာသီတွင် ဆည်တမံကြီးများအတွင်း ရေလက်ကျန်အခြေအနေကို ကြိုတင်ချိန်ညှိ တွက်ဆထားရန် လိုအပ် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ မမြရေလှောင်တမံနှင့် ကညင်ရေလှောင်တမံများ စစ်ဆေးစဉ် မှာကြား

နေပြည်တော် ဧပြီ ၇

**မ** ကြာမီ မိုးရာသီကာလကို စတင် ဝင်ရောက်တော့မည်ဖြစ်ရာ ပွင့်လင်းရာသီတွင် ဆည်တမံကြီးများအတွင်း ရေလက်ကျန်အခြေအနေကို ကြိုတင်ချိန်ညှိ တွက်ဆထားရန် လိုအပ်ကြောင်း၊ ဝင်ရေ၊ သိုလှောင်ရေနှင့် ထုတ်လွှတ်အသုံးပြုမှုတို့ ဟန်ချက်ညီစေရန် မိုးလေဝသပညာရှင်များ၏ ကြိုတင်ခန့်မှန်းချက်များ၊ ယခင်နှစ်များ၏ အတွေ့အကြုံတို့ဖြင့် ကြိုတင်စီမံဆောင်ရွက်ထားကြရန် လိုအပ်ကြောင်း ယနေ့နေ့လယ်က ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံနှင့် အင်္ဂပူမြို့နယ်ရှိ ကညင်ရေလှောင်တမံများသို့ ရောက်ရှိစစ်ဆေးစဉ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ဆွေးနွေးပြောကြားသည်။ (ပုံ)



ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် မမြရေလှောင်တမံသို့ရောက်ရှိပြီး ရေပိုလွှဲနှင့် ပင်မတမံတို့အား ကြည့်ရှုစစ်ဆေးရာ ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်က တမံကြံ့ခိုင်မှုကို ပြည်တွင်းပြည်ပ ပညာရှင်များနှင့်စစ်ဆေးပြီးစီးမှု၊ နှစ်စဉ် ပျမ်းမျှစီးဝင်ရေနှင့် ရေသိုလှောင်မှု၊ ရေအားလျှပ်စစ်ထုတ်လုပ်နေမှု၊ စိုက်ပျိုးရေပေးဝေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

မမြရေလှောင်တမံသည် မြေသားတမံအမျိုးအစားဖြစ်ကာ တမံအမြင့် ၁၅၀ ပေ၊ ပင်မတမံအလျား ၁၁၈၀၀ ပေ၊ ကန်ရေပြည့်ရေလှောင်ပမာဏ ၇၁၄၀၀ ဧကပေရှိပြီး နှစ်စဉ်ပျမ်းမျှစီးဝင်ရေ ၁၂၉၀၀၀ ဧကပေ ရှိသည်။

နွေစပါးဧက ၅၆၀၀ ဧကကို စိုက်ပျိုးရေပေးဝေလျက်ရှိသကဲ့သို့ ရေအားလျှပ်စစ်တပ်ဆင်ဓာတ်အား ၂၅၀ ကီလိုဝပ် × နှစ်လုံးအား အလှည့်ကျမောင်းနှင်ပြီး ထွက်ရှိလာသော လျှပ်စစ်ဓာတ်အားကို ပတ်ဝန်းကျင်ကျေးရွာများသို့ ဖြန့်ဖြူးပေးလျက်ရှိသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် အင်္ဂပူမြို့နယ်ရှိ ကညင်ရေလှောင်တမံသို့ရောက်ရှိကြကာ ရေပိုလွှဲနှင့် ပင်မတမံကြံ့ခိုင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား ရေသောက်စနစ်အတွင်းရှိ စိုက်ကွင်းများ အပြည့်အဝစိုက်ပျိုးနိုင်ခြင်းဖြင့် ဆည်ရေကို အကျိုးရှိထိရောက်စွာ အသုံးချနိုင်ရေးအတွက် သက်ဆိုင်ရာများနှင့်ပူးပေါင်းကာ တောင်သူများအား ဆွေးနွေးစည်းရုံးဆောင်ရွက်ရန် လိုအပ်ချက်များ၊ ဆည်တမံများ၏ကြံ့ခိုင်မှုနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးအတွက် အချိန်ပြည့် တာဝန်ချထားကြပ်မတ်ဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

မြေသားတမံအမျိုးအစားဖြစ်သည့် ကညင်ရေလှောင်တမံသည် တမံအမြင့် ၁၉၄ ပေ၊ ပင်မတမံအလျား ၃၇၅၀ ပေ၊ ကုန်းကျောတမံအလျား ၂၈၅၀ ပေရှိပြီး ကန်ရေပြည့်ရေလှောင်ပမာဏ ၁၄၅၀၀၀ ဧကပေရှိသည်။ နှစ်စဉ် ပျမ်းမျှစီးဝင်ရေ ၂၇၃၀၀၀ ဧကပေရှိပြီး ယခုနှစ် နွေစပါးဧက ၈၈၀၀ ဧကကို စိုက်ပျိုးရေ ပေးဝေလျက်ရှိကြောင်း သတင်းရရှိသည်။

**MOALI ပြန်ကြားရေး**



# အရည်အသွေးပြည့် စပါးမျိုးကောင်းမျိုးသန့် စိုက်ပျိုးထုတ်လုပ်ခြင်း နည်းပညာသင်တန်း တောင်ကြီးမြို့တွင် ဖွင့်လှစ်

တောင်ကြီး မတ် ၂၈

**စိုက်** ပျိုးရေးသုတေသနဦးစီးဌာန (DAR)၊ စိုက်ပျိုးရေးဦးစီးဌာန (DOA) နှင့် ကိုရီးယားအပြည်ပြည်ဆိုင်ရာ စိုက်ပျိုးရေး ပူးပေါင်းဆောင်ရွက်မှုစီမံကိန်းအဖွဲ့ (KOPIA - RDA) တို့ ပူးပေါင်းဆောင်ရွက်သည့် "အရည်အသွေးပြည့်မီသော စပါးမျိုးကောင်းမျိုးသန့်ထုတ်လုပ်ခြင်း နည်းပညာသင်တန်း"ကို ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးမြို့ ပြည်နယ်စိုက်ပျိုးရေးဦးစီးမှူးရုံး၌ ယနေ့နံနက် ၉ နာရီက ကျင်းပရာ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ စပါးနှင့်အခြားနှံစားသီးနှံသုတေသနဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာထွန်းရွှေနှင့် သုတေသနပညာရှင်များ၊ စိုက်ပျိုးရေးဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးတင်ဦးကြိုင်၊ ခရိုင်ဦးစီးမှူး ဦးဇော်ဝင်းထွန်း၊ မြို့နယ်ဦးစီးမှူးများ၊ မျိုးစေ့ထုတ်အသင်းများမှ တာဝန်ရှိသူများ၊ ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်အတွင်းရှိ မြို့နယ် ၁၀ မြို့နယ်မှ ဒေသခံတောင်သူများ စုစုပေါင်း ၁၀၀ ဦး တက်ရောက်ကြသည်။

မြန်မာနိုင်ငံတွင် စပါးမျိုးကောင်းမျိုးသန့်ပွားများ ထုတ်လုပ်ခြင်းဆိုင်ရာ လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်၊ စိုက်ပျိုးနည်းစနစ်များ ပိုမိုတိုးတက်ကောင်းမွန်လာစေရန်၊ ရိတ်သိမ်းချိန်လွန်နည်းပညာများ ဖွံ့ဖြိုးလာစေရန်၊ ကျေးရွာမျိုးစေ့ထုတ်အဖွဲ့အစည်းများအတွက် တောင်သူများကိုယ်တိုင် မျိုးကောင်းမျိုးသန့်စိုက်ပျိုးထုတ်လုပ်မှုနည်းစနစ်များ လေ့ကျင့်သင်ကြားပေးရန် စသည့် ရည်ရွယ်ချက်များဖြင့် ယင်းသင်တန်းကို ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

သင်တန်းတွင် စပါးမျိုးစေ့ထုတ်လုပ်ပုံအဆင့်ဆင့်နှင့် ဖြန့်ဖြူးခြင်းစနစ်၊ စိုက်ပျိုးနည်းစနစ်များ၊ ပိုးမွှားနှင့်အပင်ရောဂါကာကွယ်နှိမ်နင်းနည်းများ၊ ပေါင်းမြက်ကာကွယ်နှိမ်နင်းနည်းများ၊ မိဘမျိုးစေ့ထုတ်လုပ်ခြင်း၊ ကွင်းဆင်းစစ်ဆေးခြင်းနှင့် မျိုးစေ့နမူနာယူခြင်းစသည့် ဘာသာရပ်များကို စာတွေ့လက်တွေ့သင်ကြား ပို့ချပေးသည်။

တိုင်းဒေသကြီးများနှင့် ပြည်နယ်အသီးသီးတွင် ပညာပေးသင်တန်းများကို ၂၈ ကြိမ်မြောက်ဖွင့်လှစ်ခြင်းဖြစ်ပြီး ရှမ်းပြည်နယ်တောင်ပိုင်း၌ ဒုတိယအကြိမ်မြောက်သင်တန်းဖြစ်သည်။

သင်တန်းကို မတ် ၂၈ ရက်မှ ၃၀ ရက်အထိ သုံးရက်ကြာပို့ချပေးသည်။

**စိုက်ပျိုးရေးသုတေသနဦးစီးဌာန**

# စိုက်ပျိုးရေးသိပ္ပံ (ဇွဲကပင်) ၂၀၁၉-၂၀၂၀ ပညာသင်နှစ် ဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်း ဆွေးနွေး

ဘားအံ ဧပြီ ၃

**အ** ရည်အသွေးပြည့်ဝသော စိုက်ပျိုးပညာရှင်များ မွေးထုတ်ပေးနိုင်ရန်နှင့် စိုက်ပျိုးရေးသိပ္ပံကျောင်း ဖွံ့ဖြိုးတိုးတက်စေရန် ၂၀၁၉-၂၀၂၀ ပညာသင်နှစ်အတွက် ညှိနှိုင်းဆွေးနွေးပွဲကို ဘားအံမြို့ ဇွဲကပင် စိုက်ပျိုးရေးသိပ္ပံကျောင်း၌ ယမန်နေ့မွန်းလွဲ ၂ နာရီက ကျင်းပရာ ကရင်ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဦးစောမြင့်ဦး၊ စိုက်ပျိုးရေးဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူး ဦးသန်းထိုက်၊ စိုက်ပျိုးရေးသိပ္ပံ (ဇွဲကပင်)ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြည်ကြည်ချို၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ မျိုးစေ့ ထုတ်လုပ်သူများအသင်းအဖွဲ့၊ Mr.ToshrioMado (Nippon Foundation - တာဝန်ခံ) နှင့်အဖွဲ့တို့ တက်ရောက်ကြသည်။



အဆိုပါအစည်းအဝေး၌ ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြည်ကြည်ချိုက စိုက်ပျိုးရေးသိပ္ပံကျောင်းများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (NICHE - MMR 277 Project) ဆိုင်ရာ အချက်အလက်များ ရှင်းလင်းတင်ပြဆွေးနွေးရာ ပြည်နယ်ဝန်ကြီးနှင့် တက်ရောက်လာသူများက စိုက်သိပ္ပံသင်ရိုးညွှန်းတမ်းရေးဆွဲရာတွင် ထည့်သွင်းရမည့်ဒေသဆိုင်ရာ အခြေခံလိုအပ်ချက်များကို ဆွေးနွေးကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီး ဦးစောမြင့်ဦးက သီးနှံတစ်ခုအား စိုက်ပျိုးထုတ်လုပ်သည်မှ ဈေးကွက်သို့တင်ပို့ရောင်းချသည်အထိ Supply Chain တစ်လျှောက် သိသင့်သိထိုက်သည်များကို ကျောင်းသူ၊ ကျောင်းသားများ သိရှိစေရန် လိုအပ်ကြောင်း၊ အရည်အသွေးမြင့်ထုတ်ကုန်များအား အခြေပြု၍ ရိတ်သိမ်းချိန်လွန်နည်းပညာများနှင့် ဈေးကွက်မြှင့်တင်ရေးဆိုင်ရာ သင်ရိုးညွှန်းတမ်းများ ထည့်သွင်းရေးဆွဲရန် လိုအပ်ကြောင်း ဖြည့်စွက်ဆွေးနွေးသည်။

**ရီရီစိန်**